

ပထမပိုင်း

နန္ဒကျော်သူ

# ရေအောက်နန်းတော်

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၇၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၁၀၁၀၈
၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၃)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

"သိမ်းငှက်သိုက်"

အသိုက်တစ်ခု မဟုတ်ပါ။

အခန်းတစ်ခန်း ဖြစ်ပါသည်။

ထိုအခန်းသည် သိမ်းငှက် လောက်ချစ်၏ အခန်းဖြစ်ပါသည်။

ထိုအခန်းကို အားလုံးက "သိမ်းငှက်သိုက်" ဟု အမည်ပေးထား၏။

ယခု ထိုအခန်းထဲ၌ လူနှစ်ယောက် ရှိနေ၏။

တစ်ယောက်က "ချုလျှုရှမ်း" ဖြစ်ပြီး ကျန်တစ်ယောက်က သိမ်းငှက် လောက်ချစ်ဖြစ်၏။

သိမ်းငှက်လောက်ချစ်သည် နေပြည်တော်က အားထားရသော ထောက်လှမ်းရေးမှူးချုပ် ဖြစ်၏။

သူသည် ချုလျှုရှမ်း တင်ပြသမျှကို ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ပြီးမှ မျက်မှောင် မသိမသာ ကြုတ်ကာ ...

"မေလင်းဟုန်ဟာ မိုးစွေငှက် အစစ် မဟုတ်ဘူးလို့ ပြောချင်တာလား"

ချူလျှူဂုမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

လောက်ချစ်က မျက်မှောင်ကြုတ်ကာ ...

"မေလင်းဟုန် ကိုယ်တိုင် ဝန်ခံနေပြီပဲ"

ချူလျှူဂုမ်းက နှာခေါင်းတစ်ချက် ပွတ်သပ်လိုက်ပြီး ...

"မေလင်းဟုန်ဟာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားတယ်လို့ ကျွန်တော် ထင်ပါတယ်"

လောက်ချစ်က မျက်မှောင်ကြုတ်ကာ ...

"ဘာလဲ ... တရားခံအစစ်ကို ဖုံးကွယ်ထားတာလား"

ချူလျှူဂုမ်းက မျက်မှောင်ကြုတ်ကာ ...

"ဟုတ်ပါတယ်"

လောက်ချစ်က ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ဘဏ္ဍာတော်ကို လုယက်တဲ့အပြစ်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ မသိဘူးလား"

"သူ့အကြောင်း တစ်ခုခု ရှိလို့ ဖြစ်ပါလိမ့်မယ်"

လောက်ချစ်က သက်ပြင်းချကာ ...

"ဒီတော့ မင်းက ဘယ်လိုလုပ်စေချင်တာလဲ"



ချူလျှူဂုမ်းက ...

"တရားခံအစစ်ကို မဖော်ထုတ်နိုင်သမျှ ဒီလိုအပြစ်တွေ ဆက်ဖြစ်နေမှာပဲ၊ ဒါကြောင့် တရားခံအစစ်ကို ဖော်ထုတ်နိုင်ဖို့ ကျွန်တော်တို့ မေလင်းဟုန်ကို ပြန်ပြီး အသုံးချမှဖြစ်မယ်"

လောက်ချစ်က တစ်ချက်စဉ်းစားလိုက်၏။

ပြီးမှ ...

"ရေနက်ချောက်ကမ်းပါးသခင်မက မိုးစွေငှက်လား"

ချူလျှူဂုမ်းက ပခုံးတွန့်ကာ ...

"သိမ်းငှက်လောက်ချစ်လည်း မိုးစွေငှက် ဖြစ်နိုင်တာပဲ"

လောက်ချစ်က သက်ပြင်းချလိုက်ပြီး ...

"ကောင်းပြီ ... မင်းပြောတဲ့အတိုင်း ကျုပ် လုပ်ပေးမယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

ချူလျှူဂုမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ပြောပါ"

လောက်ချစ်က လက်တစ်ချောင်းထောင်ပြကာ ...

"အချိန်တစ်လပဲရမယ်"

ချူလျှူဂုမ်းက ပြုံးလိုက်ပြီး ...

"စိတ်ချပါ၊ တစ်လအတွင်း မိုးစွေငှက်အစစ်ကို ဖော်ထုတ်ပေးပါ့မယ်"

ဟု ပြောလိုက်ပြီးနောက် သိမ်းငှက်သိုက်ထဲမှ ထွက်လာခဲ့လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ကန်သာယာ စားသောက်ဆိုင် ...။

အမည်နှင့် လိုက်ဖက်အောင်ပင် ထိုစားသောက်ဆိုင်သည် ရေကန် တစ်ကန်၏အပေါ်၌ တည်ဆောက်ထား၏။

စားသုံးသူများသည် စားရင်းသောက်ရင်း ရေကန်၏ အလှကို ခံစားနိုင်၏။

ရေကန်ထဲ၌ ကြာပန်းများ ရောင်စုံဖူးပွင့်နေ၏။

ထို့အပြင် ရေကန်ထဲ၌ အလှမီးပုံးများကို ချိတ်ဆွဲထွန်းညှိထား၏။

ရေကန်ကို ဖြတ်၍ တိုက်ခတ်လာသော လေပြည်လေညင်းက စားသုံးသူများ၏ အမောအပန်းကို ဖြေဖျောက်ပေး၏။

ထိုစားသောက်ဆိုင်မှ ဝန်ထမ်းများ၏ ဝန်ဆောင်မှုက အထူးကောင်းမွန်ပြီး ထိုဆိုင်၏ "ရွှေငါးကြင်း" ကြော်က ဤနယ်တစ်ဝိုက် မိုင်(၁၀၀) အတွင်း ပြိုင်ဘက်ကင်း၏။

ယခု ထိုစားသောက်ဆိုင်၏ ရေကန်ဘက်သို့ မျက်နှာမူထားသော ထောင့်စားပွဲဝိုင်း၌ လူရှစ်ယောက် စားသောက်နေ၏။



ထိုလူရှစ်ယောက်မှာ ချူလှူချူရှမ်းတို့ လူစုဖြစ်၏။

လီယို့ဟန်နှင့် မေလင်းယုန်တို့က ချူလှူချူရှမ်းတို့ကို ညစာဖြင့် တည်ခင်းဧည့်ခံခြင်းဖြစ်၏။

သူတို့သည် စားသောက်ရင်း ထွေရာလေးပါး ပြောဆိုနေရာမှ ချူလှူချူရှမ်းက "ရေနန်းဒေဝီ" ၏ အမည်ကို ပြောလိုက်၏။

ထိုအမည်ကို ကြားလိုက်ရသောအခါ ဂူးထိဝါး၏ ခန္ဓာကိုယ်သည် တုန်လှုပ်သွား၏။

ဂူးထိဝါး၏ မျက်နှာသည် သေမင်းရောင်ခြည်ဆေးများဖြင့် သုတ်လိမ်းခံလိုက်ရသကဲ့သို့ ခြောက်သွေ့၍သွား၏။

စုယုံယုံ၊ လီဟုန်နှင့် စုံထန်တို့သည် မျက်စိမျက်နှာပျက်ကာ စားလက်စ အစားအသောက်များကို မစားနိုင်အောင် ဖြစ်သွား၏။

ဤသို့ဆိုလျှင် ရေနန်းဒေဝီသ် မည်သူနည်း။

အဘယ်ကြောင့် ထိုအမည်ကို ကြားလိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားရသနည်း။

ရေနန်းဒေဝီ၌ ထူးခြားသော လျှို့ဝှက်သော တန်ခိုးများ ရှိနေသလော ...။

ဂူးထိဝါးတို့သည် ထိုအမည်ကိုကြားရုံဖြင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များနှင့် ကြုံတွေ့ရတော့မည်ဟု ခံစားလိုက်ရ၏။

သူတို့၏ ခြေဖျား လက်ဖျားများသည် အေးစက်၍လာ၏။

သို့သော် ... ထိုအမည်ကို ကြားလိုက်သော်လည်း လုံး၀ တုန်လှုပ်ချောက်ချားသွားခြင်း မရှိရသာ လူတစ်ယောက်ရှိ၏။

ထိုလူမှာ "ပုလဲနက်" ဖြစ်၏။

ပုလဲနက်သည် ရေနန်းဒေဝီဟူသော အမည်ကို ကြားလိုက်ရသောအခါ မျက်မှောင်ကြုတ်ကာ ...

"နေပါဦး ... ရေနန်းဒေဝီဆိုတာ ဘယ်သူလဲ"

ဟု ပြန်မေးလိုက်၏။

ပုလဲနက်၏ အမေးစကားကြောင့် ဝူးထိဝါးတို့သည် ပုလဲနက်ကို အံ့ဩဟန်ဖြင့် မျက်လုံးပြူး၍ ဝိုင်းအုံကြည့်လိုက်ရ၏။

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ရေနက်ချောက်ကမ်းပါးရဲ့ နတ်ရေကန်က သခင်မ"

ဟု ပြောလိုက်၏။

ထိုအခါမှ ပုလဲနက်သည် မျက်လုံးပြူးကာ မျက်စိမျက်နှာပျက်သွားပြီး ...

"ရေနက်ချောက်ကမ်းပါး သခင်မလား"

ဟု ထပ်၍ မေးလိုက်၏။

ဝူးထိဝါးက ...

"ဟုတ်တယ်"



ဟု ဝင်ရောက်ပြောလိုက်၏။

ပုလဲနက်က သက်ပြင်းချကာ ...

"ဒါကြောင့် ကြားဖူးပါတယ်လို့ ထင်နေတာ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"မင်းက ဘာတွေကြားဖူးလို့လဲ"

ပုလဲနက်က ဝူးထိဝါးကို လှမ်းကြည့်ပြီး ...

"သူဟာ လူထူးလူဆန်း တစ်ယောက်လို့ ကြားဖူးတာပဲ၊ ပြီးတော့ သူဟာ အဆင့်မြင့် ထိပ်သီးသိုင်းသမားတစ်ယောက်လို့လည်း ကြားဖူးတယ်"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ပုလဲနက်က သူမ၏ လက်သည်းကို သွားဖြင့် တစ်ချက်ကိုက်လိုက်ပြီး ...

"နောက်ပြီး ကျွန်မ ကြားဖူးတာ တစ်ခုရှိသေးတယ်"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဘာများလဲ"

ပုလဲနက်က ချူလျှူရှမ်းကို လှမ်းကြည့်ကာ ...

"သူက ယောကျ်ားတွေကို အတော်မုန်းတီးတယ်လို့ ကြားဖူးတယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

မေလင်းဟုန်က ...

"သူဟာ ယောကျ်ားတွေကို မုန်းတီးလွန်းလို့ သူ့ရဲ့ ရေအောက်နန်းတော်မှာ ယောကျ်ားဆိုလို့ တစ်ယောက်မှ မထားဘူး"

ပုလဲနက်က တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ...

"သူက မတရားတာကို မကြိုက်ဘူး၊ မတရားတာကိုလည်း သူကိုယ်တိုင်က လုံးဝမလုပ်ဘူး၊ နောက်ပြီး သူကဘယ်သူ့ကိုမှ ရန်မရှာဘူး"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... သူ့ကို ရန်မစရင် သူက ရန်မရှာပါဘူး"

ပုလဲနက်က ချူလျှူရှမ်းကို မျက်လုံးပြူး၍ကြည့်ကာ ...

"ဒါဆို ရှင်က သူ့ကိုသွားပြီး ရန်စမိလို့လား"

ချူလျှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ကျုပ်ကလည်း သူနဲ့သွားပြီး ထိပ်တိုက်ရင်ဆိုင်မိတာကိုး"

ချူလျှူရှမ်း၏ စကားကြောင့် မေလင်းဟုန်သည် အလွန်အံ့သြသွားပြီး ...

"ရှင်နဲ့ သူနဲ့ ရန်ငြိုးရှိတာ ကျွန်မ လုံးဝမသိခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကျွန်မက မမေးရဲလို့ပဲ"



ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"လွန်ခဲ့တဲ့ သုံးလလောက်က ဆိုပါတော့ ... သူ့ရဲ့ ရေအောက်နန်းတော်က ပစ္စည်းတစ်ခု ပျောက်သွားတယ်"

ဝူးထိဝါးက နှာခေါင်းရှုံ့တ်ကာ ...

"ဘာပစ္စည်းလဲ ..."

ချူလျှူရှမ်းက ...

"နတ်ဆေးရည်ဆိုတဲ့ ဆေးရည်ပုလင်းပါ၊ အလွန်တန်ဖိုးရှိတဲ့ ဆေးရည်ပါ"

ပုလဲနက်က မျက်မှောင်ကြုတ်ကာ ...

"အဲဒါ ရှင်နဲ့ ဘယ်လိုပတ်သက်လဲ"

ချူလျှူရှမ်းက ပခုံးတစ်ချက်တွန့်ကာ ...

"သူတို့က ကျုပ် ခိုးသွားတယ်လို့ ထင်နေတယ်လေ"

ပုလဲနက်က မျက်မှောင်ကြုတ်ကာ ...

"နေပါဦး ... သူတို့က ဘာဖြစ်လို့ ဒီလို ရှင့်ကို စွပ်စွဲရတာလဲ"

ချူလျှူရှမ်းက ပခုံးနှစ်ဖက်ကို တွန့်ပြရင်း ...

"ဒါကတော့ သူတို့ရဲ့ ရေအောက်နန်းတော်ထဲကို ကျုပ်တစ်ယောက်ပဲ ရောက်နိုင်တယ်လို့ ယူဆထားလို့ပါ"

ပုလဲနက်က မျက်မှောင်ကြုတ်ရင်း ...

"တခြားလူတွေကို ဘာဖြစ်လို့ မစဉ်းစားတာလဲ"

ချူလျှူရှမ်းက ပြုံးကာ...

"အဲဒီ နေရာဟာ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး"

ပုလဲနက်က ချူလျှူရှမ်းကို တစ်ချက်ရှုးစိုက်ကြည့်လိုက်ပြီး...

"ဒါဆို... ရှင်က ဘယ်မှာရှိတယ်ဆိုတာ သိတယ်ပေါ့"

ချူလျှူရှမ်းက ပြုံး၍ ဦးခေါင်းခါယမ်းကာ...

"မသိဘူး..."

ပုလဲနက် မျက်လုံးပြူးကာ...

"ဘာဖြစ်လို့လဲ"

ချူလျှူရှမ်းက ပခုံးနှစ်ဖက်ကို တွန့်၍ လက်ကာပြလိုက်ပြီး...

"ကျုပ်မှ မရောက်ဖူးတာ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ရုတ်တရက် တိတ်ဆိတ်သွား၏။

ဂူးထိဝါးမှ အစ ကျန်လူအားလုံးသည် ချူလျှူရှမ်းကို ဝိုင်း၍ ကြည့်နေ၏။

အတန်ကြာမှ ဂူးထိဝါးက သက်ပြင်းချကာ...



"ဒါဆို နတ်ဆေးရည်ကို မင်းက မခိုးခဲ့ဖူးပေါ့"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်"

ဂူးထိဝါးက မျက်မှောင်ကြုတ်ရင်း...

"ဒါဆို ဘယ်သူခိုးတာလဲ"

ချူလျှူရှမ်းက ပခုံးတွန့်ပြကာ...

"ဘယ်သူခိုးတယ်ဆိုတာ သိမှတော့ ရေနန်းဒေဝီက ကျုပ်ရဲ့ ဦးခေါင်းကို ဘာဖြစ်လို့ လိုချင်တော့မှာလဲ"

ဂူးထိဝါးက လေပူတစ်ချက် မှုတ်ထုတ်ပြီး...

"မင်း ခိုးတာမှမဟုတ်ဘဲ ဘာဖြစ်လို့ ရေနန်းဒေဝီကို သွားတွေ့မှာလဲ"

ချူလျှူရှမ်းက ပြုံးကာ...

"သူ့ဆီမှာ အဆိပ်ဖြေဆေးရှိတယ်လေ"

မေလင်းဟုန်က လက်ကာပြကာ...

"ကျွန်မအတွက်ဆိုရင်တော့ မသွားပါနဲ့၊ အစ်ကိုချူလျှူရှမ်းရဲ့ ကျေးဇူးတွေက များလှပါပြီ၊ ကျွန်မအတွက် ဘာမှ မလုပ်ပေးပါနဲ့တော့..."

ချူလျှူရှမ်းက ပြုံးကာ...

"မင်းအတွက် မသွားရင်တောင် ကျုပ်က ကျုပ်အတွက် သွားရမှာပဲ"

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"ရှင် မသွားရင် ကောင်းမယ်"

ချူလှူယူရှမ်းက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ ..."

မေလင်းဟုန်က သက်ပြင်းချရင်း ...

"အန္တရာယ် သိပ်များတယ်"

ချူလှူယူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ဒါပေမယ့် ရေနန်းဒေဝီက နေမှာလား၊ သူက ကျုပ်အပေါ် အထင်လွဲနေတာ စိတ်ကျေနပ်မှာ မဟုတ်ဘူး၊ နောက်ထပ် လူသတ်သမားကို ငှားပြီး ကျုပ်ကို မလုပ်ကြဲဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ"

မေလင်းဟုန်က သက်ပြင်းချကာ ဦးကေါင်းကို ငုံ့ထားလိုက်၏။

ချူလှူယူရှမ်းက ပြုံးလိုက်ပြီး ...

"သူတို့မလာခင် ကျုပ်က သွားပြီး တွေ့လိုက်တာ ပိုကောင်းမယ် ထင်တယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ပိုးဟပ်ဖြူ၊ ရေနန်းဒေဝီဟာ မတရားတာကို မကြိုက်ဘူး၊ သူကိုယ်တိုင်ကလည်း မတရားမလုပ်ဘူး၊ ဒီတော့ မင်းက



သူ့ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်ရင် သူက လက်ခံလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်"

ဟု ထောက်ခံပြောဆိုလိုက်၏။

မေလင်းဟုန်က သက်ပြင်းချကာ ...

"အဲဒီလောက် လွယ်ပါ့မလား"

ဝူးထိဝါးက ပြုံးကာ ...

"မပူပါနဲ့ ... သူက နိုင့်ထက်စီးနင်းလုပ်လာရင် ကျုပ်တို့က သူ့ကို ကောင်းကောင်း ဆုံးမလိုက်မှာပေါ့"

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"ရှင်က သူတို့နေရာကို မရောက်ဖူးလို့ပါ၊ အဲဒီမှာ ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ မသိသေးလို့ပါ"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"နေပါဦး ... ဘယ်လောက်အန္တရာယ်ကြီးလို့လဲ ... အဲဒီနေရာက ငရဲပြည်လား"

ဝူးထိဝါး၏ စကားကို မေလင်းဟုန်က အဖြေမပေးမီ ရယ်ပုံယုံက ...

"ငရဲပြည်နဲ့တော့ မတူဘူး၊ အဲဒီနေရာက အင်မတန် သာယာပြီး အင်မတန် လှပတဲ့နေရာတစ်ခုပဲ၊ နတ်ဘုံနတ်နန်းလားလို့တောင် ထင်ရတယ်"

ဟု ဝင်၍ပြောလိုက်၏။

စုယုံယုံ၏ စကားကြောင့် ဂူးထိဝါးသည် မျက်လုံးပြူးသွားပြီး ...

"မင်းက ရောက်ဖူးလို့လား"

ဟု မေးလိုက်၏။

ဂူးထိဝါး၏ စကားကို စုယုံယုံက မဖြေမီ ချူလှူရှမ်းက ဝင်ရောက်၍ အဖြေပေးလိုက်၏။

"စုယုံယုံမှာ အဒေါ်တစ်ယောက်ရှိတယ်လေ၊ သူ့အဒေါ်က ရေနန်းဒေဝီရဲ့ တပည့်တစ်ယောက်ပဲ"

ချူလှူရှမ်း၏ စကားကြောင့် ဂူးထိဝါးသည် စုယုံယုံကို တအံ့တဩဖြင့် ကြည့်လိုက်မိ၏။

ချူလှူရှမ်းက ပြုံးကာ ...

"စုယုံယုံ မင်းရောက်ဖူးတဲ့ ရေအောက်နန်းတော်က ကြောက်စရာ မကောင်းဘူးလား"

စုယုံယုံက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ဟင့်အင်း ... ကြောက်စရာ မကောင်းဘူး၊ အရမ်းကို နေချင်စဖွယ်ကောင်းတဲ့ နေရာလေးတစ်ခုပါ"

ဟု ပြောလိုက်ပြီး သူမ ရောက်ခဲ့စဉ်ကအကြောင်းကို ပြောပြလိုက်၏။



ဂူးထိဝါးက ပြုံးကာ ...

"အင်း ... မင်းပြောသလိုဆို အဲဒီနေရာက မိန်းမလှကျွန်းလို့ ပြောရမှာပဲ"

စုယုံယုံက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... အဲဒီမှာ ကျွန်မရှိတုန်းက ယောကျ်ားဆိုလို့ တရားဟောဆရာတစ်ယောက်ပဲ တွေ့ခဲ့တယ်"

စုယုံယုံ၏ စကားကြောင့် ဂူးထိဝါးသည် မျက်မှောင်ကြုတ်ကာ ...

"တရားဟောဆရာ ဟုတ်လား"

စုယုံယုံက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... အဲဒီ တရားဟောဆရာက ဂူးဝါးလို့ ဒေါ်ဒေါ်က ပြောပါတယ်"

ဂူးထိဝါး မျက်မှောင်ကြုတ်ကာ ...

"သူက သီလရှင်ကျောင်းထဲမှာ တရားဟောတာလား ဟုတ်လား"

စုယုံယုံက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ပါဘူး၊ သူက ရေတံခွန်အနီးမှာရှိတဲ့ ကျောက်တုံးပေါ်မှာ ထိုင်ပြီး တရားဟောတာပါ"

ဂူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဒါဆို ... မင်းတို့က သီလရှင်ကျောင်းထဲကနေပြီး တရားနာကြရတယ်ပေါ့"

စုယုံယုံက ဦးခေါင်းခါယမ်းကာ ...

"ဟင့်အင်း ... ဘယ်သူမှ တရားမနာကြဘူး"

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"ဟေ ... ဒါဆို ဘယ်သူက တရားနာတာလဲ"

စုယုံယုံက ...

"ဟုတ်တယ် ... ကျွန်မလည်း ဒေါ်ဒေါ့ကို အဲဒီလို မေးကြည့်ခဲ့တယ်"

ဝူးထိဝါးက ...

"ဘာပြောလဲ"

"စုယုံယုံက မျက်ခုံးပင့်ကာ ...

"ရေနန်းဒေဝီက တရားနာနေတာတဲ့"

ဝူးထိဝါးက မျက်လုံးပြူးကာ ...

"သူက ဘယ်ကနေ တရားနာနေတာလဲ"

စုယုံယုံက ဦးခေါင်းခါယမ်းကာ ...

"ဒေါ်ဒေါ်က ပြောမပြဘူး"

ချူလျူကျွမ်းက ပြုံးလိုက်ပြီး ...

"အင်း ... ရေအောက်နန်းတော်ဟာ နေချင်စဖွယ်ကောင်းတဲ့



နေရာ တစ်ခုထက် လှို့ဝှက်မှုတွေ များတဲ့နေရာပဲ ဖြစ်မယ်ထင်တယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"ကောင်မလေးတွေ ဒီလောက်များနေတာ၊ ကျုပ်ကတော့ ပျော်စရာကောင်းတဲ့ နေရာတစ်ခုလို့ ထင်တာပဲ"

ထိုစဉ် မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"မဟုတ်ဘူး ..."

ဟု ကန့်ကွက်ပြောဆိုလိုက်၏။

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"

မေလင်းဟုန်က ...

"ကျွန်မလည်း ရေအောက်နန်းတော်ကို ရောက်ခဲ့တာ ရှင်တို့သိတယ် မဟုတ်လား"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... မင်းက သူ့ဆီက အဆိပ်ဖြေဆေးတောင်းဖို့ ရောက်ခဲ့တာ မဟုတ်လား"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ဒါပေမယ့် ကျွန်မ ရောက်ခဲ့တဲ့ ရေအောက်နန်းတော်ဟာ စုယုံယုံ ပြောတာနဲ့ တခြားစီပဲ"

ဟု ပြောလိုက်၏။

မေလင်းဟုန်၏ စကားကြောင့် ဝူးထိဝါးသည် အံ့သြသွားပြီး ...

"ဟေ ... မင်းရောက်ခဲ့တဲ့ ရေအောက်နန်းတောင်ဟာ စုယုံယုံ ရောက်ခဲ့တဲ့ ရေအောက်နန်းတော်နဲ့ တခြားစီ ဟုတ်လား"

ဟု တအံ့တသြဖြင့် မေးလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျွန်မ ရောက်ခဲ့တဲ့ ရေအောက်နန်းတော်ဟာ ငရဲပြည်နဲ့ မခြားပါဘူး"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

မေလင်းဟုန်၏ စကားကြောင့် စုယုံယုံပင် တအံ့တသြဖြစ်သွား၏။

ကျန်လူများကလည်း မေလင်းဟုန်ကို တအံ့တသြဖြင့် ကြည့်လိုက်ကြ၏။

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး ...

"ကျွန်မမှာ စုယုံယုံလို အဒေါ်မရှိတော့ ရေအောက်နန်းတော်ကို အချိန်အတော်ကြာအောင် စုံစမ်းရှာဖွေခဲ့ရပါတယ်၊ နောက်ဆုံးမှာ



ရေအောက်နန်းတော်ကို သွားချင်ရင် အရင်ဆုံး အဲဒီ တောင်ကြားထဲက သီလရှင်ကျောင်းကို အရင်ရှာရမယ်ဆိုတာ သိခဲ့ရပါတယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဒါဆို ရေအောက်နန်းတော်ဟာ သီလရှင်ကျောင်းနဲ့ ဆက်စပ်မှု ရှိနေတယ်ပေါ့"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ဒါပေမယ့် အဲဒီ သီလရှင်ကျောင်းဟာ ခံ့ခံ့ညားညား မဟုတ်ဘူး၊ အလွန် အိုမင်းနေတဲ့ သီလရှင်ကျောင်းပါ၊ ပြီးတော့ သီလရှင်ကျောင်းမှာ သီလရှင် တစ်ပါးပဲရှိတယ်၊ အဲဒီ သီလရှင်ဟာ အသက် (၇၀) ကျော်နေပြီး ပြီးတော့ နားလည်းထိုင်းတယ်၊ စကားလည်း မပြောတတ်ဘူး"

မေလင်းဟုန်က စကားကို ခေတ္တရပ်တန့်လိုက်ပြီး စားပွဲမှ လူများကို တစ်ချက်ကြည့်လိုက်၏။

လူတိုင်းက မေလင်းဟုန်၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေ၏။

မေလင်းဟုန်က ဦးခေါင်းညိတ်လိုက်ပြီး ...

"တကယ်လို့ ရှင်ဟာ ရေအောက်နန်းတော်ကို သွားချင်ရင် အဲဒီ သီလရှင်ဆီကို သွားချင်တဲ့ အကြောင်းရင်းကို ပြောပြရပါတယ်"

မေလင်းဟုန်၏ စကားကြောင့် ဝူးထိုဝါးသည် မျက်မှောင်ကြုတ်ကာ ...

"နေပါဦး ... အဲဒီ သီလရှင်က နားလည်းမကြားဘူး၊ စကားလည်း မပြောတတ်ဘူးဆို... "

မေလင်းဟုန် ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ဒီသီလရှင်ကြီးက သူ့ကိုလာပြီး အကူအညီတောင်းတဲ့ လူကို သူက ရေအောက်နန်းတော်ကို ခေါ်မသွားချင်ရင် နားလည်းထိုင်းတယ်၊ အ,လည်း အ,နေတယ်၊ သူ့ကို ဘယ်လောက်ပဲ အသနားခံခံ သူက မသိသလိုပဲနေတယ်၊ အဲ ... သူက ပို့ပေးချင်ရင်တော့ နားလည်းကြားတယ်၊ စကားလည်းပြောတယ်"

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"အင်း ... အတော်ပညာပါတာပဲ"

မေလင်းဟုန်က သက်ပြင်းချကာ ...

"ကျွန်မက သူ့ကိုတွေ့ပြီး ရေအောက်နန်းတော်ကို သွားချင်တဲ့အကြောင်း ပြောပြခဲ့တယ်၊ သူက အတော်ကြာတဲ့အထိ ကျွန်မကို ငေးကြည့်နေတယ်၊ ဘာမှလည်း ပြန်မပြောဘူး၊ အတော်ကြာမှ သူက ကျွန်မကို ရေနွေးကြမ်းတစ်ခွက် လှမ်းပေးတယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"မင်းက သောက်လိုက်လား"



မေလင်းဟုန်က ...

"ဟုတ်ကဲ့ ... ကျွန်မ သောက်လိုက်ပါတယ်"

ဝူးထိဝါးက ဦးခေါင်းခါယမ်းကာ ...

"မင်းက ဘာဖြစ်လို့ စိတ်ချ လက်ချ သောက်ရတာလဲ"

မေလင်းဟုန်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ပထမတော့ ကျွန်မလည်း မသောက်ဝံ့ပါဘူး၊ ဒါပေမယ့် နောက်ဆုံး ဘာပဲဖြစ်ဖြစ် သေချင်လည်း သေပါစေ ဆိုပြီး သောက်လိုက်တာပဲ"

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"သောက်လိုက်တော့ ... "

မေလင်းဟုန်က သက်ပြင်းချကာ ...

"ရေနွေးကြမ်း သောက်ပြီးတာနဲ့ ကျွန်မ အိပ်ပျော်သွားတယ်၊ အဲ ... သတိလစ်သွားတယ်၊ သတိပြန်ရလာတဲ့အချိန်မှာ ကျွန်မဟာ ကြိမ်နဲ့လုပ်ထားတဲ့ သေတ္တာတစ်လုံးထဲကို ရောက်နေတယ်၊ သေတ္တာတစ်ခုလုံးဟာ ရေထဲမှာ စိမ်ထားတဲ့အတိုင်း ရေစိုနေတယ်၊ ပြီးတော့ ကျွန်မ တစ်ကိုယ်လုံးလည်း ရေစိုနေတယ်"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော လီယို့ဟန်က သက်ပြင်းချလိုက်၏။

မေလင်းဟုန်က ...

"ကျွန်မလည်း ထိတ်ထိတ်လန့်လန့်နဲ့ သေတ္တာကို တွန်းကြည့်လိုက်တော့သေတ္တာအဖုံးက ပွင့်သွားတယ်၊ သော့ခတ်မထားဘူး၊ ဒါနဲ့ ကျွန်မလည်း သေတ္တာထဲက ထွက်ခဲ့တယ်"

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"သီလရှင်ကျောင်းထဲမှာ မဟုတ်တော့ဘူး မဟုတ်လား"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျွန်မဟာ လိုဏ်ဂူတစ်ခုထဲကို ရောက်နေပါတယ်၊ လိုဏ်ဂူဟာ စိုထိုင်းပြီး အနံ့အသက်ကလည်း မကောင်းဘူး၊ နေရာထိုင်ခင်းက ပုပ်အက်အက်အနံ့ ထွက်နေတယ်၊ ပြီးတော့ အလင်းရောင် မရှိဘူး၊ အဲ ... ရေစီးသံတော့ ကြားနေရတယ်"

ချူလျူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပြီ ... ရေအောက်နန်းတော်မှာ စီးဆင်းနေတဲ့ရေ ရှိရမယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"ရေအောက်နန်းတော်ပါဆိုမှ ရေရှိမှာပေါ့၊ ဘာလဲ ... မင်းက အရက်ရှိမယ်ထင်လို့လား"

ချူလျူရှမ်းက ပခုံးတွန့်ကာ ...

"အရက်ရှိရင်လည်း အကောင်းဆုံးအရက် ဖြစ်မှာပဲ"



ဟု ပြောလိုက်၏။

မေလင်းဟုန်က သူမ၏ စကားကို ဆက်ပြော၏။

"ကျွန်မဟာ လိုဏ်ဂူထဲမှာ ဘာမှမမြင်ရဘဲ စမ်းတဝါးဝါးနဲ့ လျှောက်လာခဲ့တယ်၊ လိုဏ်ဂူဟာ ဘယ်လောက် ရှည်လျားမှန်း ကျွန်မ မသိဘူး"

မေလင်းဟုန်သည် စကားကို ခေတ္တရပ်တန့်လိုက်ပြီး အရက်ကို တစ်ငုံသောက်လိုက်၏။

ပြီးမှ သူမ၏ စကားကို ဆက်၍ပြော၏။

"လိုဏ်ဂူထဲမှာ အလင်းရောင်မရှိလို့ ဘာကိုမှ ကျွန်မ မမြင်ရဘူး၊ ရေစီးသံကလွဲပြီး ဘာသံမှ မကြားရဘူး၊ အဲ ... အနံ့ကတော့ ပထမ စိုးထိုင်းတဲ့အနံ့ပဲ၊ နောက် ရွှံ့ပုပ်နံ့လိုလို ဘဲဥပုပ်နံ့လိုလို အနံ့ရတယ်၊ လျှောက်သွားရင်း မီးလောင်ထားတဲ့ အနံ့မျိုးရတယ်၊ ပစ္စည်းတစ်ခုကို မီးလောင်တဲ့ အနံ့မျိုးမဟုတ်ဘူး၊ အသားကို မီးကင်တဲ့ အနံ့မျိုး၊ ပြီးတော့ ... သွေးညှီနံ့လည်း ရတယ်၊ သံချေးနံ့လည်း ရတယ်"

သူမ၏ မျက်နှာသည် စကားပြောဆိုနေရင်း တဖြည်းဖြည်းနှင့် ဖြူဖပ်ဖြူရော် ဖြစ်လာ၏။

သူမ၏ မျက်နှာပေါ်၌ တုန်လှုပ်ချောက်ချားသော အမူအရာ ဖြစ်ပေါ်လာ၏။

သူမက သက်ပြင်းချရင်း ...

"ကျွန်မ မျက်လုံးတွေက ဘာမှမမြင်ရတော့ အဲဒီအနံ့တွေ ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာကိုမသိပါဘူး၊ ဒါပေမယ့် ဘာကြောင့် မသိဘူး၊ ကျွန်မရဲ့စိတ်ထဲမှာ တုန်လှုပ်ချောက်ချားလာတယ်"

ဂူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဒီအနံ့ အသက်တွေက မင်းကို ဘယ်လို ဒုက္ခပေးလို့ ချောက်ချားလာရတာလဲ"

မေလင်းဟုန်က သက်ပြင်းချကာ ...

"ဟုတ်ပါတယ် ... ကိုယ်တိုင် မကြုံဖူးတဲ့ လူတွေအတွက် ဒီနံ့ အသက်တွေဟာ ဘယ်လိုမှ ထိတ်လန့် ချောက်ချားမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ်တိုင်ကြုံတွေ့တဲ့အခါ အဲဒီအနံ့အသက်တွေဟာ လောကပေါ်မှာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ သိသာမှာပါ"

ဂူးထိဝါးက ဦးခေါင်းခါယမ်းကာ ...

ဒါတော့ ... မဖြစ်နိုင်ဘူး၊ အနံ့ဟာ အနံ့ပဲ၊ ဘာဖြစ်လို့ ကြောက်စရာ ကောင်းရမှာလဲ"

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး ...

"ကျွန်မ နှာခေါင်းထဲမှာ မီးလောင်တဲ့ အနံ့ရရခြင်း ပထမတော့ ဘယ်လိုမှ သတိမထားမိဘူး၊ နောက်တော့ ကျွန်မဟာ အလွန်



ကြီးမားတဲ့ မီးဖိုတစ်ခုထဲမှာ ရောက်နေတယ်လို့ စိတ်ထဲမှ ခံစားလိုက်ရတယ်"

မေလင်းဟုန်၏ စကားကြောင့် စုယုံယုံ၏ ခန္ဓာကိုယ်သည် တစ်ချက် တုန်ခါသွားပြီး လီဟုန်၏ အနီးသို့ တိုးကပ်သွား၏။

မေလင်းဟုန်က သူမ၏ စကားကို ဆက်၍ပြော၏။

"ကျွန်မရဲ့ နှာခေါင်းထဲမှာ သွေးညှီနံ့နဲ့ သံချေးနံ့ကိုရတဲ့အခါ ကျွန်မှာ လူသေအလောင်းတွေရဲ့ ကြားထဲမှာ ရောက်နေသလို စိတ်ထဲမှာ ခံစားလိုက်ရတယ်၊ ပြီးတော့ ကျွန်မရဲ့ ခြေလှမ်းတိုင်းဟာ လူသေတွေ အပေါ် တက်နင်းနေသလားလို့ စိတ်ထဲမှာ ခံစားခဲ့ရတယ်"

ဂူးထိဝါးသည် သက်ပြင်းချလိုက်၏။

မေလင်းဟုန်က ...

"မြေကြီးနဲ့အနံ့၊ သစ်ဆွေး ဝါးဆွေးအနံ့ကို ရတဲ့အခါ ကျွန်မဟာ ကျွန်မကိုယ်တိုင် လူသေအလောင်းဖြစ်ပြီး မြေကြီးထဲ အမြှုပ်ခံလိုက်ရတယ်လို့ ခံစားမိတယ်"

မေလင်းဟုန်၏ စကားကြောင့် ဂူးထိဝါးပင် ကျောချမ်းလာသကဲ့သို့ ခံစားလိုက်ရ၏။

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး ...

"ပထမတော့ ကျွန်မဟာ မျက်စိနဲ့ မြင်တဲ့အရာ၊ နားနဲ့ကြားတဲ့ အရာတွေဟာ ကြောက်စရာကောင်းတယ်လို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့်

တကယ်တမ်းမှာ နှာခေါင်းနဲ့ ထိတွေ့ခံစားရတဲ့ အနံ့ဟာ လောကပေါ်မှာ ကြောက်စရာအကောင်းဆုံးဆိုတာ သိလိုက်ရတယ်"

ဟု ပြောလိုက်၏။

မေလင်းဟုန်၏ စကားကြောင့် လူတိုင်းသည် မေလင်းဟုန်ကို အတန်ကြာအောင် ငေး၍ကြည့်နေပါ၏။

သူတို့၏ မျက်နှာပေါ်၌လည်း တုန်လှုပ်ချောက်ချားဟန် ဖြစ်ပေါ်နေ၏။

အတန်ကြာမှ ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ဟုတ်ပါတယ် ... မေလင်းဟုန် ပြောတာ မမှားပါဘူး၊ မျက်လုံးနဲ့ မြင်တွေ့ရတဲ့ အရာ၊ နားနဲ့ကြားရတဲ့ အရာတွေဟာ တကယ်ရှိနေတဲ့အတွက် ကြောက်စရာကောင်းပေမယ့် ရင်ဆိုင်လို့ ရနိုင်ပါသေးတယ်၊ နှာခေါင်းနဲ့ ထိတွေ့ခံစားရတဲ့ အနံ့ဆိုတာက တကယ်ရှိနေတဲ့ အရာဝတ္ထု မဟုတ်လို့ ဦးခေါင်းနဲ့ စဉ်းစားတွေးခေါ်ပြီး ပုံဖော်ရတာဖြစ်တယ်၊ ဒါကြောင့် တွေးလေ ကြောက်စရာကောင်းလေ ဖြစ်လာတာပေါ့,"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ဝူးထိဝါးက သက်ပြင်းချလိုက်၏။



ပြီးမှ ...

"အင်း ... မင်းပြောတာ သဘာဝ ကျပါတယ်"

ဟုပြောလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ကျွန်မက လိုဏ်ဂူထဲမှာ ဘာမှမမြင်မရတော့ အဲဒီ အနံ့အသက်တွေကြောင့် အတော်ပဲ စိတ်ဒုက္ခခံစားခဲ့ရပါတယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ရေနန်းဒေဝီလား ..."

မေလင်းဟုန် ...

"ဟုတ်မယ် ထင်ပါတယ် ..."

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဟုတ်မယ် တင်ပါတယ်ဆိုတော့ မင်းဟာက ဘယ်လိုလဲ"

မေလင်းဟုန်က ...

"ကျွန်မက အသံပဲကြားရတာလေ၊ လူကိုမတွေ့ရဘူး၊ ဒါပေမယ့် ရေအောက်နန်းတော်မှာ သူကလွဲပြီး ဘယ်သူဖြစ်မှာလဲ"

ဝူးထိဝါးက လက်ကာပြကာ ...

"ထားပါတော့ ... သူက ဘာပြောလဲ"

မေလင်းဟုန်က နှုတ်ခမ်းကိုလျှာဖြင့် တစ်ချက်သပ်လိုက်ပြီး ...

"သူက ကျွန်မရဲ့ ရောဂါကို စစ်ဆေးကြည့်ပြီးပြီလို့ ပြောပါ

တယ်၊ ပြီးတော့ ကျွန်မဟာ ဘယ်လိုအဆိပ်မျိုး သင့်ထားတယ်ဆိုတာလည်း သိတယ်လို့ ပြောပါတယ်"

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"အဲဒီတော့ ..."

"မေလင်းဟုန်က ...

"အဲဒီတော့ ကျွန်မက ကျွန်မကို ကုသပေးဖို့ တောင်းပန်ခဲ့ပါတယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"အဲဒီတော့ ..."

မေလင်းဟုန်က ချူလျူရှမ်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဟို ... ဟို ..."

မေလင်းဟုန်၏ စကား မဆုံးမီ ချူလျူရှမ်းက ဖြိုးကာ ...

"ဘာဖြစ်ရမှာလဲ၊ ကျုပ်ရဲ့ ဦးခေါင်းကို ဖြတ်ပေးရင် ကုသပေးမယ်လို့ ပြောလိုက်မှာပေါ့"

ဟု ဝင်၍ ပြောလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျွန်မလည်း အမျိုးမျိုး တောင်းပန်ခဲ့ပါတယ်၊ ဒါပေမယ့် ...



မေလင်းဟုန်က စကားကို ဆက်၍ မပြောဘဲ ရပ်တန့်ကာ ဦးခေါင်းကို ငုံ့ထားလိုက်၏။

ချူလျူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"အဲဒီမှာ ဘယ်သူ့မှ မတွေ့ခဲ့ဘူးလား"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ဘယ်သူမှမတွေ့ခဲ့ပါဘူး"

ချူလျူရှမ်းက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဒါဆို ... အဲဒီက ဘယ်လိုပြန်ပြီး ထွက်လာခဲ့တာလဲ"

ဟု မေးလိုက်၏။

မေလင်းဟုန်က သက်ပြင်းချကာ ...

"ကျွန်မက အမျိုးမျိုး တောင်းပန်နေတုန်းမှာ အနံ့အသက်တစ်ခုကို ကျွန်မ ခံစားရလိုက်တယ်၊ အတော်မွှေးကြိုင်တဲ့ အနံ့အသက်ပါ၊ အဲဒီ မွှေးကြိုင်တဲ့ အနံ့ကို ရှူမိပြီးတာနဲ့ ကျွန်မလည်း သတိလစ်သွားခဲ့တယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"သတိပြန်ရလာတော့ ဘယ်ရောက်နေလဲ"

မေလင်းဟုန်က ...

"ကျွန်မ သတိပြန်ရတဲ့အခါ သီလရှင်ကျောင်းထဲကို ပြန်ရောက်နေတာ တွေ့လိုက်ရတယ်၊ တစ်ဆက်တည်းမှာပဲ ကျွန်မဟာ အတော်ကို တုန်လှုပ်ချောက်ချားသွားခဲ့တယ်"

လေင်းဟုန်၏ စကားကြောင့် ချူလျှူရှမ်းသည် မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ ..."

မေလင်းဟုန်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"ကျွန်မ သတိရလာတော့ ကျွန်မရဲ့အဝတ်အစားတွေဟာ ရေစိုမနေဘူး၊ ခြောက်သွေ့နေတယ်၊ ကျွန်မ တစ်ကိုယ်လုံးလည်း ရေစိုခဲ့တယ်လို့ မထင်ရဘူး၊ ပြီးတော့ ကျွန်မရှေ့မှာ သီလရှင်ကြီးက ထိုင်နေတယ်၊ သူ့ရဲ့လက်ထဲမှာ ရေနွေးကြမ်းခွက် ရှိနေတယ်၊ ရေနွေးကြမ်းခွက်ထဲမှာ ရေနွေးရှိနေတယ်၊ ကျွန်မဟာ သီလရှင်ကြီးရဲ့ လက်ထဲက ရေနွေးကြမ်းခွက်ကို ယူပြီးသောက်ခဲ့မိသလား၊ မသောက်ခဲ့မိဘူးလား၊ အခုမှ သီးလရှင်ကြီးက လှမ်းပေးတာလား ဆိုတာကို စဉ်းစားလို့ မရတော့ဘူး"

ဝူးထိဝါးက မျက်ခုံးပင့်ကာ အံ့သြဟန်ဖြင့် ...

"ဘယ်လိုဖြစ်တာလဲ"

မေလီးဟုန်က သက်ပြင်းချကာ ...

"ကျွန်မလည်း ဘယ်လိုပြောရမှန်း မသိတော့ဘူး၊ စောစောက ဖြစ်ခဲ့တာတွေဟာ အိမ်မက်မက်သလို ခံစားနေရတယ်၊ ဒါနဲ့ ကျွန်မက သီလရှင်ကြီးကို မေးကြည့်ခဲ့တယ်"

ချူလျှူရှမ်းက ...



"ဘာပြောလဲ ..."

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"ဘာမှမပြောဘူး၊ သူက ကျွန်မ ပြောတာကို မကြားသလိုပဲ၊ ဘယ်လိုမှ မေးလို့မရတော့ဘူး"

ဟု ပြောလိုက်၏။

လီဟုန်က သက်ပြင်းချကာ ...

"ရှင် ပြောတာကို နားထောင်ရုံနဲ့ အဲဒီကို ကျွန်မ သွားဖောင် မသွားရဲတော့ဘူး"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

စကားဝိုင်းက ရုတ်တရက် ရပ်တန့်သွား၏။

တစ်ချိန်တည်းမှာပင် တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွား၏။

သို့သော် ... သူတို့၏ ရင်တဲ၌ တိတ်ဆိတ်မနေပါ။

မေးခွန်းများက တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေ၏။

ရေအောက်နန်းတော်သည် စုယုံ့ယုံ ပြောသကဲ့သို့ နတ်ဘုံနတ်နန်းလော ...။

သို့တည်းမဟုတ် မေလင်းဟုန် ပြောသကဲ့သို့ အလွန်ကြောက်မက်ဖွယ်ကောင်းသော ငရဲဘုံလော။

သို့တည်းမဟုတ် အလွန် လျှို့ဝှက်ဆန်းကြယ်သော နေရာတစ်ခုလော။

မည်သို့ပင်ဖြစ်ပါစေ ... ရေအောက်နန်းတော်သည် သူတို့အတွက် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

ဝူးထိဝါးက နှာခေါင်းကို တစ်ချက်ပွတ်သပ်လိုက်ပြီး ...

"အင်း ... ကျုပ်အထင်ပြောရရင် မင်းတို့နှစ်ယောက် ရောက်ခဲ့တဲ့ နေရာဟာ တခြားစီ ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်၏။

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"ရေအောက်နန်းတော်ဟာ လောကပေါ်မှာ ဘယ်နှစ်ခု ရှိလို့လဲ"

ဟု မေးလိုက်၏။

စုယုံယုံက ...

"ကျွန်မ ရောက်ခဲ့တဲ့နေရာဟာ ရေအောက်နန်းတော်အစစ်ဆိုတာ အာမခံရဲတယ်"

ဟု ပြောလိုက်၏။

ထိုစဉ် ...

ဝူးထိဝါးက တစ်စုံတစ်ခုကို သတိရလာပြီး ...



"နေပါဦး ... မေလင်းဟုန် မင်းရောက်ခဲ့တဲ့ နေရာမှာ လူတစ်ယောက်မှ မတွေ့ခဲ့ရဘူးပေါ့"

ဟု မေးလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဒါဆို မင်း ရောက်ခဲ့တဲ့နေရာဟာ ရေအောက်နန်းတော်လို့ ဘယ်လိုလုပ် ပြောနိုင်မလဲ"

ဟု မေးလိုက်၏။

လီဟုန်ကလည်း ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... သီလရှင်ကျောင်းက ဆွံ့အ, နားမကြားတဲ့ သီလရှင်ကြီးက ရေအောက်နန်းတော်ကို ပို့ပေးတယ်ဆိုတာ ဘယ်လိုလုပ် သိလဲ"

ဟု မေးလိုက်၏။

စုယုံယုံက မျက်လုံးဝင့်ကာ လက်ညှိုးထောင်လိုက်ပြီး ...

"ဟုတ်တယ် ... ရေအောက်နန်းတော်ကို သွားချင်ရင် အဲဒီ သီလရှင် ကျောင်းကတစ်ဆင့် သွားရတယ်ဆိုတာ ဘယ်သူပြောတာလဲ၊ ဒါဟာ ထောင်ချောက်မဖြစ်နိုင်ဘူးလား"

စုယုံယုံ၏ စကားကြောင့် မေလင်းဟုန်သည် မျက်လုံးပြူးသွားပြီး ...

"ရှင် … ထောင်ချောက် ဟုတ်လား"

စုယုံယုံက ဦးခေါင်းညိတ်ကာ …

"ဟုတ်တယ် … သီလရှင်ကြီးက ရှင့်ကို အကွက်ဆင်လိုက်တာ ဖြစ်မယ်"

မေလင်းဟုန်က မျက်မှောင်ကြုတ်ကာ …

"သူက ဘာဖြစ်လို့ အဲဒီလို လုပ်ရတယ်"

စုယုံယုံက …

"သူ့က ချူလျှူရှမ်းကို သတ်ချင်လို့ ဖြစ်မှာပေါ့"

ဝူးထိဝါးက စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး …

"ဟုတ်ပြီ … ဒါ ဖြစ်နိုင်တယ်၊ သီလရှင်ကြီးက မင်းကို ရေအောက်နန်းတော် ပို့ပေးတာမဟုတ်ဘူး၊ မင်းရဲ့စိတ်ထဲမှာ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်လိုက်တာ၊ ချူလျှူရှမ်းကို သတ်ဖို့အတွက် ဆင်လိုက်တာပေါ့"

ဟု ပြောလိုက်၏။

လီဟုန်က ဦးခေါင်းညိတ်ကာ …

"ညီမ … စဉ်းစားကြည့်လေ ညီမက သီလရှင်ကြီး တိုက်တဲ့ ရေနွေးကို သောက်ပြီး သတိမေ့သွားခဲ့တယ် မဟုတ်လား"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ …

"ဟုတ်ပါတယ်"



လီဟုန်က ပြုံးလိုက်ပြီး …

"ဒါဆို သူက ညီမကို ပို့ချင်တဲ့နေရာ ပို့မှာပေါ့၊ ဘယ်ကို ပို့လိုက်တယ်ဆိုတာ ညီမက ဘယ်လိုလုပ်သိမလဲ …"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ …

"ဟုတ်ပါတယ်"

လီဟုန်က ပြုံးလိုက်ပြီး …

"ဒါဆို ညီမရောက်ခဲ့တဲ့နေရာဟာ ရေအောက်နန်းတော် မဟုတ်ဘဲ သီလရှင်ကျောင်းရဲ့ မြေအောက်ခန်းလည်း ဖြစ်နိုင်တာပဲ၊ ပြီးတော့ ညီမကြားခဲ့တဲ့ အသံဟာ သီလရှင်ကြီးရဲ့ အသံမဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး …

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စဟာ ကျွန်မအတွက် သေရေး ရှင်ရေး ဖြစ်နေလို့ ကျွန်မဟာ အလွယ်တကူနဲ့ သူများပြောတာကို ယုံမှာ မဟုတ်ပါဘူး"

ဝူးထိဝါးက ဦးခေါင်းညိတ်လိုက်ပြီး …

"နေပါဦး … မင်းကို လမ်းညွှန်လိုက်တဲ့ လူက ဘယ်သူလဲ"

SS

ဟု မေးလိုက်၏။

မေလင်းဟုန်က သက်ပြင်းချကာ …

"ကျွန်မကို လမ်းညွှန်လိုက်တဲ့လူက သိုင်းလောကမှာ လူတိုင်းက လေးစားကြည်ညိုတဲ့ အဝါရောင်သိုင်းသမားပါ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ …

"အဝါရောင် သိုင်းသမား လူဝါးလား"

ဟု မေးလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ …

"ဟုတ်ပါတယ်"

ဝူးထိဝါးက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး …

"အင်း … အဝါရောင်ဓားသမား လူ့ဝါးကတော့ ဘယ်တော့မှ လိမ်မပြောခဲ့ဖူးဘူး"

ဟု ပြောလိုက်၏။

ပြီးမှ ဝူးထိဝါးက မေလင်းဟုန်ကိုကြည့်ကာ …

"အင်း … မင်းရောက်ခဲ့တဲ့နေရာဟာ ရေအောက်နန်းတော်ဆိုတာ ကျုပ်မငြင်းတော့ဘူး"

ဟု ပြောလိုက်၏။

စုယုံယုံက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး …

"အင်း … အခုနေ ဒီနေရာမှာ အဝါရောင်ဓားသမားရှိရင် သိပ်ကောင်းမယ်"



ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ …

"သူရှိရင် မင်းကဘာလုပ်မလို့လဲ"

စုယုံယုံရော …

"မရှင်းတဲ့ အချက်တွေ သူ့ကိုမေးချင်လို့ …"

ထိုစဉ် ချူလျူရှမ်းက ပြုံးလိုက်ပြီး စုယုံယုံကိုကြည့်ကာ …

"မင်းက အဝါရောင်ဓားသမားကို တွေ့ချင်တယ် ဟုတ်လား"

ဟု မေးလိုက်၏။

စုယုံယုံက ဦးခေါင်းညိတ်ကာ …

"ဟုတ်ကဲ့"

ချူလျူရှမ်းက ပြုံးလိုက်ပြီး …

"ဟိုမှာ သူလာနေပြီ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

လူသုံးယောက် ….

အနက်ရောင် အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။

သူတို့သည် ချူလျူရှမ်းတို့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေ၏။

ရှေ့ဆုံးမှ လူသည် ဓားသမားရှောင်စု ဖြစ်၏။

ဓားသမား ရှောင်စု၏ လက်ယာဘက်မှ လူသည် အရပ်ရှည်ပြီး ဥပဓိရုပ် ခံ့ညားး၏။

မျက်နှာက ခက်ထန်သော်လည်း သူ၏ မျက်လုံးများက သနားကြင်နာစိတ်ရှိဟန်ကို ဖော်ပြနေ၏။

ဓားသမား ရှောင်စု၏ လက်ဝဲဘက်မှ လူသည် အရပ်အမောင်းက မနိမ့်မမြင့် အနေတော်ဖြစ်၏။

သူ၏မျက်နှာမှာ သာမန်လူတစ်ယောက်၏ မျက်နှာမျိုးဖြစ်၏။

ထူးခြားသည်မှာ ထိုလူ၏ မျက်နှာသည် အေးစက်ပြီး ဟန်မူအရာ ကင်းမဲ့နေ၏။

လီယို့ဟန်တို့ လင်မယားသည် ဓားသမား ရှောင်စုကို မြင်တွေ့လိုက်သောအခါ မျက်နှာမထားတတ်အောင်ဖြစ်ပြီး ဦးခေါင်းကို ငုံ့ထားလိုက်၏။

ဓားသမားရှောင်စုက လီယို့ဟန်တို့ လင်မယားကို မကြည့်ဘဲ ချူလျူရှမ်းကို လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ရင်း ...

"ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်တို့က အလိမ်ခံလိုက်ရတော့ ခင်ဗျားကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ပါဘူးဗျာ"

ဟု ပြောလိုက်၏။



ချူလျူရှမ်းက ဓားသမားရှောင်စုကို လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုရင်း ...

"ကိစ္စမရှိပါဘူး၊ ကျွန်တော်နားလည်ပါတယ်"

ဓားသမားရှောင်စုက သက်ပြင်းချလိုက်ပြီး ...

"ပထမတော့ ကျုပ်လည်းရှက်ရှက်နဲ့ ထွက်သွားခဲ့တယ်၊ ပြီးမှ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို တောင်းပန်သင့်တယ်ဆိုပြီး ခင်ဗျားတို့နောက် လိုက်လာခဲ့တာ"

ဟု ပြောလိုက်၏။

ချူလျူရှမ်းက ပြုံးလိုက်ပြီး ...

"ဆရာကြီးတို့ဟာ မတရားတာကို ဘယ်တော့မှ မလုပ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် တောင်းပန်ဖို့ မလိုပါဘူး၊ ကျွန်တော် နားလည်ပါတယ်"

ဝူးထိဝါးက ဓားသမားရှောင်စုကို လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး ...

"အင်း ... ဆရာကြီးလို ပုဂ္ဂိုလ်မျိုးကတော့ လေးစားစရာပါပဲ"

ဟု ပြောလိုက်၏။

ချူလျူရှမ်းက ပြုံးလိုက်ရင်း ...

"ဩော် ... ဒါနဲ့ စကားမစပ် ဆရာကြီး လီကွန်းရှိရော တော်တော်လေး နေကောင်းသွားပြီလား"

ဟု စကားကို လမ်းကြောင်းလွှဲပေးလိုက်၏။

ဓားသမားရှောင်စုက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... အစ်ကိုကြီး လီကွန်းရီဟာ ဒေါသကြောင့် ဖိတ် နေတဲ့ သွေးကြောတွေ ပြန်ပွင့်လာပြီး အကြောသေနေတာ ပြန်ကောင်း သွားပါပြီ၊ ဒါပေမယ့် အသက်ကြီးတော့ ခွန်အားနည်းနေသေးတယ်၊ အခြေအနေကတော့ ကောင်းပါတယ်"

ချူလျှူရှမ်းက ...

"ဒါနဲ့ ထိန်ရသေ့ကြီးရော ..."

ဓားသမားရှောင်စုက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"သူ့ကို လင်းဝိုးက ဂရုစိုက်ပြီး ကုသပေးနေပါတယ်၊ သူက အတော် စိတ်ဓာတ်ပြင်းထန်တဲ့ လူပဲ၊ ဒါပေမယ့် အသက်ကြီးလာ တော့ ဒီလောက် ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားတာ ဘယ်ခံနိုင်ရည် ရှိပါ့မလဲ"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ကျွန်တော် စိတ်ကောင်းပါဘူး"

ဟု ပြောလိုက်၏။

ပြီးမှ ချူလျှူရှမ်းက စုယုံယုံကို လှမ်းကြည့်ကာ ...

"စုယုံယုံ ဟောဒီက ပုဂ္ဂိုလ်ကြီးဟာ အဝါရောင်ဓားသမား လူဝါးဆိုတာပဲ"



ဟုပြောရင်း ဓားသမား ရှောင်စု၏ လက်ယာဘက်မှ လူကို ညွှန်ပြလိုက်၏။

ချူလျှူရှမ်း၏ စကားကြောင့် အဝါရောင်ဓားသမားလူဝါးက စုယုံယုံကို ကြည့်ကာ ...

"မိန်းကလေးက ကျုပ်ကို ရှာနေတာလား"

ဟု မေးလိုက်၏။

စုယုံယုံက အဝါရောင်ဓားသမား လူဝါးကို လက်နှစ်ဖက် ဆုပ်၍ အရိုအသေပြုလိုက်၏။

ပြီးမှ ...

"ကျွန်မက စုယုံယုံပါ၊ အဘကို စကားတစ်ခွန်း နှစ်ခွန်း လောက် မေးချင်လို့ပါ"

စုယုံယုံ၏ စကားကြောင့် အဝါရောင်ဓားသမား လူဝါးသည် မျက်ခုံးပင့်ကာ ...

"မိန်းကလေးက ဘာမေးချင်လို့လဲ"

စုယုံယုံက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ရေအောက်နန်းတော်ကို သွားချင်ရင် သီလရှင် ကျောင်းကနေ တစ်ဆင့် သွားရတယ်ဆိုတာ အမှန်ပဲလား"

ဟု မေးလိုက်၏။

အဝါရောင် ဓားသမား လူဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်သည်။

ပြီးမှ သူသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် မေလင်းဟုန်ကို လှမ်းကြည့်ကာ ...

"မေလင်းဟုန် မေးတုန်းက ကျုပ်ပြောလိုက်ပါတယ်၊ အဲဒီတုန်းက သူက ရေအောက်နန်းတော်ကို သွားဖို့ မေးမှန်း ကျုပ် မသိခဲ့ဘူး"

စုယုံယုံက ပြုံးလိုက်ပြီး ...

"သီလရှင်ကျောင်းမှာ သီလရှင် တစ်ဦးရှိတယ်လို့ ပြောပါတယ်"

အဝါရောင်ဓားသမားက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

စုယုံယုံက ပြုံးကာ ...

"အဲဒီ သီလရှင်က ဘယ်သူလဲ"

စုယုံယုံ၏ စကားကြောင့် အဝါရောင်ဓားသမား လူဝါးသည် စုယုံယုံကို အံ့သြဟန်ဖြင့် တစ်ချက်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ... သူက ဘယ်သူဘယ်ဝါဆိုတာတော့ ကျုပ်လည်း မသိဘူး၊ ဒါပေမယ့် ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတာတော့ ကျုပ်လည်း ရိပ်စားမိတယ်"

စုယုံယုံက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...



"သူက တကယ်ပဲ ဆွံ့အနားမကြားဖြစ်နေတာလား"

အဝါရောင်ဓားသမား လူဝါးက ပြုံးလိုက်ပြီး ...

"လူတစ်ယောက်ဟာ နှစ်ပေါင်းများစွာ စကားလည်းမပြော၊ နားလည်းမကြားချင်ယောင် ဟန်ဆောင်ခဲ့ရင်တော့ သူ့မှာ ပြောမပြနိုင်လောက်အောင် ဝမ်းနည်းကြေကွဲမှုတွေ ရှိနေမယ်ဆိုတာ ထင်ရှားနေတယ်၊ ဒါကြောင့် သူဟာ တကယ်ပဲ ဆွံ့အနားမကြားနေတာလား၊ ဟန်ဆောင်တာလားဆိုတာ သိဖို့မလိုအပ်ဘူးလို့ ကျုပ် ထင်တယ်"

စုယုံယုံက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ဘာမျှ ထပ်၍ မမေးဘဲ နှုတ်ခမ်းကို ကိုက်ထား၏။

အဝါရောင်သိုင်းသမား လူဝါးက စုယုံယုံကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်ပြီး ...

"မိန်းကလေး သိချင်တာ ဒါတင်မကသေးဘူး ထင်တယ်"

ဟု မေးလိုက်၏။

စုယုံယုံက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

အဝါရောင် ဓားသမားလူဝါးက ...

"ဒါဖြင့် ဘာလို့ ထပ်မမေးတော့တာလဲ"

စုယုံယုံက သက်ပြင်းချလိုက်ပြီး ...

"ဟုတ်ကဲ့ ... တချို့ကိစ္စတွေဟာ ဘာဘာအနေနဲ့ ပြောပြလို့ ရတယ်၊ မရဘူးဆိုတာ မသိရလို့ပါ"

အဝါရောင်သိုင်းသမား လူဝါးက ပြုံး၍ ...

"ဟုတ်တာပေါ့ ... ကဲ ... မိန်းကလေးက ဘာသိချင်တာလဲ၊ မေးပါ"

စုယုံယုံက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ဘာဘာက ဒီကိစ္စတွေကို ဘယ်လိုလုပ်သိတာလဲ"

အဝါရောင်ဓားသမား လူဝါးက ...

"ရေအောက်နန်းတော်ကို သွားချင်ရင် သီလရှင်ကျောင်းက တစ်ဆင့် သွားရတယ်ဆိုတဲ့ ကိစ္စလား"

စုယုံယုံက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ကျွန်မ သိရသလောက် ရေနန်းဒေဝီဟာ ယောကျ်ားတွေကိုမုန်းပါတယ်၊ ဒါကြောင့် ဘာဘာက အဲဒီကို ဘယ်လိုလုပ်ပြီး သွားရတယ်ဆိုတာ ဘယ်လိုသိတာလဲလို့ သိချင်လို့ပါ"

အဝါရောင်ဓားသမား လူဝါးက ပြုံးလိုက်ပြီး ...



"အင်း ... အမှန်ပြောရရင် ကျုပ်ကလည်း တခြားလူတစ်ယောက်ဆီက ကြားသိခဲ့တာပါ"

ဟု ပြောလိုက်ပြီး ဓားသမား ရှောင်စု၏ လက်ဝဲဘက်မှ လူကို တစ်ချက်လှမ်းကြည့်လိုက်၏။

စုယုံယုံက ပြုံးကာ ...

"အဲဒီလူက လိမ်ညာမပြောဘူးလို့ ဘာဘာက ယုံကြည်တယ် မဟုတ်လား"

အဝါရောင် ဓားသမား လူဝါးက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ သူက ကျုပ်ကို အမှန်ပြောတာလို့ ကျုပ်ယုံကြည်ပါတယ်"

စုယုံယုံက ဓားသမားရှောင်စု၏ လက်ဝဲဘက်မှလူကို တစ်ချက် လှမ်းကြည့်လိုက်၏။

ထိုလူ၏ မျက်နှာပေါ် ၌ မည်သည့် ခံစားမှုမျှမတွေ့ရပါ။

သူ၏မျက်နှာသည် ဟန်အမူအရာကင်းမဲ့ပြီး အေးတိအေးစက်ဖြစ်နေ၏။

အဝါရောင်ဓားသမား လူဝါးက ချုလျှုရှမ်းကို လက်နှစ်ဖက်ဆုပ်၍ နှုတ်ဆက်ရင်း ...

"ကဲ ... ချုလျှုရှမ်း ကျုပ်တို့ပြန်တော့မယ်"

ဟုပြောကာ ရုတ်တရက် နောက်သို့ လှည့်ကာ ထွက်သွားလေတော့၏။

မျက်နှာအမူအရာ ကင်းမဲ့နေသော လူကလည်း ရုတ်တရက် နောက်သို့လှည့်ကာ အဝါရောင်ဓားသမား လူဝါးနှင့်အတူ ခပ်သုတ်သုတ် ထွက်သွား၏။

ဓားသမားရှောင်စုသည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဟေ့လူ ... ကျုပ်ကို စောင့်ဦး"

ဟုပြောကာ နောက်မှပြေးလိုက်သွားလေတော့၏။

☛☛☛

စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့သော လူသုံးယောက်သည် စားသောက်ဆိုင်ထဲမှ ပြန်၍ထွက်သွားပြီ ဖြစ်၏။

ချူလျူရှမ်းသည် ထိုလူသုံးယောက်ကို အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်၏။

သူသည် ရေနက်ချောက်ကမ်းပါးမှ ရေအောက်နန်းတော်ကို သွားရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။

သို့သော် ...

ရေအောက်နန်းတော်သည် အလွန်လျှို့ဝှက်ဆန်း ကြယ်သော နေရာဖြစ်၏။

ထို့ကြောင့် ထိုနေရာသို့ရောက်အောင် မည်သို့သွားရမည်ကို စဉ်းစား၍ မရအောင် ဖြစ်နေ၏။



ထို့အပြင် သူသည် ကျောက်တစ်လုံးမယ်တော်နှင့် တစ်ကြိမ် ဆုံခဲ့ဖူး၏။

ကျောက်တစ်လုံးမယတော်၏ သိုင်းပညာရပ်မှာ ထိပ်တန်း အဆင့်ဖြစ်၏။

သူမ၏ သိုင်းပညာမှာ မိမိထက် အဆင့်မနိမ့်ကြောင်းကို ချူလျူရှမ်းက သိထား၏။

ထို့အပြင် ကျောက်တစ်လုံးမယ်တော်သည် သိုင်းလောကမှ ထိပ်တန်းသိုင်းသမားများကို မမှုခဲ့ပါ။

သို့သော် သူမသည် ရေနန်းဒေဝီကို မယှဉ်ရဲပါ။

ဤသို့ဆိုလျှင် ရေနန်းဒေဝီ၏ သိုင်းပညာသည် ကျောက်တစ် လုံး မယ်တော်ထက် အဆပေါင်းများစွာ သာလွန်လိမ့်မည်ဖြစ်၏။

ထို့ကြောင့် ချူလျူရှမ်းသည် ရေနန်းဒေဝီနှင့် ရင်ဆိုင်ရမည်ကို တွေးရင်း စိတ်ထဲ၌ လေးလံနေ၏။

ထိုစဉ် ဂူးထိဝါးက ...

"ပိုးဟပ်ဖြူ ... ဟိုလူက ဘယ်သူလဲ"

ဟု ရုတ်တရက် မေးလိုက်၏။

ဂူးထိဝါး၏ စကားကြောင့် ချူလျူရှမ်းသည် အိပ်ပျော်နေရာမှ လန့်နိုးလာသကဲ့သို့ ဂူးထိဝါးကို မျက်လုံးပြူး၍ကြည့်ရင်းည

"ဘယ်သူလဲ ... "

ဂူးထိဝါးက ...

"အဝါရောင်သိုင်းသမား နောက်ကို လိုက်သွားတဲ့လူကို ပြောတာ"

လီဟုန်က ...

"မျက်နှာအေးတီအေးစက်နဲ့ လူလား"

ဟု ဝင်၍မေးလိုက်၏။

ဂူးထိဝါးကဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

လီဟုန်က ...

"သူ့ကိုကြည့်ရတာ တစ်မျိုးပဲ၊ မျက်နှာက အေးတီအေးစက်နဲ့ စကားလည်း မပြောဘူး၊ ရယ်လည်းမရယ်ဘူး"

စုယုံယုံက သက်ပြင်းချလိုက်ပြီး ...

"သူ ဒီလောက် မြန်မြန်ထွက်သွားတာ အကြောင်းရှိတယ်"

ဂူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဘာအကြောင်းလဲ"

စုယုံယုံက ပြုံးလိုက်ပြီး ...

"သူ့ရဲ့နာမည်ကို ကျွန်မ မေးမှာစိုးလို့ပါ"

လီဟုန်က မေလင်းဟုန်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ညီမရော ... သူ့ကိုသိလား"



ဟု မေးလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"မသိဘူး၊ ဒါပေမယ့် သူက အဝါရောင် ဓားသမားလူဝါးနဲ့ လိုက်လာဖူးတယ်"

လီဟုန်က ...

"အဝါရောင်သိုင်းသမားက မိတ်ဆက်မပေးဘူးလား"

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ ...

"မိတ်ဆက်မပေးဘူး၊ သူက အဲဒီလူအတွက် တာဝန်ယူတယ်လို့ ပြောတယ်"

စုယုံယုံက ဦးခေါင်းခါယမ်းကာ ...

"ဒီလူက အတော်ထူးဆန်းတယ်၊ ဒါကြောင့် သူ့ကို ကျွန်မက သတိထားပြီး ကြည့်ခဲ့တယ်"

ဂူးထိဝါးက မျက်ခုံးပင့်ကာ ...

"ဒါဆို မင်းက ထူးထူးခြားခြား ဘာတွေ့လဲ"

စုယုံယုံက ပြုံးလိုက်ပြီး ...

"သူက ရုပ်ဖျက်ထားတယ်"

စုယုံယုံ၏ စကားကြောင့် ဂူးထိဝါးသည် မျက်လုံးပြူးသွားပြီး

"ဘာ ... ရုပ်ဖျက်ထားတယ် ဟုတ်လား"

စုယုံယုံက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ကျွန်မက သူ့ကို သတိထားပြီးကြည့်လို့ သိခဲ့တာ"

ဂူးထိဝါးက ဦးခေါင်းခါယမ်းကာ ...

"မဖြစ်နိုင်ဘူး"

စုယုံယုံက ပြုံးလိုက်ပြီ ...

"သူ့ကို သတိထားပြီး မကြည့်ရင် သိမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက သမားရိုးကျရုပ်ဖျက်ပညာနဲ့ ရုပ်ဖျက်ထားတာ မဟုတ်ဘူး၊ လူရဲ့အရေပြားအတုနဲ့ ရုပ်ဖျက်ထားတာ"

စုယုံယုံ၏ စကားကြောင့် အားလုံးက တအံ့တဩဖြစ်ကာ စုယုံယုံကို ဝိုင်းကြည့်လိုက်၏။

အတန်ကြာမှ ဂူးထိဝါးက သက်ပြင်းချရင်း ...

"ဒါကြောင့် သူ့ကိုကြည့်ရတာ လူသေတစ်ယောက်နဲ့ တူတယ်လို့ ထင်ရတာကိုး"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် ချူလျူရှမ်းကို လှမ်းကြည့်ကာ ...

"ပိုးဟပ်ဖြူ ... မင်းလည်း မသိဘူးမဟုတ်လား"

ဟု မေးလိုက်၏။

ချူလျူရှမ်းက ဘာမျှပြန်မပြောပါ။

စုယုံယုံက ...



"သူ့ရဲ့ မျက်နှာပေါ်က မျက်နှာအတုဟာ တော်တော် လက်ရာမြောက်တယ်၊ ဒီလို လက်ရာမြောက်အောင် လုပ်နိုင်တဲ့လူက ခပ်ရှားရှားပဲ"

လီဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ကျွန်မ ကြားဖူးသလောက်ဆိုရင် သိုင်းလောကမှာ ဒီလိုမျက်နှာအတုလုပ်တတ်သူဟာ သုံးယောက်ပဲရှိတယ်"

မေလင်းဟုန်က ဂူးထိဝါးကို လှည့်ကြည့်ကာ ...

"အဲဒီလူတွေကို ရှင်သိလား"

ဟု မေးလိုက်၏။

ဂူးထိဝါးက ဦးခေါင်းညိတ်ပြလိုက်၏။

မေလင်းဟုန်က ...

"ဘယ်သူတွေလဲ"

ဂူးထိဝါးက သက်ပြင်းချလိုက်ပြီး ...

"တစ်ယောက်က စင်းတုံလို့ခေါ်တယ် ဒါပေမယ့် သူဟာ အသက်(၂၀)မှာ သေသွားပြီ"

"နောက်တစ်ယောက်က ..."

"နောက်တစ်ယောက်က မျက်နှာတစ်ထောင်ဘီလူး၊ ဒါပေမယ့် သူကလည်း သေသွားပြီ"

မေလင်းဟုန်က မျက်မှောင်ကြုတ်ရင်း ...

"ဒါဆို ကျန်တဲ့ တစ်ယောက်က ဘယ်သူလဲ"

ဝူးထိဝါးက မျက်နှာရှုံ့မဲ့ကာ ...

"ပြောရမှာတောင် ပါးစပ်ရှက်တယ်၊ သူက အတော်ယုတ်မာတဲ့ လူတစ်ယောက်ပဲ"

ဝူးထိဝါး၏ စကားကြောင့် မေလင်းဟုန်သည် မျက်မှောင်ကြုတ်ကာ ...

"မိန်းမလျာလား"

ဟု မေးလိုက်၏။

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဝူးထိဝါး၏ စကားကြောင့် စုယုံယုံတို့သည် အံ့သြသွားကြ၏။

လီဟုန်က မယုံကြည်ဟန်ဖြင့် ဦးခေါင်းကိုခါယမ်းကာ ...

"မယုံစရာပဲ၊ သူ့ကို သိုင်းလောကတစ်ခုလုံးက ရှုံ့မုန်းနေကြတာ၊ သူ့ကိုတွေ့လို့ကတော့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ သူကလည်း သူ့အကြောင်းကို သူသိလို့ မျက်နှာအတုနဲ့ ရုပ်အမျိုးမျိုး ဖျက်နေရတာပေါ့"

မေလင်းဟုန်က မျက်မှောင်ကြုတ်ရင်း ...



"ဒါဆို အဝါရောင် ဓားသမားနဲ့ ပါလာတာ မိန်းမလျာ သိုင်းသမားပေါ့ ဟုတ်လား"

တစ်ချိန်လုံး ငြိမ်သက်နေသော ချူလျူရှမ်းက သက်ပြင်းချကာ ...

"အဝါရောင်သိုင်းသမားက သူ့လိုလူနဲ့ အပေါင်းအသင်း လုပ်ပါ့မလား"

ဟုပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်လိုက်ပြီး တစ်စုံတစ်ခုကို ပြောရန် ဟန်ပြင်လိုက်၏။

သို့သော် သူသည် စကားကို မပြောဖြစ်ပါ။

အကြောင်းမှာ ချူလျူရှမ်းက စကားကို ဆက်၍ပြောလိုက်သောကြောင့် ဖြစ်၏။

"မိန်းမလျာ သိုင်းသမားဟာ လွန်ခဲ့တဲ့ ဆယ်နှစ်က အသတ်ခံလိုက်ရတယ်လို့ ကျုပ်ကြားခဲ့တယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"မင်းဟာက ဟုတ်ရဲ့လား"

ချူလျူရှမ်းက ...

"အဲဒီအချိန်က မိန်းမလျာ သိုင်းသမား အသတ်ခံရတဲ့သတင်းဟာ သိုင်းလောကမှာ အတော်လေး လှုပ်လှုပ်ရွရွ ဖြစ်သွားခဲ့တယ်၊

သူနဲ့ ရန်ငြိုးရှိတဲ့ လူတွေကလည်း သူ့ရဲ့အလောင်းကို သွားကြည့်ခဲ့ကြသေးတယ်"

မေလင်းဟုန်က မျက်မှောင်ကြုတ်ကာ ...

"မိန်းမလျှာသိုင်းသမားကို ဘယ်သူမှ မမြင်ဖူးဘူးမဟုတ်လား၊ သူ့ရဲ့အလောင်းဆိုတာ ဘယ်လိုလုပ် သိမှာလဲ"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ဒါဟာ ဒီလိုရှိပါတယ်၊ မိန်းမလျှာ သိုင်းသမားကို သတ်တဲ့လူဟာ ရေအောက်နန်းတော်က ရေနန်းဒေဝီဖြစ်နေလို့ ဘယ်သူကမှ သံသယမဝင်ခဲ့ပါဘူး"

ဟု ပြောလိုက်၏။

ဝူးထိဝါးက သက်ပြင်းချလိုက်၏။

ပြီးမှ ...

"အင်း ... မိန်းမလျှာ သိုင်းသမား သေသွားပေမယ့် သူ လုပ်ထားခဲ့တဲ့ မျက်နှာအတုတွေ ကျန်ချင်ကျန်ခဲ့ဦးမှာပေါ့"

ဟုပြောလိုက်၏။

စုယုံယုံက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... အခု အဝါရောင်သိုင်းသမားနဲ့ ပါလာတဲ့လူဟာ မိန်းမလျှာသိုင်းသမားရဲ့ မျက်နှာအတုကို အသုံးပြုထားတာ ဖြစ်ချင်ဖြစ်နေမှာပေါ့"



လီဟုန်က ဦးခေါင်းခါယမ်းကာ ...

"မဖြစ်နိုင်ဘူး"

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"

လီဟုန်က ...

"မိန်းမလျှာ သိုင်းသမားဟာ အတော်ချောတယ်လို့ ကြားဖူးတယ်၊ ယောကျ်ားချော ကျန်းဖုံးပြီးရင် သူက အချောဆုံးလို့ ပြောကြတယ်၊ ဒါကြောင့် သူ့ရဲ့ မျက်နှာအတုတွေဟာ ချောတဲ့ လှတဲ့ မျက်နှာအတုတွေပဲဖြစ်ရမယ်၊ အခု တွေ့ခဲ့ရတဲ့ မျက်နှာအတုက လူသေအလောင်းရဲ့ မျက်နှာလိုပဲ၊ ဒါကြောင့် မိန်းမလျှာသိုင်းသမားရဲ့ မျက်နှာအတု မဖြစ်နိုင်ဘူး"

ချူလျှူရှမ်းက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... သူ့မှာ မျက်နှာအတုတွေ ကျန်ခဲ့ရင်လည်း ရေအောက်နန်းတော်မှာ မီးရှို့ဖျက်ဆီးပစ်လိုက်မှာပဲ"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဒါဆို စင်းတုံ့ရဲ့ မျက်နှာအတုတွေ ဖြစ်နေမလား"

စုယုံယုံက ဦးခေါင်းခါယမ်းကာ ...

"မဖြစ်နိုင်ဘူး"

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"မင်းဟာက သေချာလှချည်လား"

စုယုံယုံက သက်ပြင်းချလိုက်၏။

သူမ၏ မျက်နှာပေါ်၌ ဝမ်းနည်းကြေကွဲဟန် ဖြစ်ပေါ်သွား၏။

ပြီးမှ ...

"စင်းတုံရဲ့ မျက်နှာအတု မဟုတ်ဘူးဆိုတာကို ကျွန်မပြောရဲတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူလုပ်ထားခဲ့တဲ့ မျက်နှာအတုတွေဟာ ကျွန်မဆီမှာ ရှိနေလို့ပါ"

စုယုံယုံ၏ စကားကြောင့် ဂူးထီဝါးသည် အံ့သြသွားပြီး ...

"ဘာဖြစ်လို့ မင်းဆီမှာ ရှိနေရတာလဲ"

စုယုံယုံက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သူ့ရဲ့ ညီမ ဖြစ်နေလို့ပါ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ဂူးထီဝါးသည် စုယုံယုံကို တအံ့တသြကြည့်နေ၏။

ပြီးမှ သူသည် သဘောကျစွာ ပြုံးလိုက်ရင်း ချူလျှူရှမ်းကို ကြည့်လိုက်၏။

ဂူးထီဝါး၏ အကြည့်က ...

"ခွေးကောင် ပိုးဟပ်ဖြူ ... ဒီလောက်ရုပ်ပြောင်းရုပ်လွှဲကောင်း



နေတာ စင်းတုံရဲ့ မျက်နှာအတုတွေ သုံးနေတာကိုး၊ ငါ့ကိုတောင် မပြောဘဲ ဖုံးထားတယ်"

ဟု ပြောနေသကဲ့သို့ ထင်မှတ်ရ၏။

ချူလျှူရှမ်းက ဂူးထီဝါး၏အကြည့်ကို နားလည်လိုက်၏။

ထို့ကြောင့် ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ကဲပါ ... သူများက မျက်နှအတု စွပ်ပြီး ရုပ်ဖျက်ထားတာ သူတို့ရဲ့ မျက်နှာကို မမြင်ချင်လို့ပေါ့၊ ဒါဟာ သူတို့ရဲ့ လွတ်လပ်ခွင့်ပဲ၊ ဟုတ်တယ်မဟုတ်လား"

ဟု ပြောလိုက်၏။

ဂူးထီဝါးက ဦးခေါင်းကို ခါယမ်းကာ ...

"လွတ်လပ်ခွင့်လို့တော့ မပြောနဲ့"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"လူတိုင်း လူတိုင်းမှာ လျှို့ဝှက်ချက်ရှိကြမှာပဲ၊ အဲဒီ လျှို့ဝှက်ချက်ကို လူတိုင်းက လျှို့ဝှက်ထားနိုင်တယ် မဟုတ်လား၊ အဲ...အရေးကြီးတာက သူတို့ရဲ့ လျှို့ဝှက်ချက်ဟာ တခြားလူကို မထိခိုက်ရင် ပြီးတာပဲ မဟုတ်လား"

ဟု ပြောလိုက်၏။

ဂူးထီဝါးက ချူလျှူရှမ်းကို မျက်လုံးပြူး၍ကြည့်လိုက်ပြီး ...

"ဟုတ်ပါပြီ ... မင်းရဲ့ စကားကို ငါက ထောက်ခံပါတယ်၊

အဲဒီလိုမထောက်ခံရင် သူများက မသိစေချင်တဲ့အကြောင်းကို မရမက လိုက်ပြီး ဖော်ထုတ်တာဟာ လူကြီးလူကောင်း မဆန်ဘူးလို့ ပြောနေမှာ စိုးလို့"

ဟု ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် စုယုံယုံတို့က သဘောကျစွာ ရယ်မောလိုက်ကြ၏။

ပုလဲနက်သည် ရယ်မောခြင်းမရှိပါ။

သူမသည် စကားလည်းမပြော၊ ရယ်မောခြင်းလည်း မရှိဘဲ ငြိမ်သက်နေ၏။

ဓားသမား ရှောင်စုတို့လူစု စားသောက်ဆိုင်ထဲမှ ထွက်သွားပြီးကတည်းက ပုလဲနက်သည် တစ်စုံတစ်ရာကို တွေးတော စဉ်းစားနေဟန်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေခဲ့၏။

သူမ၏ ဝိုင်းစက်သော မျက်လုံးထဲ၌ စိုးရိမ်ကြောင့်ကြသည့် အရိပ်အယောင်များ ဖြစ်ပေါ်နေ၏။

သူမသည် ရုတ်တရက် မတ်တတ်ရပ်လိုက်၏။

သူမ၏ အပြုအမူကြောင့် ဝူးထိဝါးတို့သည် အံ့သြသွား၏။

သူမသည် ရုတ်တရက် ထိုင်ရာမှ ထ,ရပ်လိုက်ပြီး …

"ကျွန်မ … ကျွန်မ"

ဟု စကားကို တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ပြောလိုက်၏။



ထို့ကြောင့် လီဟုန်က ပုလဲနက်ကို အံ့သြတန်ဖြင့်ကြည့်ကာ

"ဘာလဲ ညီမ … ဘာပြောမလို့လဲ"

ဟု မေးလိုက်၏။

ပုလဲနက်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး …

"ကျွန်မ သွားတော့မယ်"

လီဟုန်က မျက်ခုံးပင့်ကာ …

"ညီမက ဘယ်သွားမှာလဲ"

ပုလဲမက်က သက်ပြင်းချလိုက်ပြီး …

"သဲကန္တာရဟာ နေလို့ကောင်းတဲ့နေရာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီနေရာဟာ ကျွန်မရဲ့ ဇာတိဖြစ်နေတယ် မဟုတ်လား"

လီဟုန်က ပြုံးလိုက်ပြီး …

"ညီမက ဘာဖြစ်လို့ သဲကန္တာရကို ပြန်မှာလဲ၊ မမတို့ရဲ့အိမ်ဟာ ညီမရဲ့ အိမ်ပဲပေါ့"

စုယုံယုံက ပြုံး၍ …

"ဟုတ်ပါတယ်၊ ကျွန်မတို့တစ်တွေဟာ ညီအစ်မအရင်းတွေ မဟုတ်ပေမယ့် ကျွန်မတို့ဟာ ညီအစ်မာရင်းတွေပါပဲ"

စုံထန်က …

"မမကို တားမရရင် ညီမတို့အားလုံး မမနဲ့ လိုက်မှာပဲ"

ဟု ဝင်၍ ပြောလိုက်၏။

ချူလှူုရှမ်းက ဖြုံးလိုက်ပြီး ...

"ဟုတ်ပါတယ် ... ငါတို့တစ်တွေဟာ ညီအစ်ကို မောင်နှမအရင်း မဟုတ်ပေမယ့် ညီအစ်ကိုမောင်နှမအရင်းထက်တောင် ပိုပြီး ခင်မင်ကြပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင်တော့ ငါ့ညီမက လီဟုန်တို့နဲ့ အတူ သီလရှင်ကျောင်းကို လိုက်သွားစေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ဟာ သိုင်းလောကအတွေ့အကြုံ နုသေးတယ်၊ ညီမ လိုက်သွားမှ သူတို့ကို အကူအညီပေးနိုင်မှာပေါ့"

ဟု ဝင်ရောက်ပြောလိုက်၏။

ပုလဲနက်က သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးမှ သူမသည် ချူလှူုရှမ်းကို ကြည့်ကာ ...

"ရှင်က ရေအောက်နန်းတော်ကို တကယ်ပဲ သွားမှာလား"

ချူလှူုရှမ်းက ဖြုံးလိုက်ပြီး ...

"သူက ကျုပ်ရဲ့ ဦးခေါင်းကိုလိုချင်နေတာပဲ၊ ကျုပ်က မသွားလို့ ဖြစ်ပါ့မလား"

ဟု ပြောလိုက်၏။

ပုလဲနက်က ဘာမှမပြောတော့ပါ။

သူမသည် ချူလှူုရှမ်း၏စိတ်ထဲ၌ ဖြစ်ပေါ်နေသော အကြောင်းအရာကို သိနေဟန်ဖြင့် သက်ပြင်းချလိုက်၏။

ပြီးမှ ထိုင်ခုံ၌ ပြန်ထိုင်လိုက်၏။



ချူလှူုရှမ်းက ဖြုံးလိုက်ပြီး ...

"ကျုပ်နဲ့ ဂူးထိဝါးတို့ နှစ်ယောက်က စုယုံယုံရောက်ခဲ့တဲ့ ရေအောက်နန်းတော်ကို သွားမယ်၊ စုယုံယုံက ကျုပ်တို့ကို လမ်းပြပါ၊ လီဟုန်တို့က မေလင်းဟုန် ရောက်ခဲ့တဲ့ ရေအောက်နန်းတော်ကို သွားပါ၊ မေလင်းဟုန်တို့က လမ်းပြပေးပါ၊ ဟုတ်ပြီလား"

လီဟုန်က ...

"ရေအောက်နန်းတော်က တစ်ခုတည်းဆိုရင်ရော ..."

ချူလှူုရှမ်းက ဖြုံးလိုက်ပြီး ...

"ဒါဆို ကျုပ်တို့တွေ ရေအောက်နန်းဆောင်မှာ ဆုံမှာပေါ့၊ အခု လဆန်း (၉) ရက်ဆိုတော့ ကံကောင်းရင် လပြည့်နေ့မှာ ကျုပ်တို့ ဆုံလိမ့်မယ်ထင်တယ်"

လီဟုန်က မျက်မှောင်ကြုတ်ကာ ...

"ကျွန်မတို့က မိန်းမသားတွေချည်းပဲဆိုတော့ အန္တရာယ်သိပ် မရှိနိုင်ဘူး၊ ရှင်တို့သာ ..."

ဂူးထိဝါးက လက်ကာပြကာ ...

"စိတ်ချ ... ရေနန်းဒေဝီသာ ယောကျ်ားမဖြစ်စေနဲ့၊ မိန်းမပဲဖြစ်ဖြစ်၊ မိန်းမလျာပဲဖြစ်ဖြစ် ချူလှူုရှမ်းပါနေမှတော့ အန္တရာယ်မဖြစ်နိုင်ဘူး၊ ဒီကောင်က မိန်းမလည်းစွံတယ်၊ အဲ ... မိန်းမလျာဆို ပိုပြီးတောင် စွံသေး ..."

ဝူးထိဝါး၏ စကားကြောင့် ချူလှူရှမ်းသည် မျက်နှာရှုံ့မဲ့သွား ပြီး ...

"ဟုတ်တယ် ... ကျုပ်ကတော့ ဘာမှဖြစ်မှာမဟုတ်ဘူး၊ မင်းကို သာ အိုးထဲထည့်ပြီး ပြုတ်သောက်မှာ ..."

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်လုံးပြူးကာ ...

"အင်း ... အဲဒီလိုဆို တော်သေးတယ်၊ အဲဒီလိုမဟုတ်ဘဲ ကျုပ် ကိုမှ မရရင် မဖြစ်တော့ပါဘူးလို့ ရေနန်းဒေဝီက ငိုယိုတောင်းပန် ရင် ဒုက္ခပဲ"

လီဟုန်နှင့် စုံထန်းတို့သည် ချူလှူရှမ်းနှင့် ဝူးထိဝါးတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စကားအနိုင်လုပြောနေသည် ကို ရယ်မောနေ၏။

ပြီးမှ စုံထန်က ဝူးထိဝါးကို ကြည့်ကာ ...

"အင်း ... ရေနန်းဒေဝီက ရှင့်ကိုယူရင်တော့ ရေအောက်နန်း တော်ကို အရက်အိုးနန်းတော်လို့ အမည်ပြောင်းရတော့မှာပဲ"

ဟု ပြောလိုက်၏။

စုံထန်၏စကားကြောင့် စားပွဲမှ လူတိုင်းက သဘောကျစွာ ရယ်မောလိုက်ကြလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆



ဤနေရာသည် တောင်တန်းဒေသမြို့ကလေးတစ်မြို့ ဖြစ်၏။

ထိုမြို့ကလေးမှ ရှေ့သို့ တူရူ ဆက်၍သွားလျှင် တောင်စဉ် တောင်တန်းများသို့ ရောက်ရှိမည်ဖြစ်၏။

နေဝင်ရီတရော အချိန်၌ ထိုမြို့ကလေးသို့ လူသုံးယောက် ရောက်ရှိလာ၏။

ထိုလူသုံးယောက်မှာ ချူလှူရှမ်း၊ ဝူးထိဝါးနှင့် စုယုံယုံတို့ ဖြစ်ကြ၏။

ထိုမြို့ကလေးသို့ ရောက်သည်နှင့် ဝူးထိဝါးက အလွန်အရေး ကြီးသော ကိစ္စကို စတင်ဆောင်ရွက်၏။

ထိုကိစ္စမှာ အရက်ဆိုင်ကို ရှာဖွေခြင်းပင်ဖြစ်၏။

ဤသည်မှာ ဝူးထိဝါးအတွက် အလွန်အရေးကြီးသော ကိစ္စ ဖြစ်၏။

သူသည် ထမင်းမစားဘဲ နေနိုင်၏။

သူသည် ညမအိပ်ဘဲ နေနိုင်၏။

သို့သော် အရက်မသောက်ဘဲ မနေနိုင်ပါ။

ထို့ကြောင့် ...

မည်သည့်နေရာသို့ ရောက်ရောက် ဝူးထိဝါးအတွက် အရေး အကြီးဆုံးအရာမှာ အရက်ဆိုင်ကို ရှာဖွေခြင်းပင်ဖြစ်သည် မဟုတ် ပါလား။

ဤမြို့ကလေးသည် တောင်တန်းဒေသတစ်ခုမှ မြို့ကလေးဖြစ်၏။

ထို့ကြောင့် ထိုမြို့ကလေးသည် အေးချမ်းငြိမ်သက်နေ၏။

လူစည်ကားခြင်း မရှိပါ။

ချူလှူဂျုရှမ်းတို့သည် ထိုမြို့ကလေး၏ တစ်ခုတည်းသော မင်းလမ်းအတိုင်း လျှောက်လာခဲ့ကြ၏။

မြို့က သေးငယ်ပြီး သပ်ရပ်သော မြို့ဖြစ်၏။

လမ်းမပေါ်၌လည်း လူသွားလူလာ တစ်ယောက်စ နှစ်ယောက်စမျှသာ တွေ့ရ၏။

ထို့ကြောင့် သူတို့သည် အေးချမ်းတိတ်ဆိတ်သော မြို့ကိုကြည့်ရင်း လမ်းမအတိုင်း လျှောက်လှမ်းလာခဲ့ကြ၏။

မကြာမီ သူတို့သည် သူတို့နှင့် မျက်နှာချင်းဆိုင် လျှောက်လာသော လူတစ်စုကို တွေ့လိုက်ရ၏။

ချူလှူဂျုရှမ်းသည် ထိုလူစုကို မြင်တွေ့လိုက်ရသည်နှင့် မျက်မှောင်မသိမသာ ကြုတ်လိုက်မိ၏။

သူသည် ထိုလူစု၏ ဝတ်စားဆင်ယင်ပုံကို မြင်တွေ့လိုက်ရသောကြောင့် မျက်မှောင် မသိမသာ ကြုတ်လိုက်မိခြင်းဖြစ်၏။

အကြောင်းမှာ ထိုလူစုသည် သိုင်းလောကသားများဖြစ်လိမ့်မည်ဟု ချူလှူဂျုရှမ်းက တပ်အပ်သိလိုက်၏။



ဝူးထိဝါးသည် ထိုလူစုကို မြင်တွေ့သောအခါ ဝမ်းသာသွား၏။

သူသည် ထိုလူစု၏ မျက်လုံးများကိုကြည့်ပြီး ထိုလူစုသည် အရက်သမားများ ဖြစ်ကြောင်း တပ်အပ်သိလိုက်၏။

အကြောင်းမှာ အရက်အလွန်အကျွံ သောက်ထားသော အရက်သမားများ၏ မျက်လုံးများသည် ငါးသေတစ်ကောင်၏ မျက်လုံးများကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

ထို့အပြင် အရက်သောက်ခဲ့သော လူများ၏ စကားသံသည် တခြားလူများထက် ကျယ်လောင်တတ်၏။

သူတို့သည် သူတို့ကို သူတို့ အသံကို ထိန်း၍ ပြောနေသည်ဟု ထင်မှတ်ကြသော်လည်း သူတို့၏ စကားပြောသံသည် တခြားလူများအတွက် အနှောင့်အယှက် ဖြစ်လောက်အောင်ပင် ကျယ်လောင်လှ၏။

ထို့ကြောင့် ထိုလူစုသည် အရက်သောက်ပြီး အရက်ဆိုင်မှ ထွက်လာခြင်းဖြစ်လိမ့်မည်ဟု ထင်မှတ်လိုက်၏။

ထို့ကြောင့် ဝူးထိဝါး၏ မျက်နှာသည် ပြုံးရွှင်သွားပြီး မည်သည့်နေရာ၌ အရက်ဆိုင်ရှိကြောင်း မေးမြန်းရန် ထိုလူစု အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွား၏။

သို့သော် သူ၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွား၏။

အကြောင်းမှာ ထိုလူ၏ အချင်းချင်း ပြောဆိုနေသောစကားသံကို ကြားလိုက်ရသောကြောင့်ဖြစ်၏။

"ဟေ့ကောင် ... ဘာဖြစ်လို့ အတင်းဆွဲခေါ်ရတာလဲ၊ အခုမှ သောက်ကောင်းတုန်း ရှိသေးတာ"

တစ်ယောက်က မကျေမနပ်ဖြင့် ပြောလိုက်၏။

ထိုလူကို ဆွဲခေါ်လာသူက ...

"မင်းက ဘာသိလို့လဲ၊ ငါတို့ ကဗျာအရက်ဆိုင်ကို အဘိုးကြီးနှစ်ယောက် ဝင်လာတာ တွေ့တယ်မဟုတ်လား"

ထိုလူက မကျေမနပ်ဖြင့် ...

"ဘာလဲ ... သူတို့က မင်းရဲ့ ယောက္ခမလား"

"ကျုပ် ယောက္ခမဆိုရင် ကောင်းတာပေါ့၊ ဒီမှာ မင်းသိအောင် ပြောပြမယ်၊ အဲဒီ အဘိုးကြီးနှစ်ယောက်ထဲမှာ တစ်ယောက်က အဝါရောင် ဓားသမား လူဝါးကွ သိရဲ့လား"

အရက်ဆိုင်ထဲမှ အတင်းအကြပ် ဆွဲခေါ်လာခြင်း ခံရသဖြင့် မကျေမနပ်ဖြစ်နေသော ပထမလူသည် ဒုတိယလူ၏ စကားကြောင့် ပါးစပ်ပိတ်သွား၏။

သူသည် အတန်ကြာအောင် ဒုတိယလူကို ကြည့်နေ၏။

ထို့နောက် သူသည် ပါးစပ်ပိတ်ကာ ဒုတိယလူကိုဆွဲခေါ်ရာသို့ ယိုင်တိယိုင်တိုင်ဖြင့် လိုက်ပါသွား၏။



ဝူးထိဝါးသည် ရပ်နေမိ၏။

ထိုလူ၏ ပြတ်ကျော်သွားသည်အထိ ရပ်နေ၏။

ထိုလူ၏ ပြတ်ကျော်သွားပြီးသောအခါမှ မျက်ခုံးပင့်ကာ ...

"လူဝါးတို့ ဒီမှာရောက်နေတာကိုး၊ အတော်ပဲ ... သူတို့ကို အရက်ဝယ်တိုက်နိုင်းရမယ်"

ဟု ပြောလိုက်၏။

ချူလျူရှမ်းက ဦးခေါင်းခါယမ်းကာ ...

"မဖြစ်ဘူး"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ချူလျူရှမ်းက ...

"မင်းကြားတယ် မဟုတ်လား၊ အဘိုးကြီး နှစ်ယောက်ဆိုတာ"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ကြားသားပဲ"

ချူလျူရှမ်းက ...

"တစ်ယောက်က လူဝါးဖြစ်ရင် နောက်တစ်ယောက်က ဟိုမျက်နှာအတုနဲ့ လူ ဖြစ်မှာပေါ့"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"အဲဒါဘာဖြစ်လဲ ... သူတို့ကို ဝယ်မတိုက်နိုင်းတော့ဘူး၊ ကိုယ့်ဘာသာ ကိုယ် ဝယ်သောက်မယ်"

ချူလျှူရှမ်းက ဦးခေါင်းခါယမ်းကာ ...

"ဒါလည်းမဖြစ်ဘူး"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"သူတို့ ရှိနေတုန်း ငါတို့ဝင်သွားရင် သူတို့က ကြိုက်မယ် မထင်ဘူး"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"သူတို့က ရေအောက်နန်းတော်ကို သွားမလို့များလား"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"မင်းပြောတာ ဖြစ်နိုင်တယ်၊ အဝါရောင်သိုင်းသမားဟာ ရေအောက်နန်းတော်အကြောင်းကို မျက်နှာအတုနဲ့ လူဆီက သိခဲ့တာ မဟုတ်လား၊ ဒီတော့ မျက်နှာအတုနဲ့ လူဟာ ရေအောက်နန်းတော်နဲ့ ပတ်သက်နိုင်တယ်"

စုယုံယံက သူတို့နှစ်ယောက်၏ စကားကို အံ့ဩစွာဖြင့် နား ထောင်နေ၏။



ချူလျှူရှမ်းက တစ်ချက်စဉ်းစားလိုက်ပြီး ...

"စားသောက်ဆိုင်မှာ ကျုပ်တို့နဲ့တွေ့တုန်းက အဝါရောင် သိုင်းသမားကို စုယုံယုံက ရေအောက်နန်းတော်နဲ့ ပတ်သက်ပြီး မေးခဲ့တယ်၊ အဝါရောင်သိုင်းသမားက စုယုံယုံရဲ့ အမေးကို ဖြေတော့ ဖြေတယ်၊ ဒါပေမယ့် ဆက်မေးလာမှာကို မဖြေချင်လို့ ကတိုက် ကရိုက် ထွက်သွားတာ ဖြစ်နိုင်တယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ချူလျှူရှမ်းက မျက်မှောင်ကြုတ်ရင်း ...

"ဒါဆို သူတို့မှာ ကျုပ်တို့ကို အသိမပေးချင်တဲ့ကိစ္စတွေ ရှိနိုင်တယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ရင်း ...

"ဘာကိစ္စတွေ ဖြစ်မလဲ"

ချူလျှူရှမ်းက လက်ကာပြလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် သူတို့ကမှ ကျုပ်တို့ကို မသိစေချင်တာ ကျုပ်တို့က သူတို့ဆီကိုသွားရင် အနှောင့်အယှက် ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့ သတိထားရမှာက စောစောက အရက်သမားတွေပဲ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက နားမလည်ဟန်ဖြင့် ချူလျှူရှမ်းကို ကြည့်ကာ ...

"ဘာဖြစ်လို့လဲ"

ချူလျှူရှမ်းက ...

"သူတို့ကို ကြည့်ရတာ လူကောင်းတွေ မဟုတ်ဘူးလို့ ထင်တယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"မင်းပြောတာကို ကျုပ်ထောက်ခံတယ်"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"မင်းက ထောက်ခံမယ်ဆိုတာ ကျုပ်သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူတွေနောက်ကို လိုက်သွားရင် အရက်လည်းသောက်လို့ရမယ်၊ သတင်းလည်း စပ်စုလို့ရမယ်၊ ဟုတ်တယ် မဟုတ်လား"

ဝူးထိဝါးက ရယ်မောလိုက်ပြီး ...

"ဒါဆို မင်းက ဘာဖြစ်လို့ ဒီမှာရပ်နေရသေးတာလဲ"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် အရက်သမားများ၏နောက်သို့ လိုက်သွားလေတော့သည် မဟုတ်ပါလား။

ချူလျှူရှမ်း၏ အတွေးက တစ်ဝက်မှန်၏။

အကြောင်းမှာ သူတို့သည် အရက်သာများ၏ နောက်သို့ လိုက်လာခဲ့ရာ အရက်ကို ကောင်းစွာ သောက်ခဲ့ရ၏။

သို့သော် စပ်စုရန်ကိစ္စများကို မတွေ့ခဲ့ရပါ။



ထိုအရက်သမားလူစုသည် အရက်ဆိုင်ပြောင်း၍ သောက်ပြီးနောက် တည်းခိုခန်းသို့ တန်းသွားကာ အိပ်စက်ခဲ့ကြ၏။

ထို့ကြောင့် ချူလျှူရှမ်းတို့သည် ထိုလူစု၏ အပြုအမူကို အံ့သြသွားခဲ့ရ၏။

ချူလျှူရှမ်းတို့သည် ထိုအရက်သမားအုပ်စု စားသောက်ခဲ့သော စားသောက်ဆိုင်၌ ညစာစားသောက်ပြီးနောက် တိုအရက်သမားအုပ်စု တည်းရှိသော တည်းခိုခန်း၌ပင် အခန်းနှစ်ခန်း ငှားရမ်းလိုက်၏။

ချူလျှူရှမ်းနှင့် ဝူးထိဝါးတို့က တစ်ခန်း၊ စုယုံယုံအတွက် တစ်ခန်းဖြစ်၏။

ဝူးထိဝါးသည် မအိပ်နိုင်သေးပါ။

သူသည် အရက်အိုးကို အခန်းထဲသို့ ယူလာပြီး အရက်ကို ဆက်၍သောက်နေ၏။

ချူလျှူရှမ်းသည် စားပွဲ၌ ထိုင်ကာ တစ်စုံတစ်ရာကို စဉ်းစားနေ၏။

အတန်ကြာမှ ချူလျှူရှမ်းက ဝူးထိဝါးကို လှမ်းကြည့်ကာ ...

"ဟေ့ကောင် ... မင်း တော်ရုံတန်ရုံ သောက်ရင် ကောင်းမယ်၊ မနက်ဖြန် ကျုပ်တို့ စောစောထပြီး ခရီးဆက်ရဦးမယ် မဟုတ်လား"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

ဘာလဲ မင်းက ကျုပ်မှူးသွားမှာကို စိုးရိမ်နေလို့လား"

ချုလျှုရှမ်းက တစ်စုံတစ်ရာကို ပြောရန်ဟန်ပြင်လိုက်၏။

ထိုစဉ် အခန်း၏ပြတင်းပေါက်အပြင်ဘက်မှ ...

"ဟော့ ... ချုလျှုရှမ်း ထွက်ခဲ့"

ဟု အော်ခေါ်လိုက်သော အသံသည် ရုတ်တရက် ထွက်ပေါ်လာ၏။

ထိုအသံကြောင့် ချုလျှုရှမ်းသည် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအချိန်မှာပင် ဝူးထိဝါးသည် ထိုင်ရာမှ ရုတ်တရက် ခုန်ထကာ ပြတင်းပေါက်သို့ တစ်ရှိန်ထိုး ပြေးသွားပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့၏။

ချုလျှုရှမ်းသည် မျက်လုံးပြူးကာ ...

"ဟော့ ... လူးထိဝါး နေဦး"

ဟု လှမ်း၍ဟန့်တားလိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်၏။

ချုလျှုရှမ်းသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လိုက်လေတော့၏။

အပြင်ဘက်သို့ ရောက်သောအခါ အိမ်ခေါင်မိုးတစ်ခုပေါ်၌ လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရ၏။



ထိုလူရိပ်က ချုလျှုရှမ်းတို့ကို လက်ရပ်ခေါ်ပြီးနောက် အိမ်ခေါင်မိုးပေါ်မှ ပြေးလွှား၍သွားလေတော့၏။

ချုလျှုရှမ်းသည် အိမ်ခေါင်မိုးပေါ်၌ ပြေးလွှားသွားသော လူရိပ်၏ ကိုယ်ဖော့ပညာကို မြင်တွေ့လိုက်ရသောအခါ သက်ပြင်းတစ်ချက်ကို ချလိုက်မိလေတော့သည် မဟုတ်ပါလား။

ဝူးထိဝါးက ...

"သူတို့ကို ကျုပ်တို့ကသွားပြီး မနှောင့်ယှက်တော့ သူတို့က ကျုပ်တို့ကို လာပြီးနှောင့်ယှက်နေပါလား"

ဟု ပြောလိုက်၏။

ချုလျှုရှမ်းက ဝူးထိဝါးကို ကြည့်ကာ ...

"မင်းက ဘယ်သူလို့ထင်လို့လဲ"

ဝူးထိဝါးက ...

"ဘယ်သူဖြစ်မှာလဲ၊ အဝါရောင်သိုင်းသမားနဲ့ ပါလာတဲ့ ဟို မျက်နှာအတုနဲ့လူ မဟုတ်လား"

ချုလျှုရှမ်းက ဦးခေါင်းခါယမ်းကာ ...

"မင်းထင်သလို မဟုတ်ဘူးထင်တယ်"

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ"

ချုလျှုရှမ်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ...

"သူတို့က သူတို့ဘာသာ အတတ်နိုင်ဆုံး လျှို့ဝှက်ပြီး နေတာ ဘာဖြစ်လို့ ကျုပ်တို့ဆီကို လာမှာလဲ"

ဝူးထိဝါးက ဦးခေါင်းခါယမ်းကာ ...

"မင်း သူ့ရဲ့ ကိုယ်ဖျောက်ပညာကို တွေ့တယ်မဟုတ်လား"

ချူလှူဂျူမ်းက ဦးခေါင်းညိတ်ကာ ...

"တွေ့တယ်"

ဝူးထိဝါးက ...

"ဒီလို ကိုယ်ဖျောက်ပညာ မြင့်တဲ့ လူမျိုးကရှားတယ်၊ သူတို့မှ မဟုတ်ရင် ဘယ်သူဖြစ်နိုင်မှာလဲ"

ချူလှူဂျူမ်းက ပြုံးလိုက်ပြီး ...

"အခု ကျုပ်တို့ရောက်နေတဲ့ နေရာဟာ ရေအောက်နန်းတော်ရဲ့ နယ်မြေထဲမှာ ဆိုတာ မင်းက သိဖို့ကောင်းတယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"ဟာ ... ဒီလူက ယောကျ်ားပဲ၊ ရေအောက်နန်းတော်က လူ မဟုတ်တာ သေချာတယ်၊ ဘာလဲ ... မင်းက ယောကျ်ားလား၊ မိန်းမ လားဆိုတာတောင် မခွဲခြားတတ်တော့ဘူးလား"

ချူလှူဂျူမ်းက ပြုံးပြလိုက်ပြီး ...

"ယောကျ်ားလား ... မိန်းမလားဆိုတာ သိရအောင် ကျုပ် လိုက်သွားမယ်"



ဝူးထိဝါးက ဦးခေါင်းခါယမ်းကာ ...

"မရှိတော့ဘူး"

ချူလှူဂျူမ်းက ပြုံးလိုက်ပြီး ...

"သူက ကျုပ်တို့ကို လာရှာတာပဲ၊ ကျုပ်တို့ကို တွေ့အောင် စောင့်နေမှာပေါ့"

ဟု ပြောလိုက်၏။

ထို့နောက် ချူလှူဂျူမ်းသည် အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။

ဝူးထိဝါးက ဦးခေါင်းခါယမ်းကာ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ချူလှူဂျူမ်းက ...

"မင်း လိုက်မလာနဲ့၊ စုယုံယုံရှိသေးတယ်၊ မင်းက သူ့ကို စောင့်ရှောက်ထားပါ"

ဟု လှည့်၍ ဟန့်တားလိုက်၏။

ထို့နောက် ချူလှူဂျူမ်းသည် ကိုယ်ဖျောက်ပညာကို အသုံးပြု၍ အိမ်ခေါင်မိုးပေါ်၌ ပြေးလွှားသွားလေတော့၏။

တစ်ဒင်္ဂအတွင်းမှာပင် ချူလှူဂျူမ်း၏ ခန္ဓာကိုယ်သည် အဝေးသို့ ရောက်ရှိသွားပြီဖြစ်၏။

ဝူးထိဝါးသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"အင်း... ပိုးဟပ်ဖြူနဲ့ နေရတာ အခုလို လူနောက်လိုက်ရမယ့် ကိစ္စတိုင်း ငါပဲအမြဲတမ်း ကျန်ခဲ့တယ်"

ဟု ညည်းညူလိုက်လေတော့၏။

◆ ◆ ◆

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

တည်းခိုခန်း၌ မီးရောင်များ မရှိတော့ပါ။

သို့သော် တည်းခိုခန်း၏ အခန်းနှစ်ခန်းမှာ မီးရောင်လင်းနေဆဲ ဖြစ်၏။

တစ်ခန်းက ဆိုင်အလုပ်သမားများ၏ အခန်းဖြစ်၏။

ကျန်တစ်ခန်းက ချူလျှူရှမ်း၏ အခန်းဖြစ်၏။

စုယုံယုံ၏ အခန်းသည် ချူလျှူရှမ်း၏ အခန်းနှင့် ကပ်လျက် ဖြစ်၏။

တည်းခိုခန်း၏ ဝဲဘက်မှ အခန်းသုံးခန်းသည် အရက်သမား အုပ်စု၏ အခန်းဖြစ်၏။

အခန်းထဲမှ ဂူးထိဝါးတို့ ထွက်လာစဉ်က ထိုအခန်းသုံးခန်း၌ မီးရောင်မတွေ့ရပါ။

အိပ်မောကျနေဟန်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။

ယခု ထိုအခန်း သုံးခန်း၌ မီးရောင်တွေ့ရ၏။



ထိုအခန်းသုံးခန်း၏ ပြတင်းပေါက်၌ လူရိပ်များကိုလည်း တွေ့ရ၏။

ထို့ကြောင့် ဂူးထိဝါးသည် မျက်မှောင်ကြုတ်လိုက်မိ၏။

"ဒီလူတွေ ညဉ့်နက်သန်းခေါင်မှာ ဘာထလုပ်နေတာလဲ"

ဟုလည်း ဂူးထိဝါး၏ စိတ်ထဲမှ တွေးလိုက်၏။

ထို့နောက် သူသည် စုယုံယုံ၏ အခန်းကို လှမ်းကြည့်လိုက်၏။

စုယုံယုံ၏ အခန်းသည် အလင်းရောင် ကင်းမဲ့နေပြီး တိတ် ဆိတ်နေ၏။

မည်သည့် ထူးခြားမှုမျှမတွေ့ရပါ။

ဂူးထိဝါးသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး အရက် သမားအုပ်စု၏ အခန်းအနီးသို့ ချဉ်းကပ်သွား၏။

ထို့နောက် သူသည် ပြတင်းပေါက်နံဘေး၌ အမှောင်ကွယ်ကာ အခန်းထဲသို့ လှမ်း၍ကြည့်လိုက်၏။

ထိုစဉ် ထိုအခန်း သုံးခန်းအနက် ဝဲဘက်အခန်းမှ မီးရောင် မှိတ်သွားပြီး အခန်းတံခါးပွင့်ကာ အခန်းထဲမှ လူနှစ်ယောက် ထွက် လာ၏။

ထို့နောက် ထိုလူနှစ်ယောက်သည် အလယ်ခန်းမှ တံခါးကို ခေါက်ကာ...

"ဟော့... အုံးမောင်း သုံးချက်တီး ရှိပြီ"

ဟု ပြောလိုက်၏။

ထိုလူနှစ်ယောက်၏ စကားသံအဆုံး၌ အခန်းထဲမှ ရယ်မောသံနှင့်အတူ စကားသံ ပေါ်ထွက်လာ၏။

အေးပါ … ငါတို့လည်း ထနေပါပြီ၊ မင်းတို့ကို စောင့်နေတာ"

စကားသံဆုံးသည်နှင့် အခန်းတံခါး ပွင့်လာပြီး လူနှစ်ယောက် ထွက်လာ၏။

သူတို့နှစ်ယောက်၏ လက်ထဲ၌ အထုပ်တစ်ထုပ် ပါလာ၏။

သူတို့သည် အခန်းအပြင်သို့ ရောက်သောအခါ လက်ထဲမှ အထုပ်ကို အခန်းတံခါး လာခေါက်သော လူနှစ်ယောက်ထံ လှမ်းပေးရင်း …

"ဟောဒီမှာ အထုပ် … မင်းတို့ယူထား"

ဟု ပြောလိုက်၏။

အခန်းတံခါးကို လာခေါက်သော လူနှစ်ယောက်က အထုပ်ကို လှမ်းယူလိုက်၏။

ထိုစဉ် …

ရုတ်တရက် အထုပ်ကိုလှမ်းပေးသော လူနှစ်ယောက်က ဝှက်ထားသော ဓားကိုထုတ်၍ လျှပ်တစ်ပြက် ထိုးချလိုက်၏။

အထုပ်ကို လှမ်းယူသော လူနှစ်ယောက်သည် "အား" ဟု တစ်ချက်မျှ အော်ဟစ်ပြီး ကြမ်းပေါ်သို့ ခွေ၍လဲကျသွား၏။



သူတို့သည် နားမလည်သော မျက်လုံးဖြင့် အထုပ်ကိုလှမ်းပေးလိုက်သော လူနှစ်ယောက်ကို ကြည့်နေ၏။

ဝူးထိဝါးသည် ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသောအခါ အံ့ဩသွား၏။

ထိုစဉ် ယာဘက်အခန်းမှ အခန်းတံခါးပွင့်လာပြီး လူနှစ်ယောက် ထွက်လာ၏။

သူတို့နှစ်ယောက်သည် ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်သောအခါ အံ့ဩသွားသည်။ ဓားကို ဆုပ်ကိုင်လိုက်၏။

ပြီးမှ အထုပ်ကို လှမ်းပေးသော လူနှစ်ယောက်ကို ကြည့်ကာ

"လောက်စန်း … မင်း ဒါဘာလုပ်တာလဲ"

ဟု မေးလိုက်၏။

လောက်စန်းက ဓားပေါ်မှ သွေးများကို သေဆုံးသွားသော လူ၏အင်္ကျီဖြင့် သုတ်ရင်း …

"ဘာမှမလုပ်ပါဘူး၊ ပစ္စည်းတစ်ခုကို ခြောက်ယောက်ခွဲမယ့်အစား လေးယောက်ခွဲယူတာ ပိုကောင်းမလားလို့ပါ"

လောက်စန်း၏ စကားကြောင့် အခန်းထဲမှ ထွက်လာသော လူနှစ်ယောက်က ဦးခေါင်းညိတ်ကာ …

"မင်းအကြံ မဆိုးဘူး"

ဟု ပြောလိုက်၏။

လောက်စန်းက ပြုံးရင်း ...

"ငါတို့ ရဲမက်တွေရဲ့ လက်က လွတ်လာပေမယ့် သိပ်တော့ စိတ်မချရသေးဘူး၊ ဒီက အမြန်ဆုံးသွားကြရင် ကောင်းမယ်"

ဟု ပြောလိုက်၏။

လောက်စန်း၏ စကားကြောင့် ထိုလူများသည် လူဆိုးဓားပြများ ဖြစ်သည်ကို သဘောပေါက်လာ၏။

တစ်ဆက်တည်းမှာပင် ထိုအထုပ်ထဲ၌ မည်သည့်ပစ္စည်း ပါရှိသည်ကိုလည်း သိချင်လာ၏။

ထို့ကြောင့် ဂူးထိဝါးသည် ပုန်းကွယ်ရာမှထွက်ပြီး ထိုလူများကို ဟန့်တားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် အဖြူရောင် လူရိပ်တစ်ရိပ်က လောက်စန်းထံသို့ ရောက်ရှိလာသည်ကို တွေ့ လိုက်ရ၏။

ထို့ကြောင့် ဂူးထိဝါးသည် ရင်ထိတ်သွားပြီး အသာပြန်၍ ပုန်းနေလိုက်၏။

တစ်ဆက်တည်းမှာပင် အဖြူရောင်လူရိပ်သည် ကိုယ်ဖော့ပညာ အလွန်အဆင့်မြင့်ကြောင်းကိုလည်း အကဲခတ်မိလိုက်၏။

ဤနေရာကဲ့သို့ လူသူအရောက်အပေါက်နည်းသော မြို့ကလေး၌ ယခုကဲ့သို့ သိုင်းပညာမြင့်မားသော သိုင်းသမားများ ရှိလိမ့်မည်ဟု ဂူးထိဝါးက မထင်ခဲ့ပါ။



ထို့ကြောင့် ဂူးထိဝါးသည် အဖြူရောင် လူရိပ်ကို သေချာစွာ ကြည့်လိုက်မိ၏။

သူသည် အဖြူရောင်လူရိပ်၏ မျက်နှာကို ပီပီပြင်ပြင် မတွေ့ရပါ။

သို့သော် အဖြူရောင်လူရိပ်သည် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကိုကား ဂူးထိဝါးက သိလိုက်၏။

လောက်စန်းသည် မိမိ၏အနီးသို့ ဖြုန်းခနဲ ရောက်လာသော မိန်းကလေးကို တအံ့တသြဖြင့် ငေးကြည့်နေမိ၏။

အဖြူရောင် မိန်းကလေးက လောက်စန်းကို စေ့စေ့ကြည့်ပြီး

"ဒီလူနှစ်ယောက်ကို မင်းက သတ်လိုက်တာလား"

ဟု မေးလိုက်၏။

မိန်းကလေး၏ အသံက ချိုလွင်သော်လည်း အေးစက်သည်ဟု ထင်မှတ်ရ၏။

လောက်စန်းသည် မိမိ၏အနီးသို့ လူရိပ်တစ်ရိပ်ကဖြုန်းခနဲ ရောက်လာသောအခါ ထိတ်လန့်သွားခဲ့၏။

သို့သော် ထိုလူရိပ်မှာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသောအခါ မချိုမချဉ် ပြုံးလိုက်၏။

ပြီးမှ သူသည် မိန်းကလေးကို အခြေအဆုံး, ခေါင်းအဆုံး တစ်ချက်ကြည့်လိုက်ရင်း ...

"ဒီလူနှစ်ယောက်ကို ကျုပ်ကသတ်တယ်၊ မသတ်ဘူးဆိုတာ မိန်းကလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး…

"ရှင်တို့ တစ်ခြားနေရာမှာ လူသတ်တာဆိုရင်တော့ နှစ်ယောက်မကပါဘူး သတ်ချင်သလောက် သတ်ပါ၊ လူနှစ်ရာလောက်သတ်လည်း ကျွန်မနဲ့မသက်ဆိုင်ပါဘူး၊ ဒါပေမယ့် အခုလို ဒီနေရာမှာ လူသတ်တာဆိုတော့…

မိန်းကလေးက စကားကိုဆုံးအောင် မပြောဘဲ ရပ်တန့်တားလိုက်ပြီး လောက်စန်းကို စူးစိုက်ကြည့်လိုက်၏။

လောက်စန်းက ပြုံးလိုက်ရင်း…

"ဒီနေရာက ဘာထူးခြားလို့လဲ"

မိန်းကလေးက…

"ဒီနေရာမှ လူမသတ်ရဘူး"

လောက်စန်းက ရယ်မောလိုက်ပြီး…

"ဟုတ်လား ဒါပေမယ့် ကျုပ်က လူသတ်ပြီးနေပြီ"

မိန်းကလေးက သက်ပြင်းချလိုက်ရင်း…

"ရှင်က လူသတ်လိုက်ပြီးပြီဆိုတော့ ရှင်တို့လုပ်ရမယ့်နည်းလမ်းက (၂)ခုပဲရှိတယ်"



ဟု ပြောလိုက်၏။

လောက်စန်းက ရယ်မောကာ မိမိ၏အဖော်(၃)ယောက်ကို ကြည့်လိုက်၏။

ပြီးမှ…

"ဟုတ်လား ဘယ်လို နည်းလမ်းများလဲ"

ဟု မခိုးမခန့် လေသံဖြင့် မေးလိုက်၏။

မိန်းကလေးက…

"ပထမနည်းလမ်းကတော့ ရှင်တို့က ဒီလူနှစ်ယောက်ရဲ့ အလောင်းကို ရှင်တို့ဗိုက်ထဲရောက်အောင် စားပစ်ရမယ်၊ ပြီးတော့လမ်းပေါ်က သွေးတွေကိုပြောင်သွားအောင် လျှာနဲ့လျက်ရမယ်"

ဟု ပြောလိုက်၏။

လောက်စန်းက ရယ်မောလိုက်ပြီး…

"ရပါတယ် ကျုပ်တို့က အစားအသောက်ကို ချေးမထူပါဘူး၊ ဒါပေမယ့် လူသေအလောင်းထက်စာရင် ကျုပ်တို့က မိန်းကလေးရဲ့ အသားကို ပိုပြီးကြိုက်တယ်"

ဟု ပြောလိုက်၏။

လောက်စန်း၏ စကားကြောင့် လောက်စန်း၏အဖော်များက သဘောကျစွာ ရယ်မောလိုက်၏။

"ဟား…ဟား…ဟား…"

မိန်းကလေးက မရယ်မပြုံးဘဲ…

"လူသေအလောင်းကို မစားနိုင်လည်း အရေးမကြီးပါဘူး၊ ဒုတိယ နည်းလမ်းရှိပါသေးတယ်"

လောက်စန်းက ပြုံးလိုက်ပြီး…

"ဒုတိယနည်းလမ်းကဘာလဲ၊ မိန်းကလေးကို အကြင်နာပေးရမှာလား"

မိန်းကလေးက ပြုံးလိုက်ပြီး…

"ဒုတိယနည်းလမ်းက လွယ်ပါတယ်၊ ကဲ ရှင်တို့အားလုံး ကျွန်မရဲ့နောက်ကို လိုက်ခဲ့ပါ"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် နောက်သို့ချာခနဲ လှည့်ကာ ထွက်သွားလေတော့၏။

မိန်းကလေးက ထိုသို့နောက်သို့ လှည့်လိုက်သောအခါမှ ဂူးထိဝါးသည် မိန်းကလေး၏မျက်နှာကို အသေအချာ မြင်တွေ့လိုက်ရ၏။

အလွန်လှပသော မိန်းကလေး ဖြစ်၏။

ဂူးထိဝါးသည် ယခုမိန်းကလေးလောက် လှပချောမောသော မိန်းကလေးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးဘူးပါ၊



ထို့ကြောင့်…

သူသည် မိန်းကလေးကို ငေး၍ကြည့်နေမိ၏။

ထိုအချိန်မှာပင် မိန်းကလေးနှင့် လောက်စန်းတို့လူစုသည် တည်းခိုခန်းထဲမှ ထွက်သွားကြလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

လရောင်က ထိန်ထိန်သာနေ၏။

တောင်တန်းများဘက်မှ တိုက်ခတ်လာသော ညည့်၏လေက တဖြူးဖြူး တိုက်ခတ်နေ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး၏ ခန္ဓာကိုယ်သည် ကြယ်ကလေးများပမာ ပေါ့ပါးစွာဖြင့် လေဟုန်စီး၍ လွင့်မျောသွား၏။

လောက်စန်းတို့သည် မိန်းကလေး၏ နောက်သို့ထပ်ကြပ်မကွာလိုက်ပါသွား၏။

ဂူးထိဝါးသည် လောက်စန်းတို့ကိုကြည့်ပြီး နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

မိန်းကလေး၏ နောက်သို့ လောက်စန်းတို့(၄)ယောက် လိုက်သွားခြင်းမှာ ကောင်းသော လိုက်သွားခြင်းမဟုတ်ကြောင်း ဂူးထိဝါးက သိနေ၏။

သူတို့သည် မိန်းကလေးကို စော်ကားရန်အတွက် လိုက်သွားခြင်းဖြစ်၏။

ထို့ကြောင့် …

ဝူးထိဝါးသည် လောက်စန်းတို့၏ နောက်သို့ လိုက်ကာ လောက်စန်းတို့ကို ဆုံးမရန် ဆုံးဖြတ်လိုက်၏။

ဝူးထိဝါးသည် ထိုသို့ဆုံးဖြတ်လိုက်ပြီးနောက် ပုန်းကွယ်ရာမှ ရုတ်တ ရက် ခြေလှမ်းကို ရပ်တန့်လိုက်၏။

အကြောင်းမှာ သူသည် စုယုံယုံကိုကာကွယ် စောင့်ရှောက်ရမည် ဖြစ်၏။

အကယ်၍သာ စုယုံယုံတစ်ယောက် တစ်စုံတစ်ခု ဖြစ်ပါက ချူလျူရှမ်းက မိမိကို ခွင့်လွှတ်လိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် ဝူးထိဝါးသည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး လေပူ တစ်ချက်မှုတ်ထုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မည်သူနည်း။

သူမက လောက်စန်းတို့ကို မည်သည့်နေရာသို့ ခေါ်သွားမည်နည်း။

ထို့အပြင် လောက်စန်းတို့၏ အထုပ်ထဲ၌ မည်သည့်ပစ္စည်းများ ရှိနေသနည်း စသဖြင့် သိချင်စိတ်က ဖြစ်ပေါ်လာ၏။



ထို့ကြောင့် ဝူးထိဝါးသည် စိတ်ရှုပ်ထွေးစွာဖြင့် ခေါက်တုန့် ခေါက်ပြန် လျှောက်နေမိ၏။

နောက်ဆုံး၌ သူသည် အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေး၏နောက်သို့ လိုက်သွားရန် ဆန္ဒပြင်းပြလာ၏။

သို့သော် စုယုံယုံကို တစ်ယောက်တည်း ထားခဲ့၍ မဖြစ်ပါ။

ထို့ကြောင့် ဝူးထိဝါးသည် နှာခေါင်းကိုသာ လက်ဖြင့်စိတ်ရှိ လက်ရှိ ပွတ်သပ်နေမိ၏။

ထိုစဉ် ရုတ်တရက် စုယုံယုံ၏အခန်းမှ မီးရောင်လင်းလာသည်ကို တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် စုယုံယုံ၏ အခန်းမှ ပြတင်းပေါက် တံခါးပွင့်လာပြီး ပြတင်းပေါက်၌ စုယုံယုံရပ်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ဝူးထိဝါးသည် စုယုံယုံထံသို့ ကပျာကယာ ချဉ်းကပ်သွားပြီး …

"မင်းအိပ်ပျော်နေပြီ ထင်တာ"

ဟု ပြောလိုက်၏။

စုယုံယုံက ပြုံးလိုက်ပြီး …

"ဒီနေ့ည ဒီလောက် စည်စည်ကားကား ဖြစ်နေတာ ကျွန်မက အိပ်လို့ ပျော်ပါ့မလား"

ဟု ပြန်ပြောလိုက်၏။

စုယုံယုံ၏ စကားကြောင့် ဝူးထိဝါးသည် စုယုံယုံကို တအံ့တသြဖြင့် ကြည့်ကာ...

"ဒါဆို ဒီမှာဖြစ်နေတာကို မင်းက အကုန်လုံးသိနေတယ်ပေါ့၊ ဟုတ်လား"

ဟု မေးလိုက်၏။

စုယုံယုံက ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ် ရှင်နဲ့ချူလျူရှမ်းနဲ့ ထွက်သွားတာလဲသိတယ်၊ ပြီးတော့ ရှင်တစ်ယောက်တည်း ပြန်လာတာလည်း သိတယ်"

ဝူးထိဝါးက နှာခေါင်းပွတ်ကာ...

"စောစောက ဖြစ်ခဲ့တာရော သိလား"

စုယုံယုံက ဦးခေါင်းညိတ်ကာ...

'သိတယ်..."

ဟု ပြောလိုက်၏။

ပြီးမှ သူမသည် ဝူးထိဝါးကို ကြည့်ကာ...

"ပြီးတော့ ရှင်က သူတို့နောက်ကို လိုက်သွားချင်နေတာလဲ သိတယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး...



"မင်းရော သူတို့နောက်ကို လိုက်သွားပြီး ဘာတွေဖြစ်တယ်ဆိုတာ မသိချင်ဘူးလား"

စုယုံယုံက ပြုံးလိုက်ပြီး...

"သိချင်တာပေါ့"

ဝူးထိဝါးက ပြုံးကာ...

"ဒါဆို မင်းကဘာဖြစ်လို့ထွက်မလာတာလဲ"

စုယုံယုံက ဦးခေါင်းခါယမ်းကာ...

"ကျွန်မက သွားလို့မဖြစ်ဘူး"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်ခုံးပင့်ကာ...

"ဘာဖြစ်လို့လဲချူလျူရှမ်းက အခန်းထဲက မထွက်နဲ့လို့ မှာထားလို့လား"

စုယုံယုံက ဦးခေါင်းခါယမ်းကာ...

"မဟုတ်ပါဘူး..."

ဝူးထိဝါးကမျက်မှောင်ကုတ်လိုက်ပြီး ဒါဖြင့် ဘာဖြစ်လို့လဲ"

စုယုံယုံက ပြုံးကာ...

"သူက ကျွန်မကိုသိတယ်"

စုယုံယုံ၏ စကားကြောင့် ဝူးထိဝါးသည် အံ့သြကာ...

"ဘယ်သူကလဲ... လောက်စန်းတို့(၄)ယောက်ကလား"

စုယုံယုံက ဦးခေါင်းခါယမ်းကာ...

"မဟုတ်ဘူး အဖြူရောင်ဝတ်ထားတဲ့ မိန်းကလေးပါ"

ဝူးထိဝါးက စုယုံယုံကို မျက်လုံးပြူးကြည့်ကာ...

"ဟုတ်လား သူက ဘယ်သူလဲ"

စုယုံယုံက ပြုံးလိုက်ပြီး...

"သူက ရေအောက်နန်းတော်ကလူပါ၊ သူ့နာမည်က ကုန်းနန်းယဉ်လို့ ခေါ်ပါတယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ...

"ကုန်းနန်းယဉ် ဟုတ်လား သူက ရေအောက်နန်းတော်ကလား"

စုယုံယုံက ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

ဝူးထိဝါးက မျက်မှောင်ကုတ်ရင်း...

"နေပါဦး သူနဲ့မင်းနဲ့ ဘယ်တုန်းက သိကြတာလဲ"

စုယုံယုံက ပြုံးကာ...

"ရေနန်းဒေဝီက အစ်ကို ချူလျှူရှမ်းကို လာခေါ်တုန်းက တွေ့ဖူးတာပါ"

ဝူးထိဝါးက လေပူတစ်ချက် မှုတ်ထုတ်ကာ...



"အင်း ဒါကြောင့် သူ့ရဲ့ကိုယ်ဖော့ပညာက ဒီလောက် အဆင့်မြင့်နေတာကိုး"

စုယုံယုံက ဝူးထိဝါးကို ကြည်းကာ...

"ရှင်က သူ့နောက်ကို လိုက်သွားချင်တယ် မဟုတ်လား"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ...

"အင်း...ဟုတ်တယ်၊ ဒါပေမယ့် မင်းကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး"

စုယုံယုံက ရယ်မောလိုက်ပြီး...

"ကျွန်မက ကလေးမှမဟုတ်ဘဲ၊ ကျွန်မကိုယ် ကျွန်မကာကွယ်နိုင်ပါတယ်"

ဝူးထိဝါးက ရယ်မောလိုက်ပြီး...

"ဒါကြောင့် ပိုးဟပ်ဖြူက မင်းကို ချစ်နေတာကိုး..."

ဝူးထိဝါး၏ စကားကြောင့် စုယုံယုံ၏မျက်နှာသည် နီရဲသွားပြီး ဦးခေါင်းကို ငုံ့လိုက်၏။

ဝူးထိဝါးက ရယ်မောရင်း...

"အင်း... ဘာပဲပြောပြော ပိုးဟပ်ဖြူဟာ ကျုပ်ထက်ချောတယ်"

ဟု ပြောလိုက်၏။

စုယုံယုံက ရှက်ပြုံးပြုံးကာ...

"ကဲပါ သွားစရာရှိတာသွားပါ၊ ကျွန်မအတွက် ဘာမှ မပူပါနဲ့."

ဟု ပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး…

"ကောင်းပြီ ဒါဆို ကျုပ်သွားတော့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် ဝူးထိဝါးသည် နောက်သို့ ချာခနဲလှည့်ကာ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး၏နောက်သို့ ပြေး၍ လိုက်သွားလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ဝူးထိဝါးသည် မြေလှမ်းကို ရပ်တန့်လိုက်၏။

သူသည်မည်သို့ ဆက်လုပ်ရမှန်းမသိအောင် အခက်ကြုံသွား၏။

အကြောင်းမှာ သူသည် လောက်စန်းတို့(၄)ယောက်ကို မျက်ခြည်ပြတ်သွားသောကြောင့် ဖြစ်၏။

သူသည် စုယုံယုံနှင့် စကားပြောနေခဲ့ရသောကြောင့် လောက်စန်းတို့ကို မျက်ခြည်ပြတ်သွားရခြင်း ဖြစ်၏။

ကုန်းနန်းယဉ်၏ ကိုယ်ဖော့ပညာမှာ မိမိထက် မနိမ့်ကြောင်း ဝူးထိဝါးကသိ၏။



သို့သော် ကုန်းနန်းယဉ်သည် လောက်စန်းတို့ (၄)ယောက်ကို စောင့်၍ ခေါ်သွားရမည် ဖြစ်၏။

ဝူးထိဝါးသည် လောက်စန်းတို့ (၄)ယောက်၏ နောက်သို့ ခြေထောက်တစ်ဖက်တည်းဖြင့် လိုက်လျှင်ပင် မီနိုင်သူ ဖြစ်၏။

သို့သော် တစ်ခုခက်နေသည်မှာ မိန်းကလေးက လောက်စန်းတို့ကို မည်သည့်အရပ်သို့ခေါ်ဆောင်သွားမှန်း မသိခြင်းပင် ဖြစ်၏။

ထို့ကြောင့် ဝူးထိဝါးသည် ခြေလှမ်းကို ရပ်တန့်လိုက်ခြင်း ဖြစ်၏။

ထို့နောက် သူသည် ဝဲဘက်သို့ လှမ်းကြည့်လိုက်၏။

ဝဲဘက်သို့ သွားလျှင် မြို့လယ်ခေါင်သို့ ရောက်မည်ဖြစ်၏။

ဝူးထိဝါးသည် ယာဘက်သို့ကြည့်လိုက်၏။

ယာဘက်မှလမ်းသည် မြို့ပတ်လမ်းသို့ ရောက်မည်ဖြစ်၏။

ဝူးထိဝါးသည် မိမိ၏ရှေ့မှ လမ်းကိုကြည့်လိုက်၏။

ထိုလမ်းသည် ချူလျူရှမ်းက လူရိပ်၏နောက်သို့ လိုက်သွားသော လမ်းဖြစ်၏။

ဝူးထိဝါးသည် သက်ပြင်းချလိုက်ပြီး မိမိရှေ့မှလမ်းကို ရွေးချယ်လိုက်၏။

အကြောင်းမှာ သူသည် ဤလမ်းအတိုင်း လိုက်သွားခဲ့လျှင် ကုန်းနန်းယဉ်တို့ကို တွေ့ရမည်ဟု မပြောနိုင်ပါ။

သူ့အနေဖြင့် ကုန်းနန်းယဉ်တို့ကို မတွေ့ရသည့်တိုင်အောင် အနည်းဆုံး ချူလူချူရှမ်းနှင့်တော့ တွေ့နိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် ဝူးထိဝါးသည် မိမိ၏ရှေ့မှ လမ်းကိုရွေးချယ်လိုက်ခြင်းဖြစ်သည် မဟုတ်ပါလား။

ဝူးထိဝါးသည် ထိုသို့ဆုံးဖြတ်ပြီးနောက် လမ်းအတိုင်း ပြေးလိုက်သွား၏။

သူသည် လမ်းကလေးအတိုင်း ပြေးနေ၏။

မကြာမီ အိမ်တစ်အိမ်မှ မီးရောင်တစ်ချို့ကို တွေ့လိုက်ရ၏။

ဤမြို့ကလေးမှ အိမ်တိုင်းသည် ညည့်နက်သည်နှင့် တံခါးပိတ် မီးမှိတ်လေ့ရှိ၏။

ထို့ကြောင့် ညည့်နက်သန်းခေါင်၌ ထိုမြို့ကလေးသည် မီးရောင်များ ကင်းမဲ့လျက်ရှိ၏။

သို့သော် ယခု အိမ်တစ်အိမ်၌ မီးရောင်ကို တွေ့နေရ၏။

ထို့ကြောင့် ဝူးထိဝါးသည် ထိုနေရာသို့ လှမ်း၍ကြည့်လိုက်မိ၏။

ထိုနေရာ၌ လူတစ်ယောက် ရှိနေ၏။

ထိုလူသည် ခေါင်းတလားများနှင့် အလုပ်ရှုပ်နေ၏။

ဝူးထိဝါးသည် သက်ပြင်းချလိုက်ပြီး ထိုနေရာသို့ လျှောက်လာခဲ့၏။



ခေါင်းတလားများနှင့် အလုပ်ရှုပ်နေသော လူသည် ဝူးထိဝါးချဉ်းကပ်လာသည်ကို မမြင်ပါ၊

ဝူးထိဝါးသည် မီးရောင်လင်းနေသော အိမ်သို့ရောက်လာ သောအခါ မျက်မှောင်ကုတ်သွား၏။

အကြောင်းမှါ ထိုအိမ်သည် လူနေအိမ် မဟုတ်ပါ။

ထိုနေရာသည် ခေါင်းတလားများ ရောင်းချသော ဆိုင်ဖြစ်နေ၏။

ထိုစဉ် ဝူးထိဝါး၏ မျက်လုံးသည် ခေါင်းတလားတစ်ခု ပေါ်သို့ ကျရောက်သွား၏။

ထိုသို့ ရောက်ရှိသွားသည်နှင့် ဝူးထိဝါး၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်သွား၏။

အကြောင်းမှာ ခေါင်းတလားထဲ၌ လောက်စန်းကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည် မဟုတ်ပါလား။

◆ ◆ ◆

ခေါင်းတလားများနှင့် အလုပ်ရှုပ်နေသူသည် ဝူးထိဝါးကို ရုတ်တရက် မြင်တွေ့လိုက်သောအခါ ထိတ်လန့်ကြောက်ရွံ့သွားပြီး နောက်သို့ ဆုတ်သွား၏။

"ကျွန်တော် မဟုတ်ပါဘူး"

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၏။

ရူ ထိဝါးက မျက်မှောင်ကြုတ်ကာ ခေါင်းတလားထဲမှ လောက်စန်းတို့(၄)ယောက်ကို ကြည့်လိုက်၏။

လွန်ခဲ့သော တဒင်္ဂအချိန်အတွင်း၌ လောက်စန်းတို့ (၄)ယောက်သည် အသက်ရှင်လျက် ရှိခဲ့၏။

ယခု ထိုလူလေးယောက်သည် အသက်ဝိဉာဉ် ကင်းမဲ့စွာဖြင့် ခေါင်းတလား (၄)ခုထဲသို့ ရောက်ရှိနေပြီ ဖြစ်၏။

အဖြစ်အပျက်က မြန်ဆန်လွန်းသောကြောင့် ရူးထိဝါးသည် မိမိ၏မျက်စိကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေ၏။

ခေါင်းတလားများနှင့် အလုပ်ရှုပ်နေသော လူ၏ခန္ဓာကိုယ်သည် ကြောက်လွန်း၍ တုန်လှုပ်နေ၏။

သူသည် ရူးထိဝါး၏ရှေ့၌ ဒူးထောက်ကာ...

"ဒါ...ဒါ ကျွန်တော်လုပ်တာ မ...မဟုတ်ပါဘူး"

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောနေ၏။

ရူးထိဝါးက သက်ပြင်းချလိုက်ပြီး...

"ခင်ဗျား မလုပ်ဘူးဆိုတာ ကျုပ်သိတယ်"

ဟု ပြောလိုက်၏။

ပြီးမှ...

သူသည် ထိုလူကို ပြုံးပြကာ...



"ကျုပ်ကို မကြောက်ပါနဲ့ ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ကို ပြောပြစမ်းပါ"

ဟု ပြောလိုက်၏။

ခေါင်းတလား ရောင်းသူက သက်ပြင်းတစ်ချက်ချကာ...

"ကျွန်တော်တို့ အိပ်ပျော်နေပါပြီ၊ အဲဒီအချိန်မှာ ကျွန်တော့်ဆီကို မိန်းကလေးတစ်ယောက် ရောက်လာတယ်"

ရူးထိဝါးက ပြုံးကာ...

"အတော်ချောတယ် မဟုတ်လား"

ထိုလူက ဦးခေါင်းညိတ်ကာ...

"သူ့လောက်လှတာ ကျွန်တော် တစ်ခါမှမတွေ့ဖူးဘူး"

ရူ ထိဝါးက လက်ကာပြကာ...

"ဟုတ်ပါပြီ သူရောက်လာတော့ ဘာဖြစ်လဲ"

ထိုလူက...

"အဲဒီ မိန်းကလေးရောက်လာပြီး ခေါင်းတလား(၄)လုံး ဝယ်တယ်"

ရူးထိဝါးက ဦးခေါင်းညိတ်ကာ...

"သူတစ်ယောက်တည်းလား"

ထိုလူက ဦးခေါင်းခါယမ်းကာ...

"မဟုတ်ပါဘူး သူ့နောက်မှာ လူ(၄)ယောက်ပါတယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ခေါင်းတလားများကို မေးငေါ့ပြရင်း...

"သူတို့ (၄)ယောက်လား"

ထိုလူက ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

ဝူ ထိဝါးက ပြုံးလိုက်ပြီး...

"ဟုတ်ပြီ ဆက်ပြောပါဦး"

ထိုလူက သက်ပြင်းချလိုက်ပြီး...

"မိန်းကလေးက အဲဒီလူ (၄)ယောက်ဆီက ငွေ(၂၀)တောင်းပါတယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ...

"အင်း ...ဆက်ပြော"

ထိုလူက နှုတ်ခမ်းကို လျှာဖြင့်တစ်ချက်သပ်လိုက်ပြီး...

"အဲဒီလူ(၄)ယောက် ငွေ(၂၀)ကိုထုတ်ပြီး ကျွန်တော့်ကို ပေးပါတယ်"

ဝူးထိဝါးက...

"ခေါင်းတလားအတွက် ထင်တယ်"

ထိုလူက...

"ဟုတ်ပါတယ် ခေါင်းတလားရော၊ မြေမြှုပ်ဖို့အတွက်ပါ ပေးတာပါ"



ဝူးထိဝါးက ဦးခေါင်းညိတ်ကာ...

"ဟုတ်ပြီ...ဆက်ပြော"

ထိုလူက...

"ပထမတော့ ကျွန်တော်လည်း သူတို့ရဲ့ ဆွေမျိုးသားချင်းဆုံးလို့ အားချင်းသင်္ဂြိုဟ်ဘို့လုပ်တာလို့ ထင်ခဲ့မိပါတယ်၊ ဒါပေမယ့် ခေါင်းတလားကို (၄)ခု တစ်ပြိုင်တည်း ဝယ်တယ်ဆိုတော့ တွေးမရအောင် ဖြစ်ခဲ့ပါတယ်"

ဝူးတိဝါးက ဦးခေါင်းညိတ်ကာ...

"ဟုတ်ပြီ ဆက်ပြောပါဦး"

ထိုလူက လောက်စန်းကို ညွှန်ပြလိုက်ပြီး...

"ဒီလူကတောင် ရယ်ရယ်မောမောနဲ့ ငွေ(၂၀)ကို ထုတ်ပေးပြီး ခေါင်းတလားကို ကောင်းကောင်း လုပ်ပေးဖို့ပြောပါတယ်"

ဝူးထိဝါးက ပြုံး၍ ဦးခေါင်းညိတ်ကာ...

"ဟုတ်ပြီ...နောက်ဘာဆက်ဖြစ်လဲ"

ထိုလူက သက်ပြင်းချကာ...

"အဲဒီအချိန်မှာ မိန်းကလေးက စကားတစ်ခွန်း ပြောပါတယ်"

ဝူးထိဝါးသည် စိတ်ဝင်စားဟန်ဖြင့်...

"ဟုတ်လား ... ဘာပြောတာလဲ"

ထိုလူက...

"ဒုတိယနည်းလမ်းက အရမ်းလွယ်ပါတယ်၊ ရှင်တို့ရဲ့အသက်ကို ပေးဆပ်ဘို့ပါပဲ"

လို့ပြောလိုက်တာပါ။

ဝူးထိဝါးသည် မျက်လုံးပြူးကာ…

"ပြီးတော့ ဘာဆက်ဖြစ်လဲ"

ထိုလူက…

"ဘာဆက်ဖြစ်မှန်း ကျွန်တော်လည်း သေသေချာချာ မသိခဲ့ဘူး ဒါပေမယ့် အဲဒီလူ(၄)ယောက်လုံး မြေပေါ်လဲကျပြီး သေသွားကြတာပဲ"

ဝူးထိဝါးသည် မျက်မှောင်ကြုတ်ကာ…

"ပြီးတော့ ဘာဆက်ဖြစ်လဲ"

ထိုလူက ကြောက်လန့်တုန်လှုပ်ဟန်ဖြင့်…

"မသိတော့ဘူး ကျွန်တော်လည်း ကြောက်လန့်ပြီး သူတို့(၄)ယောက်ကို ကြည့်နေမိတယ်၊ ပြီးမှ သတိရလာပြီး မိန်းကလေးကို ကြည့်လိုက်တော့ မိန်းကလေးကို မတွေ့ရတော့ဘူး"

ဝူထိဝါးကသက်ပြင်းတစ်ချက် ချလိုက်၏။

ထိုလူက ဦးခေါင်းခါယမ်းကာ ခေါင်းတလားကို ကြည့်ရင်း…

"အခု အဖြစ်အပျက်ကို တစ်ခြားလူကိုပြောပြရင် ယုံမှာမဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း မယုံနိုင်ဘူးဖြစ်နေတယ်၊ ဒါပေမယ့်



သူတို့(၄)ယောက်ကတော့ သေသွားပြီ ဒါကြောင့် ညတွင်းချင်း မြေမြှုပ်ဘို့ လုပ်နေတာပါ"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် သက်ပြင်းချကာ…

"ဒါနဲ့ ဆရာကြီးက…"

ဟု ပြောလိုက်၏။

သို့သော် သူသည် စကားကို ဆုံးအောင် မပြောဖြစ်ပါ။

အကြောင်းမှာ သူ့ရှေ့မှ ဝူးထိဝါးသည် ရုတ်တရက် ပျောက်ကွယ်သွားသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် ခေါင်းတလားရောင်းချသောသူသည် ဆံပင်များထောင်လာသည်အထိ ထိတ်လန့်ချောက်ချားသွားပြီး အိမ်ထဲသို့ ဝင်ပြေးကာ အိမ်တံခါးကို ပိတ်လိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ဤနေရာ၌ အဆောက်အဦ တစ်ခုရှိ၏။

ထိုအဆောက်အဦသည် သေးငယ်သော ဘုန်းကြီးကျောင်းတစ်ကျောင်းဖြစ်၏။

သို့သော် ယခု ထိုဘုန်းကြီးကျောင်းကို ကလေးသူငယ်များ စာသင်ကြားသော စာသင်ကျောင်းအဖြစ် ပြောင်းလဲထားပြီး ဖြစ်၏။

ထို့ကြောင့် အခန်းထဲ၌ ကလေးသူငယ်များ စာသင်ကြားရန် စားပွဲများ, ကုလားထိုင်များ စီတန်း၍ ချထား၏။

သို့သော် လူတစ်ယောက်မျှ မရှိပါ။

ထိုအခန်းထဲ၌ လူတစ်ယောက်မျှ မရှိသော်လည်း ဖရောင်းတိုင် တစ်တိုင်ထွန်းထား၏။

ယခု ဤနေရာသို့ ချူလျှူရှမ်း ရောက်ရှိလာပြီ ဖြစ်၏။

ချူလျှူရှမ်း၏ရှေ့မှ ပြေးလွှားနေသော လူရိပ်ကလည်း ဤနေရာ၌ ရပ်တန့်သွားပြီ ဖြစ်၏။

ထို့ကြောင့် ချူလျှူရှမ်းသည် မိမိ၏ရှေ့မှ ပြေးလွှားခဲ့သော လူရိပ်ကို ယခုမှ ကောင်းစွာ မြင်တွေ့လိုက်ရ၏။

ထိုလူသည် အဘိုးအိုတစ်ယောက် ဖြစ်၏။

ထိုလူ၏ ဆံပင်နှင့်မုတ်ဆိတ်မွေးတို့သည် ရှည်လျားပြီး ဖြူဖွေးနေ၏။

ထိုလူ၏ ခန္ဓာကိုယ်ကဝ,ပြီး တောင့်တင်းသန်မာ၏။

အဘိုးအိုသည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ချူလျှူရှမ်းကို ပြုံးပြလိုက်၏။

ပြီးမှ...

"မင်းရဲ့ ကိုယ်ဖော့ပညာဟာ ပြိုင်ဘက်ကင်းလောက်အောင် ထူးချွန်တယ်လို့ ကျော်ကြားဖူးတယ်၊ အခု ကိုယ်တိုင်ကြုံတွေ့လိုက်တော့



ခင်ဗျားရဲ့ ကိုယ်ဖော့ပညာဟာ ကျော်ကြားဖူးတာထက်တောင် အဆင့်မြင့်နေပါလား"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက လက်နှစ်ဘက်ကို ဆုပ်၍ အဘိုးအိုကို ဦးညွှတ် ဂါရဝပြုလိုက်ပြီး...

"ဦးက ထင်နေလို့ပါ ကျွန်တော့်ရဲ့ ကိုယ်ဖော့ပညာက ဒီလောက်လည်း မဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

ပြီးမှ ချူလျှူရှမ်းက ပြုံးကာ...

"ဒါနဲ့ ဦးက တစ်ကိုယ်တော် ကယ်ပါသိုင်းသမား တုဟုန် လားခင်ဗျာ"

ဟု မေးလိုက်၏။

အဘိုးအိုက ရယ်မောလိုက်ပြီး...

"ဟုတ်ပါတယ်"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး...

"ဆရာကြီးက ကျွန်တော့်ကို ပြောစရာ ရှိတယ်ထင်တယ်"

အဘိုးအိုက ဦးခေါင်းညိတ်ကာ...

"ဟုတ်တာပေါ့ မင်းကို ပြောစရာရှိလို့ ဒီကို ခေါ်လာတာပေါ့"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ ပြောပါ"

အဘိုးအိုက...

"အခု မင်းတို့တည်းခိုနေတဲ့ တည်းခိုခန်းမှာ လူယုတ်မာ တစ်စု ရောက်နေတာ မင်းသိတယ် မဟုတ်လား"

ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ သိပါတယ်၊ ဒါနဲ့ စကားမစပ် သူတို့က ဘာတွေ လုပ်ခဲ့တာလဲ"

အဘိုးအိုက မျက်နှာရှုံ့မဲ့ကာ...

"သူတို့ဟာ လူဆိုးဓားပြတွေပဲ ဒါပေမယ့် အခုတလော သူတို့ လုပ်သွားတဲ့ကိစ္စတစ်ခုဟာ အတော်ကို ရက်စက် ယုတ်မာတယ်၊ ဒါကြောင့် ကျုပ်က သူတို့ကို သတ်ပစ်ဘို့ ဆုံးဖြတ်ခဲ့တယ်"

ချူလှူရှမ်းက မျက်မှောင်ကြုတ်ကာ ပါးစပ်ပိတ်ထား၏။

အဘိုးအိုက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

"ဒါနဲ့ ကျုပ်က သူတို့နောက်ကို ခြေရာခံပြီး လိုက်လာခဲ့တာ၊ အခု သူတို့ကို ကျုပ်ကတွေ့ပြီး ဒါပေမယ့် သတ်လို့မဖြစ်သေးဘူး"

ချူလှူရှမ်းက မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့လဲ"

အဘိုးအိုက မျက်ခုံးပင့်ကာ...



"ဘာဖြစ်လို့လဲဆိုတော့ ဒီနယ်မြေဟာ လူမသတ်ရတဲ့ နယ်မြေပဲ"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ် ရေနန်းဒေဝီဟာ သူ့ရဲ့ပိုင်နက်ထဲမှာ လူသတ်တာ ခိုက်ရန်ဖြစ်တာ၊ လုံးဝ ခွင့်မပြုဘူးလို့ အမိန့်ထုတ်ထားတာ ကြားဖူးပါတယ်"

အဘိုးအိုက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ် ကျုပ်က သူ့ကိုကြောက်လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် ယောကျ်ားတန်မဲ့ မိန်းမနဲ့ဖက်ပြီး ရန်မဖြစ်ချင်ဘူး"

အဘိုးအိုက ဤသို့ပြောလိုက်ခြင်းမှာ အဘိုးအိုသည် ရေနန်းဒေဝီနှင့် ယှဉ်ပြိုင်ရမည်ကို ထိတ်လန့်နေသောကြောင့် အရှက်ပြေ ပြောလိုက်ခြင်းဖြစ်ကြောင်း ချူလှူရှမ်းက သဘောပေါက်၏။

ထို့ကြောင့် ချူလှူရှမ်းသည် အလိုက်သင့် ပြန်ပြောလိုက်၏။

"ဟုတ်ပါတယ် မိန်းမတွေနဲ့ ရန်ဖြစ်ရတာ အကျိုးမရှိပါဘူး"

အဘိုးအိုက ဦးခေါင်းညိတ်ကာ...

"ဒါပေါ့ ဩော်ဒါနဲ့ စကားမစပ် မင်းကို အခုလိုခေါ်ရတာ ဒီကိစ္စကို ပြောဘို့ သက်သက် ခေါ်တာမဟုတ်ဘူး"

ချူလှူရှမ်းက ပြုံးကာ...

"ဟုတ်ကဲ့... ဒီကိစ္စကို ပြောဘို့အတွက် ဒီလောက် ခဲရာခဲဆစ် လုပ်ဘို့လိုမယ် မထင်ပါဘူး"

အဘိုးအိုက ပြုံးကာ...

"မှန်တာပေါ့ ကဲလာ ငါတို့စားရင်းသောက်ရင်း စကားပြောရအောင်"

ဟု ပြောလိုက်၏။

ထို့နောက် အဘိုးအိုသည် ဘုန်းကြီးကျောင်းထဲသို့ ဝင်ရောက်သွားလေတော့၏။

◆ ◆ ◆

တစ်ကိုယ်တော်ကယ်ပါ သိုင်းသမားတုဟုန်၏ ဂုံနီအိတ်ထဲ၌ စားဖွယ်သောက်ဖွယ် မျိုးစုံပါလာ၏။

ကြက်သားကင်၊ ဘဲသားကျော်၊ ဝက်သားပေါက်စီ စသည်ဖြင့် အမျိုးစုံ ပါရှိလာ၏။

ထို့အပြင် အရက်အိုးလည်း ပါလာ၏။

ချူလျူရှမ်းသည် အရက်(၃)ခွက်မျှ မော့သောက်လိုက်ပြီးနောက် အဘိုးအိုကို ပြုံးပြကာ...

"အင်း ကျွန်တော့်ကိုခေါ်ပြီး တွေ့တဲ့ကိစ္စကို ကျွန်တော်ရိပ်မိပြီ"



ဟု ပြောလိုက်၏။

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်ပြီး...

"အင်း... မင်းဟာ ကျုပ်ကြားဖူးတာထက် ပိုပြီးပါးနပ်တာပဲ၊ ပြောစမ်းပါဦး မင်းက ဘယ်လိုထင်ထားသလဲ"

ချူလျူရှမ်းက ပြုံးလိုက်ပြီး...

"တည်းခိုခန်းကလူစုရဲ့ ကိစ္စကတော့ ဆရာကြီးတုဟုန်အတွက် အရေးကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ၊ ဖြစ်နိုင်တာက ကျွန်တော်ရေအောက်နန်းတော်ကို သွားနေပြီဆိုတဲ့ သတင်းကို ဆရာကြီးကြားပြီး ကျွန်တော့်ကို အကူအညီပေးဘို့ လိုက်လာတာ မဟုတ်လား"

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဟုတ်တယ်... တစ်နေ့ ကျုပ်ရဲ့တပည့်တစ်ယောက်က ရေအောက်နန်းတော်ကို မင်းသွားတယ်ဆိုတဲ့ သတင်းလာပေးတယ်၊ ဒါကြောင့် မင်းကို အကူအညီပေးဘို့ ရောက်လာတာ"

ချူလျူရှမ်းက ပြုံးကာ...

"ဒါနဲ့များ ဟိုလူတွေကို ခြေရာခံပြီး လိုက်လာတာလို့ ပြောနေသေးတယ်"

ဟု ပြောလိုက်၏။

ထို့နောက်...

သူတို့နှစ်ယောက်သည် ရယ်မောလိုက်၏။

သူတို့နှစ်ယောက်၏ ရယ်မောသံက ဘုန်းကြီးကျောင်းထဲ၌ လွှင့်ပျံသွား၏။

အတန်ကြာမှ အဘိုးအိုတုဟုန်က...

"အင်း... အမှန်ပြောရရင် ကျုပ်က မင်းကို ကူညီမယ်သာဆိုတယ် ကျုပ်ရဲ့သိုင်းပညာက မင်းထက်သာမှာ မဟုတ်ဘူး၊ ရေနန်းဒေဝီနဲ့ယှဉ်ပြိုင်ဘို့လည်း လွယ်မှာ မဟုတ်ဘူးဆိုတာ ကျုပ်နားလည်တယ်"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ဒါပေမယ့် အခုကျုပ် ဒီကိုလာတာ အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ပြောချင်လို့လာတာ ဆိုရင် ပိုပြီးမှန်မယ်"

အဘိုးအို တုဟုန်၏စကားကြောင့် ချူလျှူရှမ်းသည် မျက်မှောင်ကုတ်သွားပြီး...

"လျှို့ဝှက်ချက် ဟုတ်လား"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်..."

ချူလျှူရှမ်းက မျက်မှောင်ကုတ်ကာ...

"ရေအောက်နန်းတော်ရဲ့ လျှို့ဝှက်ချက်လား"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...



"ကျုပ်တို့ဂိုဏ်းက သစ္စာဖောက် နန်းကုန်းလိမ်ရဲ့အကြောင်းကို မင်းသိတယ် မဟုတ်လား"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ ကြားပါတယ်"

အဘိုးအို တုဟုန်က သက်ပြင်းချလိုက်ပြီး...

"နန်းကုန်းလိမ်ဟာ တရားဟောဆရာဝူးဝါးနဲ့ အလွန်ရင်းနှီးတယ်ဆိုတာလဲ မင်းကြားဖူးမှာပေါ့"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

အဘိုးအို တုဟုန်က...

"ဝူးဝါးဟာ တရားဟောအယောင်ဆောင်ခဲ့ပြီး ရေအောက်နန်းတော်က မိန်းကလေးတစ်ယောက်နဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ခဲ့တယ်၊ အဲဒီ မိန်းကလေးကသေဆုံးသွားခဲ့တယ် ဒါကိုလည်း မင်းကြားမိမှာပေါ့"

အဘိုးအို တုဟုန်၏စကားကြောင့် ချူလျှူရှမ်းသည် မျက်မှောင်ကြုတ်ကာ...

"အဲဒီကိစ္စကို ကျွန်တော်က ဖုံးဖုံးဖိဖိ လုပ်ထားတာ ဆရာကြီးက ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟု မေးလိုက်၏။

အဘိုးအို တုဟုန်က ပြုံးလိုက်ပြီး...

"မင်းက သူများတွေရဲ့မကောင်းတဲ့ အကြောင်းကို ဘယ်တော့မှ ပြောဆိုလေ့မရှိဘူး၊ ဖုံးဖိထားတတ်တာ ကျုပ်သိပါတယ်၊ ဒါပေမယ့် သတင်းအနံ့ခံတဲ့နေရာမှာ ကျုပ်တို့ ကယ်ပါဂိုဏ်းက အလွန်တော်တယ်လေ၊ ပြီးတော့ ကျုပ်တို့ ကယ်ပါဂိုဏ်းသားတွေက နေရာအနှံ့ရှိနေတယ် မဟုတ်လား"

ချူလျူရှမ်းက လက်ကာပြကာ...

"ထားပါတော့"

အဘိုးအိုတုဟုန်က ပြုံးလိုက်ပြီး...

"နန်းကုန်းလိမ် သေဆုံးသွားတဲ့အခါ ကျန်ရစ်ခဲ့တဲ့ သူ့ပစ္စည်းတွေထဲမှာ သစ်သားနဲ့လုပ်ထားတဲ့ ငါးရုပ်တစ်ရုပ်ကို တွေ့ခဲ့ရတယ်"

ချူလျူရှမ်းက မျက်မှောင်ကြုတ်ကာ...

"ငါးရုပ်ဟာ တရားဟောဆရာတွေ အသုံးပြုတဲ့ပစ္စည်း မဟုတ်လား"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

ချူလျူရှမ်းက မျက်မှောင်ကြုတ်ရင်း...

"ဒါဖြင့် အဲဒီပစ္စည်းဟာ ဂူးဝါးရဲ့ပစ္စည်းများလား"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်လိုက်ပြီး...



"သိပ်ဟုတ်တာပေါ့၊ ကျုပ်တို့ဟာ နန်းကုန်းလိမ်ရဲ့ ကျန်ခဲ့တဲ့ ပစ္စည်းတွေကို စုပုံပြီး မီးရှို့တဲ့အခါ အဲဒီငါးရုပ်ကို တွေ့ရတယ်၊ ပြီးတော့ အဲဒီငါးရုပ်ထဲက စာရေးထားတဲ့ ပိတ်စ,တစ်စကို တွေ့ရတယ်"

အဘိုးအိုတုဟုန်၏စကားကြောင့် ချူလျူရှမ်းသည် စိတ်ဝင်စားလာကာ...

"ဟုတ်လား ဘာတွေရေးထားလဲ"

အဘိုးအို တုဟုန်က...

"ဂူးဝါးက သူနဲ့ရေအောက်နန်းတော်က မိန်းကလေးနဲ့ ရေစက်ဆုံတဲ့အကြောင့်ကို ရေးထားတာ"

ချူလျူရှမ်းက သက်ပြင်းချလိုက်ပြီး...

"ဆရာကြီးက အဲဒီအကြောင်း ပြောပြချင်တာလား"

အဘိုးအို တုဟုန်က ပြုံးလိုက်ပြီး...

"ရေအောက်နန်းတော်က ပျောက်ဆုံးသွားတဲ့ နတ်ဆေးရည်ကိစ္စဆိုရင် မင်းက စိတ်ဝင်စားမယ်ထင်တယ်"

အဘိုးအိုတုဟုန်၏ စကားကြောင့် ချူလျူရှမ်းသည် အဘိုးအိုကို စူးစူက်ကြည့်လိုက်ပြီး...

"အခု အဲဒီ ပိတ်စ ဘယ်မှာလဲ"

ဟု မေးလိုက်၏။

အဘိုးအို တုဟုန်က ပခုံးတွန့်ကာ…

"မီးရှို့ပစ်လိုက်ပြီ"

ချူလျူရှမ်းက သက်ပြင်းချလိုက်၏။

အဘိုးအို တုဟုန်က ပြုံးလိုက်ပြီး…

"ပိတ်စမှာ ရေးထားတဲ့အကြောင်းအရာကို ကျုပ်မှတ်မိပါတယ်၊ မင်းကို တစ်လုံးမကျန် ပြောပြပါ့မယ်"

ချူလျူရှမ်းက ဦးခေါင်းညိတ်ကာ…

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

အဘိုးအို တုဟုန်က ပြုံးကာ…

"ဟုတ်ကဲ့… သိပါတယ်"

အဘိုးအို တုဟုန်က ပြုံးကာ…

"အေး… ဒီဓာတ်လမ်းဟာ တရားဟော ဆရာဝူးဝါးက ရေအောက်နန်းတော်ကို သွားပြီး တရားဟောတာက စ,တာပဲ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

အဘိုးအို တုဟုန်သည် အရက်ကိုတစ်ခွက် မော့သောက်လိုက်၏။

ပြီးမှ…



"တရားဟောဆရာ ဝူးဝါးဟာ တရားဟောတဲ့နေရာမှာ အလွန်တော်တယ်လို့ ကျော်ကြားတယ်၊ ဒါကြောင့် ရေနန်းဒေဝီက ရေအောက်နန်းတော်ကို လာပြီး တရားဟောပေးဖို့ ဖိတ်ခေါ်လိုက်တယ်၊ ရေနန်းဒေဝီက ဖိတ်ခေါ်လိုက်တော့ ဝူးဝါးဟာ အရမ်းကို သဘောကျ သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ နတ်ဆေးရည်ကို လိုချင်နေလို့ပဲ"

ချူလျူရှမ်းက ဦးခေါင်းညိတ်ကာ…

"နတ်ဆေးရည်ဟာ အလွန်ထူးဆန်းတဲ့ အဆိပ်ရည်တစ်မျိုးပဲ ဒီဆေးရည်ကို သောက်မိတာနဲ့ အဲဒီလူဟာ အဆိပ်သင့်တဲ့ လက္ခဏာ မတွေ့ရပဲ သေဆုံးသွားတယ်၊ သေသွားတဲ့လူဟာ အိပ်ပျော်သွားသလိုပဲ၊ ဘာဝေဒနာမှ မခံစားရဘူးလို့ ကြားဖူးတယ်"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ…

"ဟုတ်တယ် ဝူးဝါးဟာ အလွန်အကြံကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်၊ သူဟာ နတ်ဆေးရည်ရဲ့အကြောင်းကို ကြားဖူးကတည်းက ဒီဆေးရည်ကို သိပ်ပြီးလိုချင်နေခဲ့တယ်၊ ဒါပေမယ့် ရေအောက်နန်းတော်ဆိုတာ လွယ်လွယ်နဲ့ ရောက်နိုင်တဲ့ နေရာတစ်ခု မဟုတ်ဘူး"

"ဟုတ်ပါတယ်"

"ဒါကြောင့် ရေနန်းဒေဝီက ဖိတ်ခေါ်လိုက်တော့ သူဟာ

ရေငတ်တုန်း ရေတွင်းထဲကျသလို ဖြစ်သွားတာပေါ့၊ ဒါပေမယ့် တကယ်တန်း ဟိုရောက်တော့ သူထင်သလို မဖြစ်ဘဲ စိတ်ပျက်သွားခဲ့တယ်"

ချူလှူချမ်းက မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့လဲ"

အဘိုးအိုက ပြုံးလိုက်ပြီး...

"ဟိုရောက်တော့ ရေနန်းဒေဝီက သူ့ကိုရေတံခွန်နားက ကျောက်တုံးပေါ်မှာ နေရာချထားပေးပြီး အဲ့ဒီကနေ တရားဟောနိုင်တယ်၊ အချိန်ကတော့ မနက်တစ်ပိုင်းပဲ၊ မွန်းတည့်ချိန်ရောက်တာနဲ့ သူ့ကို ပြန်ခိုင်းခဲ့တယ်"

ချူလှူချမ်းက နှုတ်ခမ်းတစ်ချက် ကိုက်ကာ...

"သူ့လိုက်ပို့လိုက်ကြို လုပ်တဲ့သူတော့ ရှိမှာပေါ့"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ရှိတယ် မိန်းကလေး(၄)ယောက်က သူ့ကိုအပို့အကြို လုပ်ပေးတယ်"

ချူလှူချမ်းက ဦးခေါင်းခါယမ်းလိုက်ပြီး...

"အင်း... ဒါဆို ဝူးဝါးအတွက် နတ်ဆေးရည်ယူဘို့ အခွင့်အရေး မရခဲ့ဘူးပေါ့"

"အင်း မရခဲ့ဘူး"



ချူလှူချမ်းက ပြုံးလိုက်ပြီး...

"ဝူးဝါးဟာ လွယ်လွယ်နဲ့ လက်လျှော့မှာ မဟုတ်ဘူး"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ် သူဟာ နေ့စဉ်ညဏ်နီညဏ်နက် ထုတ်ခဲ့တယ်ကွ၊ တစ်နေ့တော့ သူဟာ ချော်လဲချင်ယောင်ဆောင်ပြီး ရေထဲကို လိမ့်ကျသွားတယ် ဒီတော့သူ့အဝတ်အစားတွေ ရေစိုကုန်တာပေါ့"

ချူလှူချမ်းက ပြုံးကာ...

"အင်း အဝတ်ရေစိုကြီးနဲ့ဆိုတော့ ဘယ်တရားဟောလို့ရတော့မလဲ"

အဘိုးအို တုဟုန်က ပြုံးကာ...

"ဟုတ်တယ် ဒါကြောင့် ရေနန်းဒေဝီရဲ့ တပည့်မတွေ နေတဲ့ အိမ်တစ်အိမ်ကိုပို့ပြီး အဝတ်လဲဘို့စီစဉ် ပေးလိုက်ရတယ်"

ချူလှူချမ်းက ပြုံးကာ...

"အဲဒီအိမ်တွေဟာ ရေနန်းဒေဝီရဲ့ တပည့်မတွေနေတဲ့ အိမ် မဟုတ်လား"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ် အဲဒီမှာတင် ဝူးဝါးဟာ အခွင့်အရေးရတော့တာပဲ"

ဟု ပြောလိုက်၏၊

ချူလှူရှမ်းက ပြုံးလိုက်ပြီး...

"သူက အခွင့်အရေးကို ရအောင်ယူတတ်တယ်၊ ပြီးတော့ ရတဲ့ အခွင့်အရေးကိုလည်း အသုံးချတတ်တယ်"

အဘိုးအို တုဟုန်က...

"ရေနန်းဒေဝီကိုလည်း လျော့တွက်လို့မရဘူး၊ ဝူးဝါးဟာ အခွင့်အရေး ရပြီဆိုတာပြီး အိမ်ထဲလည်း ဝင်လိုက်ရော ရေနန်းဒေဝီက အိမ်ရဲ့ တံခါးပေါက်တွေ အားလုံးကို အသေပိတ်လိုက်တယ်"

ချူလှူရှမ်းက မျက်ခုံးပင့်ကာ...

"ဒါဆို ဝူးဝါးအတွက် ဒုက္ခရောက်သွားတာပေါ့၊ ရေနန်းဒေဝီက တော်တော်စေ့စပ်တာပဲ"

အဘိုးအို တုဟုန်က ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ် ရေနန်းဒေဝီက ပြတင်းပေါက်တွေ လူဝင်လူထွက် တံခါးတွေ အားလုံးအသေပိတ်လိုက်တော့ သူးဝါးလည်း ဘာဆက်လုပ်ရမှန်းမသိအောင် အကြံအိုက်သွားတာပေါ့ ဒါပေမယ့် ဝူးဝါးအတွက် ကံကောင်းချင်တော့ ဘုရားစင်အောက်ဘက်က အံဝှက်တံခါးပွင့်လာပြီး မိန်းကလေး တစ်ယောက် အိမ်ထဲကို ဝင်လာခဲ့တယ်"

ထိုစကားကြောင့် ချူလှူရှမ်းသည် အံ့သြသွားပြီး...

"ဗျာ အဲဒီအိမ်မှာ လျှို့ဝှက်တံခါးပေါက်ရှိတယ်၊ ဟုတ်လား"



"ဟုတ်တယ်၊ ပြီးတော့ ဝင်လာတဲ့ မိန်းကလေးက ဘယ်သူလဲ သိလား"

"ဘယ်သူလဲ"

"စုတုကျင်း"

"ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့ စုတုကျင်းလား"

"ဟုတ်တယ်၊ အလွယ်ပြောရရင် ဝူးဝါးနဲ့ စုတုကျင်းတို့ဟာ တဒင်္ဂအချိန်ကလေးမှာပဲ မေတ္တာမျှသွားကြတယ်"

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး...

"အင်း...စုတုကျင်း ကိုယ့်ကိုယ်ကို သတ်သေတာ ဝူးဝါးက သစ္စာဖောက်သွားလို့ဖြစ်မယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ဝူးဝါးနဲ့ စုတုကျင်းဟာ သမီးရည်းစားလည်း မက လင်မယားလည်းမကျတဲ့အထိ ဖြစ်ခဲ့တယ်"

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး...

"စုတုကျင်းဟာ ရေနန်းဒေဝီရဲ့ အားထားရတဲ့ တပည့်ဖြစ်လိမ့်မယ်ထင်တယ်၊ ဒါကြောင့် ရေနန်းဒေဝီရဲ့နတ်ဆေးရည်ကို ရက်ပိုင်းအတွင်း ရအောင် ခိုးပေးနိုင်တာဖြစ်မယ်"

"ဟုတ်တယ် ဝူးဝါးက ဒါကိုရိပ်စားမိလို့ စုတုကျင်းကို လှည့်ဖြားပြီး အသုံးချသွားတာ ဖြစ်မယ်"

ချူလှူရှမ်းက မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီး...

"စုတုကျင်းဟာ ရေနန်းဒေဝီရဲ့ အားထားရတဲ့ တပည့်ဖြစ်တယ်ဆိုရင် သူ့ရဲ့အရည်အချင်းက ခေမှာ မဟုတ်ဘူး၊ ဒါပေမယ့် သူက ဘာဖြစ်လို့ ဝူးဝါးခိုင်းတာကို လုပ်ပေးရတာလဲ"

အဘိုးအိုတုဟုန်က ပြုံးလိုက်ပြီး...

"ရေစက်ပေါ့ကွာ"

ချူလှူရှမ်းက ဦးခေါင်းခါယမ်းကာ...

"မဟုတ်သေးဘူး၊ ဒီဖြစ်စဉ်မှာ စုတုကျင်းက ဝူးဝါးကို စပြီး ဆက်သွယ်တာပဲ"

အဘိုးအို တုဟုန်က ပြုံးကာ...

"မင်းက ဘယ်လိုထင်နေလို့လဲ"

ချူလှူရှမ်းက...

"ကျွန်တော် တင်တာတော့ ဒီကိစ္စမှာ အကြောင်းရှိလိမ့်မယ်၊ ဘာအကြောင်းလည်းဆိုတာတော့ စဉ်းစားလို့မရဘူး"

အဘိုးအိုတုဟုန်က လက်ကာပြကာ...

"ဇာတ်လမ်းက ပြီးသွားပြီ၊ စဉ်းစားလို့ မရရင် စဉ်းစားမနေနဲ့တော့ ဘာပဲဖြစ်ဖြစ် ဝူးဝါးရဲ့စာအရ ရေအောက်နန်းတော်ဟာ ဝူးဝါး တရားဟောခဲ့တဲ့ နေရာပတ်ဝန်းကျင်မှာပဲ ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်၏၊



ထိုစဉ် ရုတ်တရက် ဘုံကျောင်း၏အပြင်ဘက်မှ ရယ်မောသံ ပေါ်ထွက်လာ၏။

"ဟား...ဟား...ဟား... အရက်နဲ့ စားစရာတွေရှိရက်သား နဲ့ ပိုးဟပ်ဖြူ တစ်ယောက်တည်းကို ကွက်ပြီး မြင်တာတော့ မရတားဘူး"

စကားသံဆုံးသည်နှင့် ဘုံကျောင်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ဘုံကျောင်းထဲသို့ ဝင်ရောက်လာသူမှာ ဝူးဝါးဖြစ်၏။

ဝူးထိဝါးသည် အခန်းထဲသို့ ရောက်သည်နှင့် ချူလှူရှမ်းတို့ ထိုင်နေသေ စားပွဲသို့ ဝင်ရောက်ထိုင်လိုက်ပြီး အရက်အိုးကို ယူကာ မော့သောက်လိုက်၏။

ချူလှူရှမ်းက နှာခေါင်းကို တစ်ချက်ပွတ်လိုက်၏။

ဝူးထိဝါးက အရက်ကို သောက်လိုက်ပြီးနောက် တည်းခိုခန်း၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်၏။

ထို့နောက် ...

သူသည် နှာခေါင်းကိုပွတ်နေသော ချူလှူရှမ်းကို မျက်မှောင် ကုတ်၍ ကြည့်ကာ...

"မင်းက နှာခေါင်းကို ပွတ်မနေနဲ့၊ စုယုံယုံက သူ့ကိုယ်သူ ကာကွယ်နိုင်တယ်ဆိုလို့ ငါက ထားခဲ့တာ"

ချူလှူချူရှမ်းက လက်ကာပြကာ...

"ထားပါတော့ ဒါနဲ့ မင်းပြောတဲ့ စကားအရ အဲဒီလူ (၆)ယောက် ဟာ သိုင်းလောကရဲ့ ပထမတန်းသိုင်းသမားတွေ မဟုတ်လောက်ဘူး၊ သူတို့ဟာ ဓားပြတိုက်လို့ ရလာတဲ့ ပစ္စည်းတွေကို ဝေစုခွဲဖို့ ဒီကိုရောက် လာတာပဲ ဖြစ်ရမယ်"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်"

ချူလှူချူရှမ်းက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"အဖြူရောင် မိန်းကလေးဟာ ကုန်းနန်းယဉ်လို့ စုယုံယုံက ပြောတာလား"

"ဟုတ်တယ်"

အဘိုးအို တုဟုန်က မျက်မှောင်ကုတ်ကာ...

"ကုန်းနန်းယဉ်ဟာ ရေနန်းဒေဝီရဲ့ အားထားရတဲ့ တပည့် မဟုတ်လား၊ သူက ဒီလိုဓားပြတွေကို သူကိုယ်တိုင်လာပြီး ဆုံးမစရာ မလိုဘူးလို့ ကျုပ်တော့ ထင်တာပဲ"

ချူလှူချူရှမ်းက ဦးခေါင်းညိတ်ကာ...

"အင်း ... သူက ကျုပ်ကို လာရှာရင်း သူတို့နဲ့ ပက်ပင်းတိုးတာ ဖြစ်မယ် ထင်တယ်"



ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ...

"နေပါဦး ဒီကို ကျုပ်တို့ရောက်တယ်ဆိုတာ သူက ဘယ်လို လုပ်ပြီးသိတာလဲ"

ချူလှူချူရှမ်းက သက်ပြင်းချလိုက်ပြီး တစ်စုံတစ်ရာကိုပြန်ပြောရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အဘိုးအို တုဟုန်က ရုတ်တရက် မီးကိုငြိမ်းလိုက်၏။

ထို့ကြောင့် အခန်းတစ်ခုလုံး မှောင်မည်းသွား၏။

အဘိုးအို တုဟုန်၏ အပြုအမူကြောင့် ဝူးထိဝါးသည် ရုတ်တရက် အံ့သြသွားပြီး ဘာလုပ်တာလဲဟု မေးရန် ပါးစပ်ဟာလိုက်၏။

ချူလှူချူရှမ်းက လေသံဖြင့်...

"ရှူး တိုးတိုး... ကျုပ်တို့ဆီကို လူနှစ်ယောက် လာနေတယ်" ဟု ပြောလိုက်၏။

ချူလှူချူရှမ်း၏ စကားကြောင့် ဝူးထိဝါးသည် မျက်လုံးပြူးကာ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်၏။

ထိုသို့လှမ်းကြည့်လိုက်သည်နှင့် လရောင်အောက်၌ လူနှစ်ယောက်ပြေးလွှားနေသည်ကို တွေ့ရ၏။

ထိုလူရိပ် နှစ်ရိပ်သည် ဘုံကျောင်းသို့ ဦးတည်၍ပြေးလာခြင်း ဖြစ်၏။

အဘိုးအို တုဟုန်က စားပွဲပေါ်မှ စားသောက်ဖွယ်ရာများကို အိတ်တစ်လုံးထဲသို့ ကပျာကယာ ပြန်ထည့် လိုက်၏။

ထို့နောက် လေသံဖြင့်...

"ကျုပ်တို့ အပြင်ထွက်ပြီး ချောင်းမယ်"

ဟု ပြောကာ ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့၏။

ချူလျူရှမ်းနှင့် ဝူးထိဝါးတို့သည် ဘာမျှမပြောဘဲ အဘိုးအို တုဟုန်အတိုင်း ပြတင်းပေါက်မှ ခုန်ထွက်လိုက်လေတော့၏။

◆ ◆ ◆

ချူလျူရှမ်းတို့သည် ဘုံကျောင်းထဲမှ ထွက်လာပြီးနောက် ဝေးဝေးလံလံသို့ မသွားပါ၊

သူတို့သည် ဘုံကျောင်းအနီးမှ သစ်ပင်တစ်ပင်ပေါ်သို့ တက်၍ ပုန်းအောင်းလိုက်၏။

မကြာမီ လူရိပ်နှစ်ရိပ်သည် ဘုံကျောင်းအနီးသို့ ရောက်ရှိလာပြီး ဘုံကျောင်းထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွား၏။

သူတို့ လှုပ်ရှားမှုအရ သူတို့သည် ဤဘုံကျောင်းသို့ မကြာခဏ လာရောက်ဖူးလိမ့်မည်ဟု ချူလျူရှမ်းက တွေးလိုက်၏။

အကြောင်းမှာ သူတို့သည် ဤဘုံကျောင်းဝန်းကျင်၏ အနေအထားကို အကျွမ်းတဝင် ရှိနေသောကြောင့် ဖြစ်၏။



လူရိပ်နှစ်ရိပ်အနက် လူရိပ်တစ်ရိပ်က အရပ်ပု၏။

ထိုအရပ်ပုသော လူသည် ဘုံကျောင်းထဲသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်ပြီးမှ ရုတ်တရက် ခြေလှမ်းကိုရပ်တန့် လိုက်၏။

ပြီးမှ သူသည် သူ၏အဖော်ကို ကြည့်ကာ...

"တံခါးကဘာဖြစ်လို့ ပွင့်နေတာလဲ"

ဟု ပြောလိုက်၏။

အရပ်ပုသောလူ၏ အဖော်က ရယ်မောလိုက်ပြီး...

"ထူးဆန်းလို့လား၊ ကျောင်းသားတွေ အိမ်ပြန်ချင်စိတ် လောကြီးပြီး တံခါးကိုပိတ်ဘို့ မေ့သွားတာ ဖြစ်မှာပေါ့"

အရပ်ပုသောလူက ဦးခေါင်းခါယမ်းကာ...

"မဟုတ်သေးဘူး၊ ဒီက ကျောင်းဆရာက သိပ်ပြီး စည်းကမ်းကြီးတာ သူက ဒီလောက်ပေါ့ပေါ့ဆဆ မလုပ်တတ်ဘူး"

အဖော်ဖြစ်သူက ရယ်မောရင်း...

"တံခါးပိတ်တာ မပိတ်တာ အရေးမကြီးပါဘူး၊ လာ အထဲဝင်ရအောင်"

ဟု ပြောလိုက်ပြီး ဘုံကျောင်းထဲသို့ ရှေ့မှ ဝင်ရောက်သွား၏။

အရပ်ပုသောလူက ပတ်ဝန်းကျင်ကိုတစ်ချက် ဝေ့ကြည့်လိုက်ပြီး ဘုံကျောင်းထဲသို့ လိုက်ဝင်သွား၏။

မကြာမီ ဘုံကျောင်း၏ ပြတင်းပေါက်မှ အလင်းရောင်ပေါ် ထွက်လာ၏။

ထိုလူနှစ်ယောက်က မီးအိမ်ကို ထွန်းလိုက်ခြင်း ဖြစ်၏။

မီးရောင်အောက်၌ ထိုလူနှစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်ကို တွေ့လိုက်ရသောအခါ ချူလှူရှမ်းသည် အံ့သြသွား၏။

အကြောင်းမှာ ထိုလူနှစ်ယောက်သည် အဝါရောင်သိုင်းသမား လုဝါးနှင့်မျက်နှာအတု တပ်ထားသော လူဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ချူလှူရှမ်းကို လှမ်းကြည့် လိုက်၏။

သူ၏ စိတ်ထဲ၌လည်း ထိုလူနှစ်ယောက် အဘယ့်ကြောင့် ဤနေရာသို့ ရောက်လာရသည်ကို စဉ်းစား၍ မရအောင် ဖြစ်နေပါ ၏။

ထိုစဉ် မျက်နှာအတု တပ်ထားသူက အဝါရောင်သိုင်းသမား လုဝါးကို ပြောလိုက်၏။

"အင်း ခင်ဗျားလည်း ကျုပ်အတွက်နဲ့ ပင်ပန်းနေပြီ၊ ကျုပ် စိတ်မကောင်းပါဘူး"

လုဝါးက ပြုံးကာ...



"စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျုပ်တို့ဟာ ရင်းနှီးတဲ့မိတ်ဆွေ တွေပဲ၊ ခင်ဗျားရဲ့ကိစ္စဟာ ကျုပ်ရဲ့ကိစ္စပဲပေါ့"

မျက်နှာအတု တပ်ထားသူက သက်ပြင်းချကာ...

"ဟုတ်ပါတယ် ဒါပေမယ့် တစ်နေ့နေ့မှာ ခင်ဗျားက အကာ အကွယ်ပေးနေတဲ့ ကျုပ်ဟာ လူတိုင်းကရွံမုန်းစက်ဆုတ်နေတဲ့ လူတစ် ယောက်ဖြစ်မှန်း သိသွားရင် ခင်ဗျားလည်း နာမည်ပျက်လိမ့်မယ်"

လုဝါးက...

"ဒါတွေ တွေးမနေနဲ့ ဖြစ်ချင်တာဖြစ်ပါစေ ကျုပ်က ဆုံးဖြတ် ပြီးရင် ဘယ်တော့မှ မပြောင်းလဲဘူး၊ ဒါကို ခင်ဗျားက ယုံကြည် ထားစမ်းပါ"

မျက်နှာအတုနှင့်လူက...

"အင်း... ခင်ဗျားကို ကျုပ်လေးစားပါတယ်၊ ဒါပေမယ့် ကျုပ် ကြောင့် ခင်ဗျားဒုက္ခမရောက်စေချင်ဘူး"

သူတို့နှစ်ယောက်၏ စကားကြောင့် ဝူးထိဝါးသည် မျက်နှာ အတုတပ်ထားသော လူကို မည်သူမည်ဝါ ဖြစ်ကြောင်း သိချင်လာ ၏။

ထို့ကြောင့် သူသည် ဘယ်လိုလုပ်မှာလဲ ဟူသော အကြည့် ဖြင့် ချူလှူရှမ်းကို လှမ်းကြည့်လိုက်၏။

ချူလှူရှမ်းက ငြိမ်သက်နေ၏။

ထိုစဉ် လုဝါး၏အသံကို ကြားရ၏။

"အင်း ဒီနေ့ည ငါလာဘို့ မသင့်ဘူးထင်တယ်"

မျက်နှာအတု တပ်ထားသူက...

"အို မဟုတ်တာ၊ သူနဲ့တွေ့ရအောင် ခင်ဗျားကို တမင်ခေါ်လာတာ"

ဟု ပြောလိုက်၏။

ပြီးမှ မျက်နှာအတုနှင့်လူက သက်ပြင်းချရင်း...

"သူ့လိုလှပတဲ့ မိန်းကလေးကို ခင်ဗျားရဲ့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူးလို့ ကျုပ်ပြောရဲတယ်"

ဟု ပြောလိုက်၏။

လုဝါးက...

"ကျုပ်ကြည့်စရာ မလိုပါဘူး၊ သူဟာ လောကပေါ်မှာ အလှဆုံး မိန်းကလေးဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ကျုပ်ရှိနေရင် ခင်ဗျားတို့နှစ်ယောက် စကားပြောလို့ အနှောက်အယှက် ဖြစ်မှာစိုးမိတယ်"

မျက်နှာအတုနှင့်လူက...

"အနှောက်အယှက် မဖြစ်ပါဘူး၊ ကျုပ်က ခင်ဗျားရဲ့အကြောင်းကို မကြာခဏပြောပြထားတော့ သူကလည်း ခင်ဗျားကို သိပ်ပြီးတွေ့ချင်နေပါတယ်"



ဟု ပြောလိုက်၏။

ပြီးမှ လက်ကိုဝှေ့ယမ်းကာ...

"အင်း ဒီနေ့တော့ ကျုပ်တို့အားရပါးရ ပျော်ပျော်ပါးပါး နေပစ်လိုက်မယ်၊ နောက်ဆို ဒီလိုပျော်ဘို့လွယ်မှာ မဟုတ်ဘူး"

လုဝါးက ဦးခေါင်းခါယမ်းကာ...

"ဒီလို စိတ်ပျက်စရာ စကားတွေ ဘာဖြစ်လို့ပြောနေရတာလဲ၊ ကဲပါ ပျော်ပျော်ပါးပါးနေအောင် မင်းမှာပါလာတဲ့ အရက်နဲ့ စားစရာတွေ ထုတ်တော့"

ဟုပြောလိုက်၏။

လုဝါး၏ စကားအဆုံး၌ မျက်နှာအတုနှင့်လူက အသင့်ယူဆောင်လာသော အိတ်ထဲမှ စားစရာများနှင့် အရက်ဗူးကို ထုတ်ယူလိုက်၏။

ရှူးထိဝါးသည် မျက်ခုံးပင့်လိုက်၏။

ထိုဘုံကျောင်းလေးထဲ၌ မိမိတို့ စားသောက်ခဲ့၏။

ယခု လုဝါးတို့ကလည်း စားသောက်ရန် ရောက်လာခဲ့ကြ၏။

ထို့ကြောင့် ရှူးထိဝါး၏ စိတ်ထဲ၌ ရယ်ချင်လာ၏။

စာသင်ကျောင်းကလေးသည် ယနေ့ညမှ တိုက်တိုက်ဆိုင်ဆိုင် စားသောက်ဆိုင်အဖြစ်သို့ ပြောင်းလဲသွားသည် မဟုတ်ပါလား။

ချူလျူရှမ်းသည် မျက်မှောင်ကြုတ်နေ၏။

သူသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေ၏။

မျက်နှာအတုနှင့် လူ၏ စကားများအရ သူတို့သည် ဤနေရာသို့ ရောက်လာခြင်းမှာ တစ်စုံတစ်ယောက်နှင့် တွေ့ဆုံရန် ဖြစ်၏။

ထိုတစ်စုံတစ်ယောက်သည် အလွန်လှပသော မိန်းကလေး ဖြစ်၏။

ဤသို့ဆိုလျှင် ထိုလှပသော မိန်းကလေးနှင့်မျက်နှာအတု တပ်ထားသော လူသည်မည်သို့ပတ်သက်နေသနည်း။

မျက်နှာအတုတပ်ထားသောသူ၏ ပြောစကားအရ သမီးရည်းစားချိန်းတွေ့ခြင်းဟု ပြောနိုင်၏။

ထိုစဉ် မျက်နှာအတု တပ်ထားသောလူက အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး...

"ကျုပ်က သူ့ကိုတစ်ခါတည်း ခေါ်သွားဘို့ကောင်းတာ ဒါပေမယ့် ကျုပ်က သတ္တိမရှိဘူး၊ဒါကြောင့် သူက အခုလို ဒုက္ခ ရောက်နေရတယ်"

ဟုပြောလိုက်၏။

ထို့နောက် မျက်နှာအတုနှင့်လူသည် ထိုင်ရာမှ ထကာ ပြတင်း ပေါက်အနီး၌ ရပ်လိုက်၏။

ထို့နောက်ပြတင်းပေါက်မှနေ၍ အဝေးသို့ လှမ်းမျှော်ကြည့်လိုက် လေတော့သည် မဟုတ်ပါလား။



***

ညည့်က နက်သည်ထက် နက်လာပြီ ဖြစ်၏။

ထို့ကြောင့် ပတ်ဝန်းကျင်သည် ပို၍မှောင်မည်းလာပြီ ဖြစ်၏။

မျက်နှာအတုနှင့်လူသည် ပြတင်းပေါက်၌ ရပ်ကာ အပြင်သို့ ငေးမောကြည့်နေ၏။

အတန်ကြာမှ သက်ပြင်းချလိုက်ပြီး...

"အင်း ...သန်းခေါင်တောင်ကျော်သွားပြီ သူလာမှ လာပါ တော့မလား မသိဘူး"

ဟု တစ်ယောက်တည်း ပြောလိုက်၏။

လူဝါးက...

"လာမှာပေါ့ကွာ၊ မင်းက ဘာဖြစ်လို့ ဒီလောက် စိတ်မာတ် ကျနေရတာလဲ"

ထိုစဉ် တံခါးခေါက်သံ ခပ်သဲ့သဲ့ ပေါ်ထွက်လာ၏။

တံခါးခေါက်သံကြောင့် လူဝါးနှင့်မျက်နှာအတု တပ်ထားသော လူသည် တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်၏။

ထိုစဉ် တံခါးပွင့်လာပြီး အဖြူရောင် အရိပ်တစ်ရိပ်သည် ဘုံ ကျောင်းထဲသို့ ရောက်ရှိလာလေတော့၏။

မျက်နှာအတု တပ်ထားသူသည် ဝမ်းသာအားရဖြစ်သွား၏။

သူသည် တံခါးပေါက် ဝင်ရောက်လာသူကို ဆီးကြိုရန် ဟန်

ပြင်လိုက်၏။

ပြီးမှ သူသည် ရုတ်တရက် ရပ်တန့်သွားပြီး အလွန်အံ့သြဟန်ဖြင့် အဖြူရောင် လူရိပ်ကို ကြည့်လိုက်၏။

ထို့နောက် သူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ခင်ဗျား ... ခင်ဗျားက ကုန်းနန်းယဉ် မဟုတ်လား"

ဟု မေးလိုက်၏။

အဖြူရောင်လူရိပ်သည် ကုန်းနန်းယဉ်ဖြစ်၏။

ကုန်းနန်းယဉ်က အခန်းထဲသို့ တစ်လှမ်းချင်း ဝင်ရောက်လာပြီး...

"ဟုတ်ပါတယ် ကျွန်မက ကုန်းနန်းယဉ်ပါ နောက်ကျတာကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။

သူမစကားက တောင်းပန်သော စကားဖြစ်၏။

သို့သော် သူမ၏လေသံက ခက်ထန်အေးစက်နေ၏။

မျက်နှာအတု တပ်ထားသောလူသည် ကုန်းနန်းယဉ်ကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

ပြီးမှ...

"စုတ္တကျင်းရော သူ ... သူ ဘာဖြစ်လို့ မလာတာလဲ"

ကုန်းနန်းယဉ်က...



"သူလာနိုင်မှာတော့ ကျွန်မက ဘာဖြစ်လို့ လာရမှာလဲ"

ဟု ပြောလိုက်၏။

မျက်နှာအတု တပထားသောလူသည် ဦးခေါင်းငုံ့သွား၏။

ပြီးမှ သူသည်...

"အေးလေ ... သူမလာတာပဲ ကောင်းပါတယ်"

ဟု အားမရှိသော လေသံဖြင့် ပြောလိုက်၏။

သူ၏အသံကလည်း အနည်းငယ် တုန်တုန်ရီရီ ဖြစ်နေ၏။

လုဝါးက မျက်မှောင်ကုတ်ကာ...

"သူက ဘာဖြစ်လို့လဲ အခြေအနေမပေးလို့ မလာနိုင်တာ မဟုတ်လား"

ဟု ဝင်ရောက် မေးလိုက်၏။

ကုန်းနန်းယဉ်က အေးတိအေးစက် လေသံဖြင့် ...

"ဒီလို မဟုတ်ပါဘူး သူက ဘယ်တော့မှ လာနိုင်မှာ မဟုတ်တော့လို့ပါ"

ကုန်းနန်းယဉ်၏ စကားကြောင့် မျက်နှာအတုတပ်ထားသောသူ၏ ခန္ဓာကိုယ်သည် တစ်ချက်တုန်လှုပ်သွားပြီး...

"သူ ... သူ ဘယ်တော့မှ မလာနိုင်တော့ဘူး ဟုတ်လား"

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

မျက်နှာအတု တပ်ထားသောလူကလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

ပြီးမှ သူသည် အသံကိုတည်ငြိမ်အောင် ထိန်းချုပ်ရင်း...

"သူ ဘာမှာခဲ့သေးလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ဦးခေါင်းခါယမ်းကာ...

"ဘာမှ မှာမသွားခဲ့ပါဘူး"

မျက်နှာအတု တပ်ထားသောသူ၏ ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားပြီး ကုန်းနန်းယဉ်ကို စူးစိုက်ကြည့်လိုက်၏။

ပြီးမှ...

"ဘာဖြစ်လို့လဲ မင်းရဲ့ဆရာက ငါ့ကို ငါးနှစ်တစ်ကြိမ်လာတွေ့ဖို့ ကတိပေးထားခဲ့တာပဲ မဟုတ်လား"

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

မျက်နှာအတုနှင့်လူက မျက်မှောင်ကုတ်ကာ...

"ဒါဆို မင်းရဲ့ဆရာက ကတိဖျက်တာလား"

"ကုန်းနန်းယဉ်က ဦးခေါင်းခါယမ်းကာ...

"ကျွန်မရဲ့ဆရာက ပေးပြီးတဲ့ ကတိကို ဘယ်တော့မှ မဖျက်ပါဘူး၊ သူ့ရဲ့ကတိကို လည်း ဘယ်တော့မှ မမေ့ပါဘူး"



မျက်နှာအတုနှင့်လူက...

"ဒါဆို စုတုကျင်းကဘာဖြစ်လို့ ကျုပ်နဲ့ လာမတွေ့ရတာလဲ"

ကုန်းနန်းယဉ်က...

"မလာနိုင်လို့ပါ၊ ဘယ်တော့မှလဲ လာနိုင်မှာ မဟုတ်တော့ပါဘူး"

မျက်နှာအတုနှင့်လူက ကုန်းနန်းယဉ်ကို စူးစိုက်ကြည့်ပြီး...

"ဘာဖြစ်လို့လဲသူ... သူ ဘာဖြစ်လို့လဲ"

ကုန်းနန်းယဉ်က သက်ပြင်းချကာ...

"သူ သေသွားပါပြီ၊ ဒါကြောင့်သူက ရှင့်ကို လာတွေ့ချင်ပေမယ့် လာမတွေ့နိုင်တော့ပါဘူး"

ကုန်းနန်းယဉ်၏ စကားအဆုံး၌ မျက်နှာအတု တပ်ထားသောလူ၏ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်လှုပ်လာ၏။

သူ၏ခြေထောက်များက ယိမ်းယိုင်လာ၏။

ထို့နောက် သူသည် အရုပ်ကြိုးပြတ်သွားသကဲ့သို့ ကြမ်းပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့၏။

***

လုဝါးက မျက်နှာအတုတပ်ထားသောလူကို ဖေး,မလိုက်ရင်း ကုန်းနန်းယဉ်ကို လှမ်းကြည့်လိုက်၏။

ပြီးမှ...

"သူက ဘာဖြစ်လို့သေသွားတာလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က သက်ပြင်းချလိုက်ပြီး...

"သူဘာဖြစ်လို့သေသွားတယ်ဆိုတာ ကျွန်မလည်း မသိဘူး၊ ဒါပေမယ့် သူဟာ ရေအောက်နန်းတော်ရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသွားတယ်ဆိုတာတော့ ကျွန်မပြောရဲတယ်"

မျက်နှာအတုတပ်ထားသော လူသည် ကြမ်းပြင်ပေါ်၌ ထိုင်နေ၏။

သူသည် ရုတ်တရက် အားအင် ကုန်ခမ်းသွားသကဲ့သို့ ခြေပစ်လက်ပစ် ထိုင်နေခြင်းဖြစ်၏။

သူ၏ဦးခေါင်းငုံ့ထား၏။

သူ၏မျက်ဝန်းထဲမှ မျက်ရည်များက ပါးပြင်ပေါ်သို့ လိမ့်၍ စီးကျနေ၏။

ကုန်းနန်းယဉ်သည် မျက်နှာအတုတပ်ထားသူကို စူးစိုက်၍ ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းချကာ...

"ရှင့်မှာ သူ့လိုသမီးမျိုး ရထားတာ ဂုဏ်ယူဘို့ကောင်းတယ်၊ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ရှင်ဟာ သူ့ရဲ့အဖေပါလို့ပြောရမှာတောင် မတန်ပါဘူး"



ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်၏ စကားကြောင့် ဝူးထိဝါးသည် အံ့ဩကာ မျက်လုံးပြူးသွား၏။

ချူလျူရှမ်းက သက်ပြင်းချလိုက်၏။

တစ်ဆက်တည်းမှာပင် မျက်နှာအတုနှင့်လူသည် မိမိ ထင်မှတ်ထားသကဲ့သို့ သမီးရည်းစား ချိန်းတွေ့ရန်ရောက်လာခြင်း မဟုတ်ဘဲ သမီးဖြစ်သူနှင့် တွေ့ဆုံရန် ရောက်လာခြင်း ဖြစ်ကြောင်းကို နားလည်လိုက်၏။

ကုန်းနန်းယဉ်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"အခု ရှဗ့်ရဲ့သမီးသေသွားပါပြီ၊ ရှင်နဲ့ရေအောက်နန်းတော်နဲ့ ဘယ်လိုမှ မပတ်သက်တော့ပါဘူး၊ ဒါကြောင့် ဒီနေရာကို ဘယ်တော့မှ မလာပါနဲ့တော့လို့ ဆရာက မှာလိုက်ပါတယ်"

ဟု ပြောလိုက်၏။

မျက်နှာအတု တပ်ထားသောလူသည် ထိုင်ရာမှ ထလိုက်ပြီး...

"သူ့ရဲ့အလောင်းရော..."

ကုန်းနန်းယဉ်က...

"ကျွန်မတို့ ကောင်းမွန်စွာ သဂြိုဟ်လိုက်ပါပြီ"

မျက်နှာအတုနှင့်လူက...

"သူ့ရဲ့အုတ်ဂူကို ကျုပ်သွားကြည့်ပါရစေ"

ကုန်းနန်းယဉ်က ဦးခေါင်းခါယမ်းကာ...

"မဖြစ်နိုင်ပါဘူး"

ဟုပြောလိုက်၏။

ထို့နောက် ကုန်းနန်းယဉ်သည် နောက်သို့ရှာခနဲလှည့်ကာ ထွက်သွားလေတော့၏။

သို့သော် ကုန်းနန်းယဉ်သည် တံခါးဝသို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး မျက်နှာအတုနှင့် လူကို လှမ်းကြည့်လိုက်၏။

ပြီးမှ...

"ဪ...ဒါနဲ့ သိုင်းလောကမှာ နာမည်ကျော်ကြားနေတဲ့ ချူလျူရှမ်းကို ရှင် ကြားဖူးလား"

မျက်နှာအတုနှင့်လူက ဦးခေါင်းညိတ်ပြလိုက်၏။

ကုန်းနန်းယဉ်က ပြုံးလိုက်ပြီး...

"တကယ်လို့ရှင်က သူနဲ့တွေ့ခဲ့ရင် သူ့ကို သတ်လိုက်ပါလား"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်၏ စကားကြောင့် မျက်နှာအတုနှင့်လူက အံ့ဩကာ...

"ဘာဖြစ်လို့လဲ"

ကုန်းနန်းယဉ်က ပြုံးလိုက်ရင်း...



"ရှင့်ရဲ့သမီး စုတုကျင်းကို သူက သတ်လိုက်လို့ပါ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ကုန်းနန်းယဉ်၏ စကားကြောင့် တုန်လှုပ်ချောက်ချားသွားသူမှာ မျက်နှာအတုနှင့်လူ မဟုတ်ပါ။

သစ်ပင်ထက်၌ ပုန်းအောင်းနေသော ချူလျူရှမ်းပင် ဖြစ်၏။

ချူလျူရှမ်း၏ မျက်နှာသည် ဒေါသဖြစ်လွန်း၍ စက္ကူဖြူတစ်ရွက်ကဲ့သို့ ဖြူဖွေးသွား၏။

ကုန်းနန်းယဉ်သည် အလွန်ချောမောလှပသော မိန်းကလေး ဖြစ်၏။

ထိုသို့ ချောမောလှပသော မိန်းကလေးက လိမ်လည်ပြောဆိုနေခြင်းကို ချူလျူရှမ်းက နားမလည်နိုင်အောင် ဖြစ်နေ၏။

တစ်ချိန်တည်းမှာပင် တရားဟောဆရာ ငူးဝါးကြောင့် သေဆုံးသွားခဲ့သော စုတုကျင်းသည် ယခုဘုံကျောင်းထဲမှ မျက်နှာအတုတပ်ထားသော သူ၏သမီးဖြစ်နေသဖြင့် အံ့ဩခဲ့ရ၏။

"ဝုန်း..."

ထိုအသံနှင့်အတူ ကုလားထိုင်တစ်လုံးသည် တစ်စ,စီ ကျိုးပဲ့၍ လွင့်စဉ်သွား၏။

မျက်နှာအတု တပ်ထားသောလူ၏ ကုလားထိုင်ကို လက်သီးဖြင့် တစ်ချက်ထုချပစ်လိုက်ခြင်းကြောင့် ဖြစ်၏။

ထို့နောက် ... သူသည် လက်သီး နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ...

"ချူလှူရှမ်း...ချူလှူရှမ်း မင်းကို ကျုပ်သတ်မယ်"

ဟု ကြုံးဝါးလိုက်၏။

လုဝါးသည် အံ့သြနေ၏။

သူသည် မယုံကြည်နိုင်လောက်အောင် အံ့သြနေ၏။

အတန်ကြာမှ လုဝါးသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး ချူလှူရှမ်းအကြောင်းကို ကျုပ်ကောင်းကောင်းသိတယ် သူဟာ ဘယ်တော့မှ လူမသတ်ဘူး"

မျက်နှာအတုနှင့်လူက ရုတ်တရက် ရယ်မောလိုက်၏။

"ဟား...ဟား...ဟား"

မျက်နှာအတုနှင့်လူက ရုတ်တရက် ရယ်မောလိုက်သဖြင့် လုဝါး သည် မျက်စိမျက်နှာ ပျက်သွားပြီး...

"မင်းကဘာဖြစ်လို့ ရယ်တာလဲ"

မျက်နှာအတုနှင့်လူက...

"ကျုပ်က ရယ်ချင်လို့ပါ၊ ကျုပ်က တစ်သက်လုံး သူများကို သတ်ခဲ့တယ်၊ အခုတော့ ကျုပ်သမီးကို သူများကသတ်သွားတယ်၊ ဒါဝဋ်လည်တာပဲ"



ဟု ပြောလိုက်၏။

ထို့နောက် သူသည် ဆက်၍ ရယ်ကာနေ၏။

သို့သော်...

သူ၏ မျက်ဝန်းမှ မျက်ရည်များက စီးကျနေ၏။

လုဝါးက သက်ပြင်းချကာ ဦးခေါင်းကို ခါယမ်းလိုက်၏။

မျက်နှာအတုနှင့်လူက...

"ကောင်းတယ်...ကောင်းတယ်...ကျုပ်ဟာ မိန်းမလျာသိုင်းသမားဆိုတဲ့ နာမည်နဲ့ မကောင်းမှုတွေ လုပ်ခဲ့တယ်၊ အခုလို ကျုပ်နောင်တရတဲ့ အချိန်မှာ ကျုပ်သမီးက အသတ်ခံလိုက်ရတယ်၊ ကျုပ်ရဲ့ မကောင်းမှုက ကျုပ်ကို ဒဏ်ခတ်လိုက်တာပဲ"

ဟု ပြောရင်း ဆက်၍ ငိုကြွေးနေ၏။

လုဝါးသည် ပါးစပ်ပိတ်ထား၏။

သူသည် မျက်နှာအတုနှင့်လူကို မည်သို့နှစ်သိမ့်ရမှန်း မသိအောင် ဖြစ်နေ၏။

◆ ◆ ◆

ချူလှူရှမ်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်၏။

မျက်နှာအတုနှင့်လူ၏ စကားကြောင့် သူသည် သူ၏နားကို မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရ၏။

မျက်နှာအတုနှင့်လူသည် တစ်ချိန်က သိုင်းလောကတစ်ခုလုံးက ရွံမုန်းခဲ့သော မိန်းမလျာသိုင်းသမား ဖြစ်နေ၏။

မိန်းမလျာသိုင်းသမားသည် ကြေးစားဓားသမားဖြစ်ပြီး အလွန်ရက်စက် ယုတ်မာသူဖြစ်၏။

ထို့အပြင် သူသည် ရုပ်ပြောင်းရုပ်လွှဲအလွန်ကောင်း၏။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံးက သူ၏ ရက်စက်ယုတ်မာမှုများကို ရွံမုန်းပြီး သူ့ကိုတွေ့ရာသချိုင်း ဓားမဆိုင်းဟု ကြွေးကြော်ကာ မြေလှန်၍ ရှာဖွေခဲ့၏။

ထိုစဉ် မိန်းမလျာ သိုင်းသမား သေဆုံးသွားပြီဟူသော သတင်းပေါ်ထွက်လာ၏။

ထိုသတင်းကို ထုတ်ပြန်လိုက်သူမှာ ရေနန်းဒေဝီ ဖြစ်၏။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံးကလည်း မိန်းမလျာသိုင်းသမားသေဆုံးပြီဟု လက်ခံခဲ့ကြ၏။

ယခု ချူလှူရှမ်းသည်မိန်းမလျာ သိုင်းသမားကို အရှင်လတ်လတ် မြင်တွေ့ခဲ့ရ၏။

ထိုသို့ဆိုလျှင် ရေနန်းဒေဝီသည် အဘယ်ကြောင့် မိန်းမလျာသိုင်းသမားကို သေပြီဟု အတိအလင်း သတင်းထုတ်ပြန်ခဲ့ရသနည်း။

ချူလှူရှမ်းသည် တွေးရင်း တွေးရင်း ခေါင်းရှုပ်လာသဖြင့် သက်ပြင်းချလိုက်မိခြင်း ဖြစ်၏။



ထိုစဉ် ...

ရုတ်တရက် အဘိုးအို တုဟုန်သည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် သူသည် ဘုံကျောင်းထဲသို့ ရုတ်တရက် ခုန်ဝင်လိုက်ပြီး မိန်းမလျာ သိုင်းသမားကို လက်ညှိုးထိုးကာ...

"ဟော့ မိန်းမလျာသိုင်းသမား ကျုပ်ကို မှတ်မိလား၊ ကျုပ်က မင်းကိုသတ်ဖို့ လိုက်ရှာနေတာ၊ မင်းသေပြီဆိုလို့ လက်လျှော့ထားရတာ၊ ဟင်း... ဟင်း... လက်စသတ်တော့ မင်းက မသေသေးပဲကိုး"

ဟု ပြောလိုက်၏။

မိန်းမလျာ သိုင်းသမားသည် ဦးခေါင်းငုံ့ထား၏။

သူသည် အဘိုးအို တုဟုန်၏ကစားကို မကြားဟန်ဖြင့် ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်နေ၏။

လုဝါးသည် မိန်းမလျာသိုင်းသမားနှင့် အဘိုးအိုတုဟုန်တို့ကြားသို့ ဝင်ရောက်လိုက်ပြီး...

"သူက မိန်းမလျာ သိုင်းသမား မဟုတ်ဘူး၊ မိန်းမလျာသိုင်း သမားက သေဆုံးခဲ့ပြီးပါပြီ"

ဟု ပြောလိုက်၏။

အဘိုးအို တုဟုန်က လုဝါးကို မျက်လုံးပြူးကြည့်ကာ...

"လုဝါး ခင်ဗျားဟာ ဘယ်တုန်းကမှ လိမ်မပြောခဲ့ဘူးဆိုတာ

ကျုပ်သိပါတယ်၊ အခု ဘာကြောင့် ဒီလူယုတ်မာကို အကာအကွယ်ပေးနေရတာလဲ"

ဟု ပြောလိုက်၏။

လုဝါးက သက်ပြင်းချလိုက်ပြီး...

"ဟုတ်ပါတယ် ကျုပ် ဘယ်တုန်းကမှ လိမ်မပြောခဲ့ပါဘူး၊ အခုလည်း ကျုပ်လိမ်မပြောပါဘူး၊ လူယုတ်မာ မိန်းမလျာ သိုင်းသမားဟာ သေသွားခဲ့တာကြာပါပြီ၊ အခု ခင်ဗျားတို့တွေ့ရတဲ့လူက နှစ်ပေါင်း(၂၀)နောင်တ တရားရပြီး ဘဝကို ရင်နာနာနဲ့ ဖြတ်သန်းခဲ့ရတဲ့လူပါ၊ အခု သူဟာ သူ့အလွန်မြတ်နိုးပြီး သံယောဇဉ်ကြီးလှတဲ့ သမီးအသတ်ခံရတဲ့သတင်းကြောင့် ကြေကွဲဝမ်းနည်းနေရတဲ့ ဖခင်တစ်ယောက်ပါ"

အဘိုးအို တုဟုန်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာလဲကျုပ်က သူ့ကိုသနားရမှာလား၊ သူ့ကြောင့် သေသွားခဲ့ရတဲ့ လူတွေက ဘာပြောမလဲ နောင်တရပါပြီဆိုတဲ့ စကားနဲ့ ကျေနပ်နေရမှာလား"

လုဝါးက သက်ပြင်းချလိုက်ပြီး...

"ခင်ဗျားပြောတာ မှန်ပါတယ်၊ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် နှစ်ပေါင်း(၂၀) နောင်တရားနဲ့ ဒုက္ခခံခဲ့ရပါတယ်၊ ဒါကို စဉ်းစားပေးပါ အခုသူဟာ အလွန်ရိုးသားတဲ့ လူတစ်ယောက် ဖြစ်



နေပါပြီ အခု မင်းကသူ့ကို သတ်လိုက်ရင် လူယုတ်မာကို သတ်တာ မဟုတ်ဘဲ ရိုးဖြောင့်တဲ့ လူတစ်ယောက်ကို သတ်လိုက်သလို ခံစားရမှာ စိုးလို့ပါ"

အဘိုးအို တုဟုန်က မဲ့ပြုံးပြုံး လိုက်ကာ...

"ကျုပ်ကတော့ သူ့ကို အတ်သိမ်းပေးရမှာပဲ"

လုဝါးက သက်ပြင်းချလိုက်ပြီး...

"ကျုပ် ပြောစရာရှိတာ ပြောပြီးပြီ ခင်ဗျား ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ စဉ်းစားပြီးတော့မှ ခင်ဗျား သူ့ကိုသတ်ချင်ရင် သတ်ပါ၊ ကျုပ် မတားပါဘူး ဒါပေမယ့်"

လုဝါးက စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်ထားလိုက်၏။

အဘိုးအို တုဟုန်က...

"ဒါပေမယ့် ဘာဖြစ်လဲ"

လုဝါးက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"ကျုပ်ရဲ့ အချစ်ဆုံး သူငယ်ချင်းအသတ်ခံရရင် ကျုပ်လည်း ဒီလောကကြီးထဲမှာ ရှိတော့မှ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

လုဝါး၏စကားကြောင့် အဘိုးအိုတုဟုန်သည် တွေဝေ၍ သွား၏။

သူသည် ချူလှူရှမ်း ပုန်းအောင်းနေသော သစ်ပင်ပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။

သူတို့ပြောနေသောစကားကို ချူလှူရှမ်းတို့က ကြားလိမ့်မည် ဖြစ်၏။

ထိုစကားများကို ကြားပြီးနောက် ချူလှူရှမ်းက မည်ကဲ့သို့ တုန့်ပြန်မည်ကို လုဝါးကသိချင်၏။

ထို့ကြောင့် သူသည် ချူလှူရှမ်းတို့ ပုန်းနေသော သစ်ပင်ပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်ခြင်း ဖြစ်၏။

သို့သော် ချူလှူရှမ်းသည် ပုန်းကွယ်ရာမှ ထွက်လာခြင်း မရှိပါ။

အဘိုးအို တုဟုန်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"အင်း မိန်းမလျာ သိုင်းသမားဟာ ခင်ဗျားလို လူမျိုးနဲ့ မိတ်ဆွေဖြစ်ရတာ အင်မတန် ကံကောင်းတယ်"

ဟု ပြောလိုက်၏။

ချူလှူရှမ်းသည် သစ်ပင်ပေါ်၌ ပုန်းကွယ်နေ၏။

သူသည် ကုန်းနန်းယဉ်၏ စကားကြောင့် ပုန်းကွယ်ရာမှ ထွက်မလာဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

ထိုစဉ် အဘိုးအို တုဟုန်၏ စကားသံမှာ တဖြည်းဖြည်းနှင့် လျှာလေးအာလေးဖြစ်လာသည်ကို သတိထားလိုက်မိ၏။



ထို့ကြောင့်…

ချူလှူရှမ်းသည် မျက်မှောင်ကြုတ်သွားပြီး…

"ဘယ်လို ဖြစ်တာလဲ"

ဟု တွေးလိုက်၏။

အဘိုးအိုတုဟုန်သည် စကားပြောရင်း မိမိ၏အသံမှာ အာလေးလျှာလေးဖြစ်လာကြောင်း သတိပြုမိသဖြင့် မျက်စိမျက်နှာပျက်သွား၏။

ထို့နောက် သူသည် မိန်းမလျာသိုင်းသမားကို မျက်လုံးပြူးကြည့်ကာ…

"မင်း…မင်း သေပေတော့"

ဟုပြောကာ မိန်းမလျာ သိုင်းသမား၏အနီးသို့ ချဉ်းကပ်သွားပြီး လက်သီးဖြင့် ထိုးချလိုက်၏။

မိန်းမလျာ သိုင်းသမားက ရှောင်တိမ်းခြင်း မပြုပါ။

အဘိုးအို တုဟုန်သည် အဆင့်မြင့် သိုင်းသမားဖြစ်၏။

သို့သော် သူ၏လက်သီးက ခွန်အားကင်းမဲ့နေ၏။

တစ်ဆက်တည်းမှာပင် အဘိုးအိုတုဟုန်၏ ခန္ဓာကိုယ်သည် ရုတ်ခြည်းပျော့ခွေသွားပြီး ကြမ်းပေါ်သို့လဲကျသွားလေတော့၏။

လုဝါးက မျက်လုံးပြူးကာ…

"ဟော့လူ…ခင်ဗျား ဘာဖြစ်တာလဲ"

ဟုမေးလိုက်ရ၏။ လုဝါး၏ ခန္ဓာကိုယ်လည်း ပျော့ခွေကာ ကြမ်းပေါ်သို့ လဲကျသွား၏။

အဘိုးအို တုဟုန်က အာလေးလျှာလေးအသံဖြင့်...

"ဘာဖြစ်ရမှာလဲ ကျုပ်တို့နှစ်ယောက်စလုံး သူ့ကိုယုံကြည်မိတာ မှားသွားပြီ"

ဟု ပြောလိုက်၏။

ထို့နောက် အဘိုးအို တုဟုန်သည် သတိလစ်သွားလေတော့၏။

လုဝါးက အားလေးလျှာလေးဖြင့်...

"ကျုပ်က သူ့ကို ယုံကြည်တုန်းပဲ"

ဟု ပြောလိုက်၏။

မိန်းမလျာ သိုင်းသမားက သက်ပြင်းချလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

သူသည်လုဝါးနှင့် တုဟုန်တို့ကို မေ့ဆေးဖြင့် တိတ်တဆိတ် အသုံးပြု၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

မိန်းမလျာသိုင်းသမားသည် သက်ပြင်းချကာ လုဝါးကို ကြည့်လိုက်၏။

သူ၏မျက်လုံးထဲ၌ မျက်ရည်များ ရစ်ဝိုင်းနေ၏။

ထို့နောက် သူသည် တုဟုန်၏အနီး၌ ဒူးထောက် ထိုင်လိုက်ပြီး...



"စိတ်ချပါ ကျုပ်ကို မသတ်လို့ မှားတယ်ဆိုတာ မဖြစ်စေရပါဘူး၊ တစ်နေ့တော့ ကျုပ်ရဲ့သဘောကို နားလည်လာပါလိမ့်မယ်"

ဟု ပြောလိုက်၏၊

ပြီးမှ...

သူသည်လုဝါးကို ဂါရဝပြုကာ...

"ခင်ဗျားရဲ့ကျေးဇူးကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူး၊ မလွှဲသာလို့ အခုလို လုပ်လိုက်ရတာပါ၊ ကျုပ်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

လုဝါးက ပြုံးလိုက်ပြီး အားလေးလျှာလေးသံဖြင့်...

"မင်းကို ကျုပ်ယုံပါတယ်"

ဟု ပြောလိုက်၏။

ထို့နောက် လုဝါး၏ မျက်လုံးသည်မှိတ်၍ သွားလေတော့၏။

မိန်းမလျာသိုင်းသမားသည် မိမိဝတ်ထားသော အပေါ်ရုံအင်္ကျီကို ချွတ်လိုက်ပြီး လုဝါး၏ခန္ဓာကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်၏။

ပြီးမှ...

"ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။

ထို့နောက်...

သူသည် ပြတင်းပေါက်မှခုန်ထွက်၍ အဝေးသို့ ပြေးလွှားသွားလေတော့၏။

◆ ◆ ◆

မိန်းမလျာသိုင်းသမားက မိန်းမညာဏ်ဖြင့် မေ့ဆေးကို အသုံးပြု၍ အဘိုးအိုတုဟုန်ကို တိုက်ခိုက်လိုက်ကြောင်း ဝူးထိဝါးက ရိပ်စားမိ၏။

ထို့ကြောင့် သူသည်ဒေါသဖြစ်ကာ သစ်ပင်ပေါ်မှ ခုန်ဆင်းရန် ဟန်ပြင်လိုက်၏။

သို့သော် သူသည် သစ်ပင်ပေါ်မှခုန်မဆင်း ဖြစ်ပါ။

အကြောင်းမှာ ချူလျှူရှမ်းက သူ့ကိုလှမ်း၍ ဟန့်တားလိုက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ဝူးထိဝါးက ချူလျှူရှမ်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ချူလျှူရှမ်းက...

"မလောနဲ့"

ဟု လေသံဖြင့် ပြောလိုက်၏။

ထိုအချိန်မှာပင် မိန်းမလျာ သိုင်းသမားသည် ပြတင်းပေါက်မှ ခုန်ထွက်ကာ အမှောင်ထုအတွင်းသို့ ပြေးဝင်သွား၏။



ဝူးထိဝါးက မျက်မှောင်ကုတ်ရင်း...

"ဘာသဘောလဲကွ"

ဟု ချူလျှူရှမ်းကိုမေးလိုက်၏။

ချူလျှူရှမ်းက သက်ပြင်းချကာ...

"သူ့သဘောက ရှင်းပါတယ် သူက ရေအောက်နန်းတော်ကို သွားမလို့ သူ့ရဲ့သမီးရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ သူက သူ့ သမီးကို သွားတွေ့မှာပဲ၊ ဒါပေမယ့် လုဝါးက သူ့ကိုသွားခွင့်ပြုမှာ မဟုတ်ဘူးဆိုတာ သူက သိနေတယ်"

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ...

"ရေအောက်နန်းတော်ကိုသွားရင် သေမှာသေချာတယ်၊ ဒါကြောင့် လုဝါးက မသွားစေချင်တာ မဟုတ်လား"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ် လုဝါးက သူ့သေမှာကို မကြည့်ရက်ဘူး"

ဝူးထိဝါးက ဘာမျှမပြောတော့ပါ။

ချူလျှူရှမ်းက ...

"ကျုပ် သူ့ နောက်ကို လိုက်သွားမယ်၊ ဆရာကြီး တဟုန်နဲ့ လုဝါးကို မင်းက စောင့်ရှောက်လိုက်ပါ"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းသည် ထိုသို့ ပြောလိုက်ပြီးသည်နှင့် မြေပေါ်သို့ ခုန်ချလိုက်၏။

ချူလှူချမ်း၏ ခန္ဓာကိုယ်သည် သစ်ပင်မှ သစ်ရွက်ကလေး ကြွေကျလာသကဲ့သို့ မြေပေါ်သို့ ရောက်သွား၏။

ချူလှူချမ်းသည် မြေပေါ်သို့ ရောက်လာသည်နှင့် ...

"ဟေ့ ... ဂူးထိဝါး စုယုံယုံကိုလည်း ဂရုစိုက်လိုက်ပါ"

ဟု လှမ်း၍ပြောလိုက်၏။

ထို့နောက် ချူလှူချမ်းသည် မိန်းမလျာသိုင်းသမား၏ နောက်သို့ ပြေးလိုက်သွားလေတော့၏။

ဂူးထိဝါးသည် ဦးခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် သူသည် ဘုံကျောင်းထဲသို့ လှမ်းဝင်ရင်း ...

"အင်း ... မိန်းမလျာသိုင်းသမားဟာ အတော်ပဲ နှောင်တရနေပြီလား"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

မိန်းမလျာသိုင်းသမားနောက်သို့ တိတ်တဆိတ် လိုက်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။

မိန်းမလျာသိုင်းသမားသည် ကိုယ်ဖော့ပညာရပ်၌ အလွန်ထူးချွန်သူဖြစ်၏။



ထို့အပြင် သတိ၊ ဝီရိယလည်း အလွန်ကောင်း၏။

သူသည် နှစ်ရှည်လများ ဝရမ်းပြေးဘဝဖြင့် ကျင်လည်ကျက်စားခဲ့သူဖြစ်၍ သူ့ကို ခြေရာခံလိုက်ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ။

သို့သော် မိန်းမလျာသိုင်းသမားကို ခြေရာခံ၍ လိုက်နိုင်သူမှာ သိုင်းလောက၌ ချူလှူချမ်းတစ်ယောက်သာ ရှိသည်ဟု ပြောရမည်ဖြစ်၏။

အကြောင်းမှာ ချူလှူချမ်းသည် ကိုယ်ဖော့ပညာရပ်၌ အလွန်ထူးချွန်သူဖြစ်၏။

ထို့အပြင် သူ၏မျက်လုံးများကလည်း အလွန်စူးရှ၏။

ယခု ချူလှူချမ်းသည် မိန်းမလျာသိုင်းသမား၏ နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့ပြီဖြစ်၏။

မိန်းမလျာသိုင်းသမားသည် တောင်တန်းများဘက်သို့ ပြေးနေခြင်း မဟုတ်ပါ။

သူသည် မြို့ထဲသို့ ဦးတည်၍ပြေးနေခြင်းဖြစ်၏။

ထို့ကြောင့် ...

ချူလှူချမ်းသည် မျက်မှောင်ကြုတ်ကာ ...

"ဘာလုပ်တာလဲ ... ငါလိုက်လာတာ သိသွားပြီလား"

ဟု စိတ်ထဲမှ တွေးလိုက်မိ၏။

ချူလ္လာုရှမ်းက ထိုသို့တွေးနေစဉ်မှာပင် မိန်းမလျာသိုင်းသမား သည် မြို့ထဲသို့ ရောက်ရှိနေပြီဖြစ်၏။

မကြာမီ သူသည် တည်းခိုခန်းတစ်ခုထဲသို့ ဝင်ရောက်သွား၏။

မိန်းမလျာသိုင်းသမား ဝင်ရောက်သွားသော တည်းခိုခန်းမှာ ချူလ္လာုရှမ်းတို့ တည်းခိုခဲ့သော တည်းခိုခန်း၏အနီးအနားမှ တည်းခို ခန်း ဖြစ်၏။

ထို့ကြောင့် ချူလ္လာုရှမ်းသည် မိမိတည်းခိုခဲ့သော တည်းခိုခန်း သို့ ဝင်ရောက်ပြီး စုယုံယုံ၏ အခြေအနေကို ကြည့်ရန် စိတ်ကူးလိုက် ၏။

သို့သော် သူသည် မိန်းမလျာ သိုင်းသမားကို မြက်ခြည်ပြတ် သွားမည်စိုးသဖြင့် စုယုံယုံထံသို့ မဝင်တော့ဘဲ မိန်းမလျာသိုင်းသမား ဝင်ရောက်သွားသော တည်းခိုခန်းကို ကောင်းစွာမြင်နိုင်သော အိမ် ခေါင်မိုးတစ်ခုပေါ်၌ ပုန်းအောင်းလိုက်၏။

ထို့နောက် သူသည် သိုင်းသမားဝင်ရောက်သွားသော တည်းခို ခန်းကို မမှိတ်မသုန် စောင့်ကြည့်နေ၏။

မိန်းမလျာသိုင်းသမားသည် စုတုကျင်း၏ ဖခင်ဖြစ်၏။

စုတုကျင်းသည် ရေနန်းဒေဝီ၏ တပည့်ဖြစ်၏။

စုတုကျင်း သေဆုံးကြောင်း ကျုန်းနန်းယဉ်က ပြောသွားခဲ့၏။

ထို့ကြောင့် မိန်းမလျာသိုင်းသမားသည် စုတုကျင်း သေဆုံး



ခြင်းနှင့် ပတ်သက်၍ ရေနန်းဒေဝီကို သွားရောက်တွေ့ဆုံလိမ့်မည်ဟု ချူလ္လာုရှမ်းက တွေးမိ၏။

ထို့အပြင် မိန်းမလျာသိုင်းသမားကို သိုင်းလောကသားများက မြေလှန်၍ ရှာနေစဉ် ရေနန်းဒေဝီက မိန်းမလျာသိုင်းသမား သေပြီဟု သတင်းထုတ်ပြန်ခဲ့၏။

ထို့ကြောင့် မိန်းမလျာသိုင်းသမားနှင့် ရေနန်းဒေဝီတို့သည် ပတ်သက်မှု တစ်စုံတစ်ရာရှိရမည်ဟုလည်း ချူလ္လာုရှမ်းက တွေးမိ၏။

သို့ဖြစ်၍ မိန်းမလျာသိုင်းသမား၏ နောက်သို့ ခြေရာခံ၍ လိုက်သွားလျှင် ရေအောက်နန်းတော်သို့ ချောချောမောမော ရောက် လိမ့်မည်ဟု ချူလ္လာုရှမ်းက ယူဆထား၏။

ထို့ကြောင့် သူသည် အိမ်ခေါင်မိုးပေါ်၌ ထိုင်ကာ တည်းခိုခန်းထဲ မှ ပြန်၍ ထွက်မည့် မိန်းမလျာသိုင်းသမားကို စိတ်ရှည်လက်ရှည် စောင့်နေခဲ့လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

မိုးလင်းရန် အချိန်အနည်းငယ်သာ လိုတော့၏။

မြို့ကလေးတစ်မြို့လုံးသည် လရောင်အောက်၌ အလွန်လှပ နေ၏။

လရောင်သည် အိမ်ခေါင်မိုးပေါ်သို့ ကျရောက်နေ၏။

အိမ်ခေါင်မိုးအောက်မှ လူများသည် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ညဥ့်၏လေက ရုတ်တရက် တိုက်ခတ်လာ၏။

ညဥ့်လေထဲ၌ အေးစိမ့်မှုက ပါရှိလာ၏။

ထိုစဉ် မိန်းမလျာသိုင်းသမားသည် တည်းခိုခန်းထဲမှ ထွက်လာ၏။

သူ၏ စူးရှသော မျက်လုံးတစ်စုံက အမှောင်ထဲ၌ လင်းခနဲဖြစ်သွား၏။

သူသည် တည်းခိုခန်းထဲမှ ထွက်လာပြီးနောက် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် သူသည် ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် အမှောင်ထုအတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

ချူလျူရှမ်း မျက်မှောင်ကြုတ်လိုက်၏။

သူသည် မိန်းမလျာသိုင်းသမား၏ လက်ထဲ၌ ကိုင်ထားသော အနက်ရောင် သားရေအိတ်ကို သတိထားမိသောကြောင့်ဖြစ်၏။

မိန်းမလျာသိုင်းသမားသည် တည်းခိုခန်းသို့ ပြန်လာခြင်းမှာ ထိုသားရေအိတ်ကို ယူခြင်းဖြစ်လျှင် ထိုသားရေအိတ်သည် မည်ကဲ့သို့ အရေးပါနေသနည်း။

ထိုသားရေအိတ်ထဲ၌ မည်သည့်ပစ္စည်း ပါနေသနည်း။



မိန်းမရှာသိုင်းသမားသည် အဘယ်ကြောင့် ထိုသားရေအိတ်ကို ပြန်ယူရသနည်း။

ချူလျူရှမ်းသည် စဉ်းစား၍မရပါ။

ထို့ကြောင့် သူသည် ဦးခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းကာ မိနးမလျာသိုင်းသမား၏ နောက်သို့ ပြေးလိုက်သွားလေတော့၏။

ယခုတစ်ကြိမ်၌ မိန်းမလျာသိုင်းသမားသည် တောင်တန်းများဘက်သို့ ပြေးလွှားသွား၏။

မိန်းမလျာသိုင်းသမားသည် ရှေ့မှပြေးလွှားနေ၏။

ချူလျူရှမ်းသည် ခပ်လှမ်းလှမ်းမှ လိုက်လာ၏။

အတန်ကြာသောအခါ သူတို့သည် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာ၏။

သို့သော် မိန်းမလျာသိုင်းသမားသည် တောင်ကုန်းပေါ်သို့ မတက်ပါ။

သူသည် တောင်ခြေကို ပတ်၍ ဆက်လက်ပြေးလွှားသွား၏။

ချူလျူရှမ်းသည် မိန်းမလျာသိုင်းသမားအတိုင်း တောင်ခြေကို ပတ်၍ လိုက်လာ၏။

မကြာမီ သူတို့သည် အလွန်ကျဉ်းမြောင်းသော တောင်ကြားလမ်းတစ်ခုသို့ ရောက်လာ၏။

ထိုကျဉ်းမြောင်းသော တောင်ကြားကို ကျော်ဖြတ်ပြီးနောက် ချုံနွယ်များ ထူထပ်သော လမ်းအတိုင်း ချုံနွယ်များကြားသို့ တိုးဝင်ဖြတ်ကျော်ခဲ့၏။

ထိုချုံနွယ်များ ပိတ်ဖုံးနေသော လမ်းကို ဖြတ်ကျော်ပြီးနောက် ရွှံ့နွံများ ပြည့်နှက်နေသော ဒယ်အိုးပုံသဏ္ဍာန် ရွှံ့ရေကန်သို့ ရောက်ရှိခဲ့၏။

ထိုနေရာကို မိန်းမလျာသိုင်းသမားက မြင်းကွက်အတိုင်း နင်း၍ဖြတ်ကျော်သွားခဲ့၏။

ချူလျူရှမ်းသည် မိန်းမလျာသိုင်းသမား၏ နောက်မှ ထက်ကြပ်မကွာလိုက်ရင်း မိမိဖြတ်သန်းခဲ့သောနေရာများကို သေချာစွာမှတ်သားခဲ့၏။

အကြောင်းမှာ သူသည် ဤနေရာသို့ နောက်တစ်ခေါက် ပြန်လာရမည်ဆိုလျှင် လာတတ်မည်မဟုတ်သောကြောင့် သေချာစွာ မှတ်သားခဲ့ခြင်းဖြစ်၏။

မိန်းမလျာသိုင်းသမားသည် ထိုနေရာများနှင့် အလွန် ရင်းနှီးကျွမ်းဝင်ဟန် ရှိ၏။

သူသည် ထိုလမ်းများကို တွေဝေခြင်း၊ စဉ်းစားခြင်းမရှိဘဲ ဖြတ်ကျော်လာခဲ့၏။

ထို့ကြောင့် ...



မိန်းမလျာသိုင်းသမားကို ကြည့်ရသည်မှာ ဤလမ်း ဤခရီးကို အကြိမ်ကြိမ် ဖြတ်သန်းခဲ့ဖူးကြောင်း သိနိုင်၏။

ဤသို့ဖြင့် နောက်ဆုံး၌ သူတို့သည် တောင်တန်းဒေသတစ်ခုသို့ ရောက်ရှိလာခဲ့လေတော့၏။

ထိုနေရာသို့ ရောက်လာသောအခါ မိန်းမလျာသိုင်းသမား၏ လှုပ်ရှားမှုသည် အလွန်သတိထား၍ လှုပ်ရှားနေကြောင်း ချူလျူရှမ်းက သတိပြုမိ၏။

ထို့ကြောင့် သူသည် နောက်ဘက်သို့လည်း မကြာခဏ လှည့်ကြည့်နေ၏။

ထို့ကြောင့် ချူလျူရှမ်းသည် မိန်းမလျာသိုင်းသမား၏နောက်သို့ လိုက်ရန်ပင် အခက်အခဲဖြစ်နေလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ကောင်းကင်ပေါ်သို့ နေ့တစ်နေ့၏ ပထမဆုံး အလင်းရောင်က ရောက်ရှိလာပြီဖြစ်၏။

ထိုအလင်းရောင်ကြောင့် သစ်ရွက်များပေါ်မှ နှင်းဥကလေးများသည် အရောင်တဖိတ်ဖိတ် တောက်လာ၏။

ချူလျူရှမ်းသည် သစ်ပင်တစ်ပင်၏ နောက်ကွယ်၌ ပုန်းအောင်းရင်း သက်ပြင်းချလိုက်၏။

အကြောင်းမှာ မိုးလင်းသွားခဲ့လျှင် ချူလျှူရှမ်းသည် မိန်းမလျာသိုင်းသမား၏နောက်သို့ လိုက်ရန် မလွယ်ကူတော့ပါ။

ထိုစဉ် အသံတစ်သံကို မသဲမကွဲကြားရ၏။

ချူလျှူရှမ်းသည် မျက်မှောင်ကြုတ်၍ ကြားရသော အသံကို အာရုံစိုက်၍ နားထောင်လိုက်၏။

ကြားရသော အသံမှာ ရေစီးသံဖြစ်၏။

မိန်းမလျာသိုင်းသမား၏ ခြေလှမ်းကလည်း ရပ်တန့်သွား၏။

ထို့နောက် မိန်းမလျာသိုင်းသမားသည် ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ပတ်၍ အကဲခတ်ကြည့်လိုက်၏။

ထို့နောက် မိန်းမလျာသိုင်းသမားသည် ယာဘက်မှ လိုဏ်ဂူတစ်ခုထဲသို့ ဝင်ရောက်သွားလေတော့၏။

ချူလျှူရှမ်းသည် မျက်မှောင်ကြုတ်လိုက်၏။

ဤနေရာသည် ရေအောက်နန်းတော်သို့ ဝင်ရန် ဝင်ပေါက်လော။

ချူလျှူရှမ်းသည် ထိုသို့တွေးလိုက်ပြီး ပုန်းကွယ်ရာ သစ်ပင်နောက်မှ ထွက်လာခဲ့၏။

ထို့နောက် သူသည် မိန်းမလျာသိုင်းသမား ဝင်ရောက်သွားခဲ့သော လိုဏ်ဂူအနီးသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်လာ၏။

သူသည် အလွန် သတိထား၍ ချဉ်းကပ်လာခဲ့ခြင်းဖြစ်၏။



လိုဏ်ဂူအနီးသို့ ရောက်သောအခါ လိုဏ်ဂူထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအသံသည် သံကိုသံဖြင့် ထုရိုက်နေသော အသံဖြစ်၏။

ထို့ကြောင့် ချူလျှူရှမ်းသည် မျက်မှောင်ကြုတ်သွား၏။

သူ၏စိတ်ထဲမှ မိန်းမလျာသိုင်းသမားသည် တစ်စုံတစ်ယောက်သို့မဟုတ် လူတစ်စုဖြင့် တိုက်ခိုက်နေခြင်းလောဟု တွေးလိုက်မိ၏။

ထိုစဉ် လိုဏ်ဂူထဲမှ ရေကိုစုတ်ယူလိုက်သော အသံကို ကြားရ၏။

ထို့နောက် သွားဖြင့် တစ်စုံတစ်ခုကို ဝါးစားနေသော အသံပေါ်ထွက်လာ၏။

ထို့ကြောင့် ချူလျှူရှမ်းသည် ဦးခေါင်းကို ခါယမ်းလိုက်၏။

မိန်းမလျာသိုင်းသမားသည် တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်နေခြင်းမဟုတ်ဘဲ တစ်စုံတစ်ရာ ပြုလုပ်နေခြင်းဖြစ်လိမ့်မည်ဟု ချူလျှူရှမ်းက တွေးလိုက်မိ၏။

ဤသို့ဆိုလျှင် မိန်းမလျာသိုင်းသမားသည် လိုဏ်ဂူထဲ၌ မည်သည့် ပစ္စည်းကို ပြုလုပ်နေသနည်း။

ထိုလိုဏ်ဂူသည် မိမိ မူလက ထင်မှတ်ထားခဲ့သလို ရေအောက်နန်းတော်၏ ဝင်ပေါက် ဟုတ်,မဟုတ် မသေချာတော့ပါ။

အကယ်၍သာ ထိုလိုဏ်ဂူသည် ရေအောက်နန်းတော်၏ ဝင်ပေါက် မဟုတ်ခဲ့လျှင် ...

အကယ်၍သာ မိန်းမလျာသိုင်းသမားသည် တစ်စုံတစ်ရာကို ပြုလုပ်ရန် ထိုလိုဏ်ဂူထဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်လျှင် ...

မိန်းမလျာသိုင်းသမားသည် လိုဏ်ဂူထဲမှ ပြန်ထွက်လာရမည် ဖြစ်၏။

ထို့ကြောင့် ချူလျူရှမ်းသည် လိုဏ်ဂူကို မြင်ရသော ကျောက်တုံး တစ်တုံး၏ နောက်၌ ပုန်းကွယ်ကာ လိုဏ်ဂူကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

ချူလျူရှမ်းသည် ထိုသို့ ဆုံးဖြတ်လိုက်ပြီးသည်နှင့် လိုဏ်ဂူကို မြင်ရသော ကျောက်တုံးတစ်တုံး၏ နောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်လေတော့၏။

အချိန်က တဖြည်းဖြည်း ကုန်ဆုံးသွားပြီဖြစ်၏။

သို့သော် မိန်းမလျာသိုင်းသမားသည် လိုဏ်ဂူထဲမှ ထွက်မလာသေးပါ။

ထို့ကြောင့် ချူလျူရှမ်းသည် ပုန်းကွယ်ရာမှ ထွက်ကာ လိုဏ်ဂူအနီးသို့ ပြန်လည်ချဉ်းကပ်လာ၏။

လိုဏ်ဂူအနီးသို့ ရောက်သောအခါ လိုဏ်ဂူထဲမှ လမ်းလျှောက်နေသံကို ကြားရ၏။



ချူလျူရှမ်းသည် သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးမှ ...

"အင်း ... မိုးချုပ်မှ ထွက်လာတော့မယ် ထင်တယ်"

ဟု တစ်ယောက်တည်း ရေရွတ်လိုက်၏။

ထို့နောက် ချူလျူရှမ်းသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

မိုးချုပ်ရန် အချိန်အတော်လိုသေး၏။

ဤအတိုင်းဆိုလျှင် သူသည် အချိန်များစွာ စောင့်ရဦးမည် ဖြစ်၏။

ထို့ကြောင့် ...

သူသည် အေးအေးဆေးဆေး အနားယူ၍ စောင့်ရန် ဆုံးဖြတ်လိုက်ပြီး ကျောက်တုံးတစ်တုံး၏ နောက်ကွယ်၌ လဲလျောင်းလိုက်လေတော့၏။

ထို့နောက် သူသည် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်၍ သတိရနေ၏။

သူနှင့် ဝူးထိဝါး ငယ်စဉ်က အတူကစားခဲ့ပုံ၊ သိုင်းပညာများကို ဒုက္ခမျိုးစုံခံ၍ သင်ယူခဲ့ပုံ၊ သိုင်းလောက၌ ချူလျူရှမ်းဟူသော နာမည်တစ်လုံးရရှိရန် တဖြည်းဖြည်းကြိုးစားခဲ့ရပုံ စသည်တို့ကိုပြန်၍ သတိရနေ၏။

သူသည် မည်မျှကြာအောင် ရှေးဟောင်းနှောင်းဖြစ်များကို တွေးနေမိသည် မသိပါ။

ကောင်းကင်ပေါ်မှ နေဝန်းကြီးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးရန် ဟန်ပြင်နေပြီဖြစ်၏။

ထိုအခါမှ ချူလှူရှမ်းသည် လဲလျောင်းရာမှ ထ,လိုက်ပြီး အညောင်းတစ်ချက် ဆန့်လိုက်၏။

ထို့နောက် ကောင်းကင်ပေါ်မှနေဝန်းကို တစ်ချက်ကြည့်လိုက်၏။

မိုးချုပ်ရန် အချိန် နှစ်နာရီခန့် လိုသေး၏။

ထိုစဉ် ...

လိုဏ်ဂူထဲမှ လူတစ်ယောက် ထွက်လာသည်ကို ချူလှူ ရှမ်းက မြင်တွေ့လိုက်ရ၏။

ထိုလူသည် မိန်းမလျှာသိုင်းသမားမဟုတ်ပါ။

ထို့ကြောင့် ချူလှူရှမ်းသည် မျက်မှောင်ကြုတ်သွား၏။

အကြောင်းမှာ လိုဏ်ဂူထဲ၌ မိန်းမလျှာသိုင်းသမားအပြင် နောက်ထပ် လူတစ်ယောက် ရှိနေကြောင်းကို သိလိုက်ရသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

◆ ◆ ◆



လိုဏ်ဂူထဲမှ ထွက်လာသော လူသည် အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်၏။

သူမသည် အဖြူရောင်အဝတ်အစားကို ဝတ်ဆင်ထား၏။

သူမသည် မျက်နှာကသာ လှပချောမောရုံမက ကိုယ်လုံးကိုယ်ထည်ကလည်း အချိုးအစားကျ၍ လှပ၏။

သူမ၏အလှ၊ သူမ၏ ကိုယ်လုံးကိုယ်ထည်က ဆန့်ကျင်ဘက်လိင်များကို တစ်ချက်ကြည့်ရုံဖြင့် ဆွဲဆောင်နိုင်စွမ်းရှိ၏။

ချူလှူရှမ်းသည် လိုဏ်ဂူထဲမှထွက်လာသော မိန်းကလေးကို အံ့သြစွာကြည့်နေ၏။

လိုဏ်ဂူထဲမှ မိန်းကလေး ထွက်လာစဉ်က ထိုမိန်းကလေးသည် ကုန်းနန်းယဉ်ဟု ချူလှူရှမ်းက ထင်မှတ်လိုက်၏။

သို့သော် အသေအချာ သတိထား၍ကြည့်လိုက်သောအခါ ထို မိန်းကလေးသည် ကုန်းနန်းယဉ်မဟုတ်ကြောင်း သိလိုက်၏။

မိန်းကလေးသည် အဘယ့်ကြောင့် လိုဏ်ဂူထဲသို့ ရောက်နေရသနည်း။

သူမသည် မိန်းမလျှာသိုင်းသမားနှင့် ဤလိုဏ်ဂူ၌ တွေ့ရန် ချိန်းဆိုထားသဖြင့် ရောက်ရှိနေခြင်းလော။

ဤသို့ဆိုလျှင် ထိုမိန်းကလေးနှင့် မိန်းမလျှာသိုင်းသမားတို့သည် မည်သို့ ပတ်သက်နေသနည်း။

ချူလျှူရှမ်းသည် ထိုသို့တွေးရင်း လိုဏ်ဂူကို တစ်ချက်လှမ်းကြည့်လိုက်၏။

သူသည် လိုဏ်ဂူထဲမှ မိန်းမလျာသိုင်းသမား ထွက်လာလိမ့်မည်ဟု မျှော်လင့်ထား၏။

သို့သော် မိန်းမလျာသိုင်းသမားသည် လိုဏ်ဂူထဲမှ ထွက်မလာပါ။

ထို့ကြောင့် ...

ချူလျှူရှမ်းသည် သက်ပြင်းချလိုက်ပြီး မိန်းကလေးကို လှမ်းကြည့်လိုက်၏။

ထိုအချိန်၌ မိန်းကလေးသည် တောင်အောက်သို့ ပြေးဆင်းသွား၏။

သူမသည် ကိုယ်ဖော့ပညာကို အသုံးပြု၍ ပြေးဆင်းသွားခြင်းဖြစ်၏။

သူမ၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်ရှိ၏။

ချူလျှူရှမ်းသည် မိန်းကလေးကိုကြည့်ရင်း မိန်းကလေး၏လက်ထဲမှ သားရေအိတ်ကို အမှတ်မထင် လှမ်းတွေ့လိုက်၏။

ထိုအခါမှ ချူလျှူရှမ်းသည် ပြုံးလိုက်ပြီး ...

"အင်း ... စောစောကတည်းက သတိထားသင့်တယ်"

ဟု တစ်ယောက်တည်း ရေရွတ်လိုက်၏။



အဘယ့်ကြောင့်ဆိုသော် ချူလျှူရှမ်းသည် မိန်းကလေး၏လက်ထဲမှ သားရေအိတ်ကို မြင်တွေ့လိုက်ရသဖြင့် ထိုမိန်းကလေးသည် ရုပ်ဖျက်ထားသော မိန်းမလျာသိုင်းသမားဖြစ်ကြောင်း သဘောပေါက်လာ၍ ဖြစ်၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"အင်း ... ဒါကြောင့်လည်း ရုပ်ဖျက်ပညာရပ်နဲ့ ပတ်သက်ပြီး သိုင်းလောကမှာ ပြိုင်ဘက်ကင်းတာပဲ"

ဟု စိတ်ထဲမှ ချီးကျူးလိုက်၏။

အကြောင်းမှာ မိန်းမလျာသိုင်းသမားသည် မိန်းကလေးတစ်ယောက်ကဲ့သို့ ရုပ်ဖျက်ပြီးနောက် သူ၏လှုပ်ရှားမှုအားလုံးသည် ယောကျ်ားဟန် လုံးဝမရှိတော့ဘဲ မိန်းကလေးတစ်ယောက်၏ လှုပ်ရှားဟန်အတိုင်း ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ချူလျှူရှမ်းသည် လိုဏ်ဂူအဝ၌ ဆက်၍မစောင့်တော့ပါ။

သူသည် ကိုယ်ဖော့ပညာကို အသုံးပြု၍ မိန်းကလေး၏နောက်သို့ ပြေးလိုက်သွား၏။

မကြာမီ ...

သူသည် ရှေ့မှပြေးလွှားနေသော မိန်းကလေးကို မီလာ၏။

မိန်းကလေးသည် ရှေ့မှပြေးလွှားနေ၏။

ချူလျှူရှမ်းသည် သစ်ပင်များ၊ ကျောက်တုံးများ၊ ချုံနွယ်များကို

အကာအကွယ်ယူ၍ မိန်းကလေး၏နောက်သို့ ထက်ကြပ်မကွာ လိုက်လာ၏။

သူသည် ထိုသို့ ထက်ကြပ်မကွာ လိုက်လာရင်း မိန်းကလေးကို သေချာစွာ ကြည့်ရှုလိုက်၏။

ထိုသို့ ကြည့်ရှုလိုက်မိသောအခါ ချူလျူရှမ်းသည် အလွန် အံ့သြသွား၏။

အကြောင်းမှာ ...

ယခုတစ်ကြိမ်၌ မိန်းမလျာသိုင်းသမားသည် မျက်နှာအတုကို တပ်ဆင်ထားခြင်း မရှိပါ။

ထို့ကြောင့် သူ၏ မျက်လုံးထောင့်မှ အသားအရေ အနည်းငယ် တွန့်နေသည်ကို တွေ့ရ၏။

ချူလျူရှမ်းသည် အံ့သြစွာဖြင့် မိန်းမလျာသိုင်းသမားကို ကြည့်နေမိ၏။

ယခု မြင်တွေ့လိုက်ရသော မျက်နှာသည် မိန်းမလျာသိုင်းသမား၏ မျက်နှာပင်ကို မျက်နှာဖြစ်လိမ့်မည်ဟု ချူလျူရှမ်းက ယုံကြည်၏။

ချူလျူရှမ်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်၏။

မိန်းမလျာသိုင်းသမားသည် မိန်းကလေးထက် ချောမောလှပသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်းကို မည်သူမျှဖြင့် ငြင်းဆန်နိုင်မည်မဟုတ်ပါ။



ထိုစဉ် မိန်းမလျာသိုင်းသမားသည် ပြေးလွှားနေရာမှ ရပ်တန့်လိုက်၏။

ထို့ကြောင့် ချူလျူရှမ်းသည် သစ်ပင်တစ်ပင်နောက်သို့ ကမျာကယာ ဝင်ရောက်ကိန်းအောင်းလိုက်၏။

မိန်းမလျာသိုင်းသမားသည် ခြေလှမ်းရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ သူသည် မြေကြီးပေါ်သို့ ဒူးထောက်ထိုင်လိုက်ပြီး မြေကြီးကို တွင်းတူးလိုက်၏။

ထို့နောက် သားရေအိတ်ထဲမှ ပစ္စည်းများကို တူးထားသော မြေကျင်းထဲသို့ ထည့်၍မြှုပ်လိုက်၏။

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် သားရေအိတ်အလွတ်ကို ကိုင်၍ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

ချူလျူရှမ်းသည် ပုန်းကွယ်ရာမှ ထွက်လာ၏။

သူသည် ဦးခေါင်းကို တစ်ချက်ကုတ်လိုက်၏။

ထို့နောက် သူသည် မိန်းမလျာသိုင်းသမား၏ နောက်သို့ ဆက်၍ လိုက်သွားလေတော့၏။

◆ ◆ ◆

မိန်းမလျာသိုင်းသမားသည် လူတစ်ရပ်နီးပါးရှည်လျားသော မြက်ရိုင်းပင်များကြားထဲသို့ တိုးဝှေ့ဝင်ရောက်သွား၏။

ချူလျှူရှမ်းသည် မြက်ပင်များကြားသို့ တိုးဝှေ့ဝင်ရောက်လိုက်၏။

မကြာမီ ချူလျှူရှမ်းသည် ရေစီးသံကို ကြားရ၏။

ရေစီးသံက တဖြည်းဖြည်း ကျယ်လောင်ပြီးနောက်မှ ရေစီးသန်သော ချောင်းကို တွေ့ရ၏။

အမှန်မှာ မက်စောက်သော တောင်ကြားမှ တောင်ကျရေများ စီးဆင်းကာ ရေစီးသန်သော ချောင်းတစ်ခုဖြစ်နေခြင်းပင် ဖြစ်၏။

မိန်းမလျာသိုင်းသမားသည် တောင်နံရံကြား၌ ရပ်နေ၏။

သူသည် သူ၏လက်ထဲမှ သားရေအိတ်ကို ပါးစပ်ဖြင့် တေ့ကာ လေမှုတ်သွင်းနေ၏။

မကြာမီ သားရေအိတ်သည် လေပြည့်ကာ ဖောင်းကားလာ၏။

ထိုအခါမှ မိန်းမလျာသိုင်းသမားသည် သားရေအိတ်ကို ပိတ်လိုက်၏။

ယခု ထိုသားရေအိတ်သည် လေပြည့်နေသော သားရေဘော တစ်ခုကဲ့သို့ ဖြစ်နေ၏။

မိန်းမလျာသိုင်းသမားသည် ထိုသားရေအိတ်တစ်ဖြစ်လဲ သားရေဘောကို ခြေတစ်ဖက်ဖြင့် နင်းကြည့်လိုက်၏။



ချူလျှူရှမ်းသည် မိန်းမလျာသိုင်းသမားကိုကြည့်ပြီး မိန်းမလျာသိုင်းသမားသည် ထိုသားရေဘောဖြင့် ရေစီးသန်သော ချောင်းကို ဖြတ်ကူးရန် ကြံစည်နေကြောင်း သိလိုက်၏။

ထိုအချိန်မှာပင် မိန်းမလျာသိုင်းသမားသည် သားရေဘောကို ချောင်းရေထဲသို့ ပစ်ချလိုက်ပြီး ထိုသားရေဘောပေါ်သို့ ခုန်တက်လိုက်၏။

ထိုစဉ် ရုတ်တရက် ချောင်း၏တစ်ဖက်ကမ်း တောင်ကမ်းပါးယံမှ ဝင်းခနဲ တစ်ချက်လက်သွားပြီး ပါးလွှာသော ဓားကလေး တစ်ချောင်းက မိန်းမလျာသိုင်းသမားထံသို့ ပစ်လွှင့်လာလေတော့၏။

ထိုအဖြစ်အပျက်ကြောင့် မိန်းမလျာသိုင်းသမားသည် မျက်စိမျက်နှာပျက်သွား၏။

ပစ်လွှင့်လာသော ဓားက မိန်းမလျာသိုင်းသမားကို မထိပါ။

သို့သော် ဓားက သားရေဘောကို ထိုးဖောက်သွား၏။

"ရှူး ..."

သားရေဘောထဲမှ လေများထွက်သွားပြီး သားရေဘောသည် ချာချာလည်သွား၏။

မိန်းမလျာသိုင်းသမားသည် ရေထဲ့ ပြုတ်မကျမီ ကမ်းပေါ်သို့ ကပျာကယာ ခုန်တက်လိုက်ရ၏။

ထိုစဉ် ရုတ်တရက် တစ်ဖက်ကမ်း၏ နံရံနှစ်ခုကြားမှ ငွေ

တစ်စင်း လှော်ခတ်လာသည်ကို တွေ့လိုက်ရလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

တောင်နံရံကြားမှ လှေတစ်စင်း ထွက်လာ၏။

လှေကို မိန်းကလေးတစ်ယောက်က လှော်ခတ်လာခြင်းဖြစ်၏။

ထိုမိန်းကလေးသည် အဖြူရောင် အဝတ်အစားကို ဝတ်ဆင်ထား၏။

မိန်းမလျာသိုင်းသမားသည် လှေပေါ်မှ မိန်းကလေးကို တွေ့လိုက်သောအခါ သက်ပြင်းချလိုက်၏။

အကြောင်းမှာ ထိုမိန်းကလေးသည် ကုန်းနန်းယဉ် ဖြစ်နေသောကြောင့် မဟုတ်ပါလား။

မိန်းမလျာသိုင်းသမားက လှေပေါ်မှ မိန်းကလေးကို ကြည့်ကာ

"မင်း ... မင်း"

ကုန်းနန်းယဉ်က ပြုံးကာ ...

"ရှင်လာလိမ့်မယ်လို့ ကြိုတင်တွက်ထားလို့ လာစောင့်နေတာပါ"

မိန်းမလျာသိုင်းသမားက သက်ပြင်းချကာ ...

"ကျုပ် မလာတော့ဘူး ဆုံးဖြတ်ထားပါတယ်"



ကုန်းနန်းယဉ်က ပြုံးကာ ...

"ဒါပေမယ့် ရှင် အခု ဒီကိုရောက်လာပြီ"

မိန်းမလျာသိုင်းသမားက ...

"ဟုတ်ပါတယ် ... ဒီကိုမလာဖို့ ဆုံးဖြတ်ထားပေမယ့် မလာဘဲ မနေနိုင်လို့ ရောက်လာတာပါ"

ကုန်းနန်းယဉ်က ပြုံးလိုက်၏။

သူမ၏အပြုံးက မဲ့ပြုံးဖြစ်၏။

သူမက ပြုံးလိုက်ပြီးမှ ...

"ရှင် တစ်ချိန်က ကျိန်တွယ်ပြောခဲ့တာကို ဘာဖြစ်လို့ သတိမရတာလဲ"

မိန်းမလျာသိုင်းသမားက သက်ပြင်းချလိုက်ရင်း ...

"ကျုပ် မမေ့ပါဘူး၊ ဒါပေမယ့် ကျုပ် သမီးကို သင်္ဂြိုဟ်ခဲ့တဲ့ နေရာလေးကို တစ်ခါလောက် ကြည့်ချင်လို့ပါ"

ကုန်းနန်းယဉ်က ပြုံးလိုက်ပြီး ...

"ဘာထူးမှာလဲ၊ ရှင့်လက်ချက်ကြောင့် သေသွားတဲ့လူတွေရဲ့ မြေပုံအတိုင်းပဲဖြစ်မှာပေါ့၊ အဲဒါတွေသွားကြည့်ရင် အတူတူပဲ"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်၏ စကားကြောင့် မိန်းမလျာသိုင်းသမား၏ မျက်နှာသည် နီရဲသွား၏။

ကုန်းနန်းယဉ်က ရယ်မောလိုက်ပြီး ...

"ဘာလဲ ... စိတ်ဆိုးသွားလား၊ လူတွေက မှန်တာကို ပြောရင် စိတ်ဆိုးတတ်ကြတယ်၊ အခုလိုပြောမိတာ တောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

ထိုအချိန်၌ ချူလှုံရှမ်းသည် တောင်နံရံတစ်ခု၏ ချိုင့်ဝင်နေသော နေရာသို့ ချဉ်းကပ်လာပြီး မိန်းမလျာသိုင်းသမားနှင့် ကုန်းနန်းယဉ်တို့ အချီအချ ပြောဆိုနေသည်ကို နားစွင့်နေ၏။

မိန်းမလျာသိုင်းသမားက ကမ်းပေါ်၌ရပ်နေ၏။

ကုန်းနန်းယဉ်က လှေပေါ်၌ ရပ်နေ၏။

အကယ်၍သာ တစ်စုံတစ်ယောက်က သူတို့နှစ်ယောက်ကို မြင်တွေ့သွားပါက မိန်းကလေးနှစ်ယောက် စကားကို အချီအချ ပြောဆိုနေသည်ဟု ထင်သွားကြမည်မှာ မလွဲပါ။

အကြောင်းမှာ မိန်းမလျာသိုင်းသမားက 'ကျွန်မ' အစား 'ကျုပ်' ဟု သုံးစွဲ၍ပြောနေသော်လည်း သူ၏အသံမှာ မိန်းကလေး၏ အသံအတိုင်း ဖြစ်နေသောကြောင့်ဖြစ်၏။

မိန်းမလျာသိုင်းသမားက သက်ပြင်းချကာ ...

"ကုန်းနန်းယဉ် ... ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် ကျုပ်သမီးရဲ့ မြေပုံကို ကြည့်ချင်တယ်"

ဟု ပြောလိုက်၏။



ကုန်းနန်းယဉ်က သက်ပြင်းချကာ ...

"အင်း ... ရှင်က ရှင့်သမီးအပေါ် ဒီလောက်တောင် သံယောဇဉ်ကြီးလား"

မိန်းမလျာသိုင်းသမားက ...

"သူက ကျုပ်သမီးပဲ၊ ကျုပ်သမီးအပေါ် ကျုပ်က ဘာဖြစ်လို့ သံယောဇဉ် မကြီးဘဲနေရမှာလဲ"

ကုန်းနန်းယဉ်က သက်ပြင်းချရင်း ...

"ကောင်းပြီလေ ... ရှင့်ကို ကျွန်မက မတားတော့ပါဘူး၊ လာ ကျွန်မ လိုက်ပို့ပေးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် လှေကို ကမ်းစပ်သို့ ထိုးကပ်လိုက်၏။

ကုန်းနန်းယဉ်၏ စကားကြောင့် မိန်းမလျာသိုင်းသမား၏ မျက်လုံးများသည် အရောင်တောက်သွား၏။

ပြီးမှ ...

"မင်း ... မင်း တကယ်ပြောတာလား"

ဟု မေးလိုက်၏။

သူ၏အသံက အနည်းငယ် တုန်နေ၏။

ဝမ်းသာလွန်းသောကြောင့် တုန်ခါနေခြင်းဖြစ်ကြောင်း ချူလှုံရှမ်းက နားလည်လိုက်၏။

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်ကာ ...

"ကဲပါ ... လှေပေါ်တက် ကျွန်မ ရှင့်ကို စေတနာအပြည့်နဲ့ လိုက်ပို့ပေးမယ်"

ဟု ပြောလိုက်၏။

မိန်းမလျာသိုင်းသမားက ဝမ်းသာအားရဖြင့် လှေပေါ်သို့ လှမ်းတက်လိုက်၏။

တစ်ဆက်တည်းမှာပင် မိန်းမလျာသိုင်းသမားသည် မိမိ၏ ရင်ဝကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ...

"အား ..."

ဟု ရူးရှစွာ အော်ဟစ်လိုက်၏။

ထို့နောက် သူသည် အလွန်အံ့ဩသော မျက်လုံးများဖြင့် ကုန်းနန်းယဉ်ကို ကြည့်လိုက်၏။

ကုန်းနန်းယဉ်က ပြုံးလိုက်၏။

မိန်းမလျာသိုင်းသမားသည် မိမိ၏ ရင်ဝ၌ စိုက်ဝင်နေသော ဓားကို တစ်ချက်ငုံ့ကြည့်လိုက်၏။

ထိုအချိန်မှာပင် ကုန်းနန်းယဉ်က ဓားကိုပြန်၍ဆွဲနုတ်လိုက်၏။

ကုန်းနန်းယဉ်က ဓားကို ပြန်၍ဆွဲနုတ်လိုက်သဖြင့် မိန်းမလျာသိုင်းသမား၏ ရင်ဝမှ သွေးများ စီးကျလာ၏။



ချူလျူရှမ်းသည် မိန်းမလျာသိုင်းသမားနှင့် ကုန်းနန်းယဉ်တို့ကို ကြည့်ပြီး မယုံနိုင်လောက်အောင် အံ့ဩနေ၏။

အဖြစ်အပျက်က မျက်စိတမှိတ်အတွင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်၏။

အဖြစ်အပျက်က လျင်မြန်စွာ ဖြစ်ပွားခဲ့သဖြင့် မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်ကို မည်သူမျှ သိလိုက်လိမ့်မည်မဟုတ်ပါ။

သို့သော် ချူလျူရှမ်းသည် အလွန်မျက်စိလျင်သူဖြစ်၏။

ထို့ကြောင့် သူသည် တဒင်္ဂအတွင်း ဖြစ်ပျက်သွားသော အဖြစ်အပျက်တစ်ခုကို အစမှအဆုံးတိုင် မြင်တွေ့လိုက်ရ၏။

မိန်းမလျာသိုင်းသမားက ဝမ်းသာအားရဖြင့် လှေပေါ်သို့ လှမ်းတက်လိုက်၏။

ထိုအချိန်မှာပင် ကုန်းနန်းယဉ်က သူမ၏ လက်ကို လှုပ်ရှားလိုက်၏။

ကုန်းနန်းယဉ်က လက်ကိုလှုပ်ရှားလိုက်သည်နှင့် သူမ၏ လက်ထဲသို့ ဓားတစ်လက် ရောက်ရှိလာ၏။

ထိုဓားက မိန်းမလျာသိုင်းသမား၏ ရင်ဝသို့ လျှပ်တစ်ပြက် ထိုးစိုက်သွား၏။

မိန်းမလျာသိုင်းသမားသည် ကုန်းနန်းယဉ်၏ လှုပ်ရှားမှုကို မြင်တွေ့လိုက်ရသောအခါ အလွန်နောက်ကျသွားပြီဖြစ်၏။

အကြောင်းမှာ ဓားက သူ၏ရင်ဝသို့ စိုက်ဝင်သွားသောကြောင့် ဖြစ်၏။

မိန်းမလျာသိုင်းသမားသည် မယုံကြည်နိုင်လောက်အောင် အံ့သြသော မျက်လုံးဖြင့် ကုန်းနန်းယဉ်ကိုကြည့်ရင်း …

"မင်း … မင်း … ဘာဖြစ်လို့ ကျုပ်ကို ဒီလိုလုပ်ရတာလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ပြုံးကာ …

"မပြောပါနဲ့ … ကျွန်မက ဘာမှမလုပ်ပါဘူး၊ အဲ … ရှင့်ရဲ့ အသည်းကိုထုတ်ပြီး ကြည့်ချင်လို့ပါ"

ဟု ပြောလိုက်၏။

မိန်းမလျာသိုင်းသမားသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ကုန်းနန်းယဉ်ကို တိုက်ခိုက်လိုက်၏။

သို့သော် သူ၏ခန္ဓာကိုယ် တစ်ခုလုံးသည် ခွန်အားကုန်ဆုံးသွားပြီး ရေထဲသို့ ထိုးကျသွားလေတော့၏။

ကုန်းနန်းယဉ်သည် ပြုံးလိုက်၏။

ထို့နောက် သူမသည် တသွင်သွင် စီးဆင်းနေသော ချောင်းရေကို အတန်ကြာအောင် စူးစိုက်ကြည့်နေလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆



ကုန်းနန်းယဉ်၏ မျက်လုံးများက တသွင်သွင်စီးဆင်းနေသော ချောင်းရေကို စူးစိုက်ကြည့်နေ၏။

ထိုအချိန်၌ ပတ်ဝန်းကျင်သည် မှောင်မည်း၍လာပြီဖြစ်၏။

ကုန်းနန်းယဉ်သည် ချောင်းရေကို အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို လေးတွဲ့စွာချလိုက်၏။

ထို့နောက် လှေကို လာရာလမ်းအတိုင်း ပြန်လည်၍ လှော်ခတ်သွားလေတော့၏။

ကမ်းစပ်မှ ကုန်းနန်းယဉ်၏ လှေကလေး ထွက်ခွာသွားပြီးနောက် ချူလျှူရှမ်းသည် ပုန်းကွယ်ရာမှ ထွက်လာ၏။

ထို့နောက် သူသည် ဘာမျှ စဉ်းစားမနေတော့ဘဲ ချောင်းရေထဲသို့ ခုန်ချကာ ကုန်းနန်းယဉ်၏ နောက်သို့ လိုက်သွားလေတော့၏။

သိုင်းလောကသားတို့သည် ချူလျှူရှမ်းအား ကိုယ်ဖော့ပညာရပ်၌ ထူးချွန်သူဖြစ်ကြောင်း ကောင်းစွာသိကြ၏။

အမှန်မှာ သူသည်ကိုယ်ဖော့ပညာထက် ရေကူးပညာက ပို၍ကျွမ်းကျင်သူဖြစ်၏။

ထိုအကြောင်းကို ဝူးထိဝါးပင် မသိပါ။

ယခု ချူလျှူရှမ်းသည် ရေထဲသို့ ရောက်ရှိသွားပြီဖြစ်၏။

သူသည် ရေထဲသို့ ရောက်ရှိသွားသည်နှင့် ငါးတစ်ကောင်ကဲ့သို့ ရေထဲ၌ လျင်မြန်စွာ ကူးခတ်သွား၏။

ကုန်းနန်းယဥ်၏ လှေကလေးသည် ရေပေါ်၌ မြားတစ်စင်းကဲ့သို့ လျင်မြန်စွာ ပြေးလွှားသွား၏။

ချူလျှူရှမ်းသည် ရေထဲ၌ ငါးတစ်ကောင်ကဲ့သို့ လျင်မြန်စွာ လှေကလေးနောက်သို့ လိုက်ပါသွား၏။

အတန်ကြာသောအခါ လှေကလေးသည် တောင်ကြားတစ်ခုထဲသို့ ဝင်ရောက်သွား၏။

ထိုနေရာ၌ ရေအောက်၌ မြက်ပင်များက အလွန်များပြား၏။

ချူလျှူရှမ်းသည် ငါးတစ်ကောင်ကဲ့သို့ ရေထဲ၌ ရေငုပ်၍ လိုက်လာခြင်းဖြစ်ရာ ထိုနေရာသို့ရောက်သောအခါ ရေအောက်၌ လှုပ်ယမ်းနေသော မြက်ပင်များကြောင့် အနည်းငယ် အခက်အခဲနှင့် ကြုံခဲ့ရ၏။

သို့သော်...

ငါးတစ်ကောင်သည် ရေအောက်မှ မြက်ပင်များထဲ၌ ကျင်လည်စွာ ကူးခတ်နိုင်သကဲ့သို့ ချူလျှူရှမ်းသည်လည်း ထိုမြက်ပင်များကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့၏။

သူသည် ရေပေါ်သို့ ခေါင်းပြူ၍ကြည့်ချင်သော်လည်း စိတ်ကို ချုပ်တည်းထားရ၏။

အတန်ကြာသောအခါ ရေပေါ်မှ လှေကလေး၏ ကမ်းသို့ တိုးကပ်လိုက်သော အသံကို ကြားရ၏။



ထိုသို့ ကြားရသော်လည်း ချူလျှူရှမ်းသည် ရေပေါ်သို့ ခေါင်းပြူမကြည့်ရဲသေးပါ။

သူသည် ရေထဲ၌ အတန်ကြာအောင် နေခဲ့ဖူး၏။

ရေအောက်၌လည်း အတန်ကြာအောင် ငုပ်ခဲ့ဖူး၏။

သို့သော် မည်မျှကြာအောင် ရေထဲ၌ နေနိုင်သည်ကို ချူလျှူရှမ်းက တစ်ခါမှ စမ်းသပ်မကြည့်ဖူးခဲ့ပါ။

မိမိ ရေကူးကျွမ်းကျင်ကြောင်းကို သိသော စုံထန်က မိမိသည် ရေအောက်၌ တစ်ရေးအိပ်နိုင်သည်ဟု ပြောခဲ့ဖူး၏။

စုံထန်၏ စကား မည်မျှမှန်ကန်သည်ကို ချူလျှူရှမ်းက မသိပါ။

သို့သော် သူသည် ရေအောက်၌ နေရခြင်းကို နှစ်သက်၏။

အကြောင်းမှာ ရေအောက်ကမ္ဘာသည် ရေပေါ်ထက် များစွာ လုံခြုံမှုရှိသည်ဟု ချူလျှူရှမ်းက ယုံကြည်ထားသောကြောင့် ဖြစ်၏။

ချူလျှူရှမ်းသည် ရေအောက်၌ အတန်ကြာအောင် ငြိမ်သက်၍ နေလိုက်၏။

အတန်ကြာမှ သူသည် ရေအောက်မှ မြက်ပင်အချို့ကို နုတ်ယူ၍ ဦးခေါင်းပေါ်သို့ တင်လိုက်၏။

ထို့နောက် သူသည် ရေပေါ်သို့ ဖြည်းညှင်းစွာ ဦးခေါင်းပြူ၍ ကြည့်လိုက်၏။

ကမ်းစပ်၌ သစ်သားဖြင့် ပြုလုပ်ထားသော ဆိပ်ခံတံတားတစ်ခုကို တွေ့ရ၏။

ထိုတံတား၌ ကုန်းနန်းယဉ်၏လှေကို တွေ့ရ၏။

သို့သော် ကုန်းနန်းယဉ်ကို မတွေ့ရတော့ပါ။

◆ ◆ ◆

ချူလှူရှမ်းသည် ရေထဲ၌ပင် ရှိသေး၏။

သူသည် ရေပေါ်သို့ ဦးခေါင်းပြူ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ပန်းချီကား တစ်ချပ်ပမာ အလွန်လှပနေ၏။

ချူလှူရှမ်းသည် ပတ်ဝန်းကျင်ကိုကြည့်ရင်း စုယုံယုံ၏ စကားကို ပြန်လည်ကြားယောင်လာ၏။

"သိလား ... အဲဒီနေရာက အတော်ထူးဆန်းတယ်၊ ပန်းချီကားထဲ ရောက်နေသလိုပဲ၊ ပြီးတော့ ထူးဆန်းတဲ့ ငှက်တွေလည်း ရှိတယ်၊ အဲဒီငှက်တွေက အရမ်း ယဉ်ပါးတာပဲ"

စုယုံယုံ၏ စကား မမှားပါ။

ဤနေရာသို့ ရောက်သောလူသည် ပန်းချီကားချပ်ထဲသို ရောက်ရှိနေသကဲ့သို့ ခံစားရမည်ဖြစ်၏။



သို့သော် ... စုယုံယုံပြောသည့် ထူးဆန်းသော ငှက်များကို မတွေ့ရပါ။

ထိုသို့ မတွေ့ရခြင်းမှာ ထိုငှက်များ အိပ်တန်းတက်နေ၍ဖြစ်လိမ့်မည်ဟု ချူလှူရှမ်းက မှန်းဆလိုက်၏။

မြင်တွေ့နေရသော သဘာဝ၏ ပန်းချီကားထဲ၌ ခြံဝင်းများ၊ တဲအိမ်များ အစီအရီ တွေ့ရ၏။

ရေတံခွန်များကိုလည်း တွေ့ရ၏။

ထူးဆန်းသည်မှာ ရေတံခွန်မှ ရေများစီးဆင်းကျလာသော်လည်း ရေစီးကျသံက ကျယ်လောင်နေခြင်း မရှိပါ။

ချူလှူရှမ်းသည် ထိုပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း စုယုံယုံကို သူမ၏ အဒေါ်က သတိပေးပြောကြားသည့် စကားကိုလည်း အမှတ်ရလာ၏။

"စုယုံယုံ ... ညည်း ဒီတဲထဲမှာပဲနေ ... ဘယ်မှမသွားရဘူး၊ ဒေါ်ဒေါ်ရဲ့ စကားကို နားမထောင်ရင် မင်းအန္တရာယ်နဲ့ ကြုံတွေ့ရလိမ့်မယ"

စုယုံယုံ၏ အဒေါ်က စုယုံယုံကို သတိပေးပြောကြားခဲ့သော စကားဖြစ်၏။

ထိုစကားသည် အမှန်ဖြစ်ပါက ဤလှပသော ပန်းချီကား၏ နောက်ကွယ်၌ မည်သို့သော အန္တရာယ်များ ရှိနေသနည်း။

ချူလွှာရှမ်းသည် မျက်မှောင်ကြုတ်သွား၏။

ဤမျှ လှပ၍ အေးချမ်းသော နေရာ၌ မည်သည့် အန္တရာယ်များ ရှိနေသည်ကို သိချင်စိတ်လည်း ဖြစ်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် ဤနေရာသည် အပေါ်ယံကြည့်လျှင် အလွန်အေးချမ်းသာယာလှပပြီး နေချင့်စဖွယ်နေရာတစ်ခု ဖြစ်၏။

သို့သော် ဤနေရာ၌ အလွန်လျှို့ဝှက်သော၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များ ရှိနေလိမ့်မည်ဟု ချူလွှာရှမ်းက တွေးလိုက်မိ၏။

ထို့ကြောင့် ချူလွှာရှမ်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

သူသည် ရေအောက်နန်းတော်သို့ လာခဲ့ခြင်းမှာ ရေနန်းဒေဝီနှင့် တွေ့ဆုံပြီး နတ်ဆေးရည်ကို မိမိက ခိုးယူခြင်း မဟုတ်ကြောင်း၊ ရေနန်းဒေဝီက မိမိအပေါ် အထင်လွဲမှားနေကြောင်း ရှင်းပြရန် ဖြစ်၏။

သို့သော် ချူလွှာရှမ်းသည် ရေအောက်နန်းတော်၏ လျှို့ဝှက်ချက်ကို စုံစမ်းဖော်ထုတ်ရန် ဆန္ဒ ပြင်းပြလာလေတော့၏။

ချူလွှာရှမ်းသည် ရေအောက်နန်းတော်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ပါမည်လော ...။

◆ ◆ ◆



ဆိပ်ခံတံတား၌ လှေကလေး ရပ်ထား၏။

ထိုလှေကို လှော်ခတ်လာသော ကုန်းနန်းယဉ်ကို မတွေ့ရတော့ပါ။

ဤသို့ဆိုလျှင် ကုန်းနန်းယဉ်သည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

ချူလွှာရှမ်းသည် ဆိပ်ခံတံတားအနီးသို့ ကူးခတ်လာ၏။

ထို့နောက် သူသည် ဆိပ်ခံတံတားပေါ်သို့ တက်ရန် စဉ်းစားလိုက်၏။

သို့သော် ...

သူသည် ဆိပ်ခံတံတားပေါ်သို့ မတက်ဖြစ်ပါ။

အကြောင်းမှာ ရေထဲမှနေ၍ ပတ်ဝန်းကျင်ကို အကဲခတ်ခြင်းသည် အန္တရာယ်ကင်းလိမ့်မည်ဟု တွေးမိလိုက်သောကြောင့် ဖြစ်၏။

ထို့ကြောင့် ...

သူသည် ရေထဲမှ ဦးခေါင်းဖော်၍ ပတ်ဝန်းကျင်ကို အကဲခတ်လေ့လာလိုက်၏။

ကုန်းပေါ်၌ ခြံဝင်းများ၊ တဲအိမ်များကို တွေ့ရသော်လည်း လှုပ်ရှားမှုကို မတွေ့ရပါ။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ခြောက်သွေ့နေ၏။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကလည်း ဤနေရာ၏

ကြောက်မက်ဖွယ်ကောင်းသော ထောင်ချောက်ဖြစ်လိမ့်မည်ဟု ချုလျှုရှမ်းက တွေးလိုက်၏။

ဤသို့ဆိုလျှင် သူသည် ရေအောက်နန်းတော်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် မည်သည့်နေရာမှ စတင်၍ စုံစမ်းရမည်ကို စဉ်းစား၍မရအောင် ဖြစ်သွား၏။

ထိုစဉ် သူသည် တရားဟောဆရာ ပူးဂါးက ရေတံခွန်အနီးရှိ ကျောက်တုံးရပ်ါ၌ ထိုင်ကာ တရားဟောခဲ့သည်ကို ပြန်၍သတိရလာ၏။

ထိုစကားကို စုယုံယုံက ပြောခဲ့ခြင်းဖြစ်၏။

"ကျွန်မ အဲဒီကိုရောက်တုန်းက ယောကျ်ားဆိုလို့ တရားဟောဆရာ တစ်ယောက်ပဲ ရှိတယ်၊ သူက ရေတံခွန်အနီးက ကျောက်တုံးပေါ်မှာထိုင်ပြီး တရားဟောခဲ့တယ်"

ချုလျှုရှမ်းသည် စုယုံယုံ၏ စကားကို ပြန်၍ သတိရလာ၏။

တစ်ဆက်တည်းမှာပင် ထိုနေရာအနီး၌ သီလရှင်ကျောင်းရှိကြောင်းကိုလည်း သတိရလာ၏။

တစ်ဆက်တည်းမှာပင် ချုလျှုရှမ်းသည် မေလင်းဟုန်၏ စကားကို သတိရလာ၏။

"ရေအောက်နန်းတော်ကို သွားချင်ရင် အဲဒီက သီလရှင်ကျောင်းကို အရင်တွေ့အောင်ရှာရတယ်"



ထို့ကြောင့် ချုလျှုရှမ်းသည် သီလရှင်ကျောင်းကို အရင်ရှာဖွေရန် ဆုံးဖြတ်လိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ချုလျှုရှမ်းသည် ရေထဲ၌ တစ်နာရီနီးပါးမျှ ကူးခတ်ပြီးနောက် သီလရှင်ကျောင်းကို ရှာတွေ့ခဲ့၏။

သီလရှင်ကျောင်းထဲ၌ မီးရောင်ခပ်မှိန်မှိန် လင်းနေ၏။

ချုလျှုရှမ်းသည် ရေထဲမှ ကူးခတ်ပြီး သီလရှင်ကျောင်းရှိရာသို့ ရောက်လာ၏။

ထိုနေရာသို့ ရောက်သောအခါမှ ချုလျှုရှမ်းသည် ရေထဲမှ တက်ခဲ့၏။

ထို့နောက် သူသည် သီလရှင်ကျောင်းရှိရာသို့ ချဉ်းကပ်သွား၏။

အတန်ကြာသောအခါ သူသည် သီလရှင်ကျောင်း၏ လှေကားထစ်သို့ ရောက်ရှိလာ၏။

ထိုနေရာသို့ ရောက်သောအခါ ချုလျှုရှမ်းသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

သီလရှင်ကျောင်း၏ ပတ်ဝန်းကျင်၌ လှုပ်ရှားမှုဟူ၍ ဘာမျှမတွေ့ရပါ။

ထို့အပြင် သီလရှင်ကျောင်းထဲမှလည်း မည်သည့် လှုပ်ရှားသံမျှ မကြားရပါ။

ချုလျှုကျုရှမ်းသည် သီလရှင်ကျောင်း၏ ပတ်ဝန်းကျင်ကို အတန်ကြာအောင် အကဲခတ်ပြီးမှ သီလရှင်ကျောင်းထဲသို့ လှမ်းဝင်လိုက်၏။

မီးရောင် ခပ်မှိန်မှိန်လင်းနေသော သီလရှင်ကျောင်းထဲ၌ လူရိပ်လူရောင် မတွေ့ရပါ။

ဘုရားစင်ရှေ့၌ ကွပ်ပျစ်ကဲ့သို့ အရာသုံးခုတွေ့ရ၏။

ချုလျှုကျုရှမ်းသည် သီလရှင်ကျောင်းကို လှည့်ပတ်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်မိ၏။

ဤသီလရှင်ကျောင်းသည် ရေအောက်နန်းတော်နှင့် ဆက်သွယ်မှု လမ်းကြောင်းများ ရှိလိမ့်မည်ဟု ချုလျှုကျုရှမ်းက ယူဆထား၏။

သို့သော် သီလရှင်ကျောင်းထဲသို့ ရောက်သောအခါ သီလရှင်ကျောင်းသည် အလွန်ရှင်းလင်းပြီး ဟာလာဟင်းလင်းဖြစ်နေ၏။

ထို့ကြောင့် မည်သည့်နေရာ၌ လျှို့ဝှက်တံခါးရှိကြောင်း မှန်းဆ၍ မရအောင်ဖြစ်နေ၏။

ချုလျှုကျုရှမ်းသည် ဦးခေါင်းကို တစ်ချက်ကုတ်လိုက်၏။

ထို့နောက် သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

အတန်ကြာမှ သူသည် ဘုရားစင်ကို လှည့်ကြည့်လိုက်၏။



ဘုရားစင်၏ နောက်ဘက်၌ အဝတ်ဖြင့် ကာရံထား၏။

ချုလျှုကျုရှမ်းသည် ဘုရားစင်ရှေ့သို့ လျှောက်လာပြီး ထိုအဝတ်များကို ဖယ်ရှားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် သက်ပြင်းချသံကို ကြားလိုက်ရ၏။

သက်ပြင်းချသံက ကျယ်လောင်ခြင်းမရှိပါ။

သို့သော် ချုလျှုကျုရှမ်း၏ နားထဲ၌ မိုးချိန်းလိုက်သကဲ့သို့ ကျယ်လောင်သွား၏။

တစ်ဆက်တည်းမှာပင် ချုလျှုကျုရှမ်းသည် နောက်သို့ ဆုတ်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူ၏လှုပ်ရှားမှုသည် အလွန်နောက်ကျသွားပြီဖြစ်၏။

ဘုရားစင်၏နောက်မှ အဝတ်များ လှုပ်ရှားသွားပြီး အဖြူရောင် လူရိပ်တစ်ရိပ် ထွက်ပေါ်လာ၏။

အဖြူရောင်လူရိပ်က ချုလျှုကျုရှမ်းကို စူးစိုက်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းချကာ …

"ဒီနေရာမှာ သွေးထွက်သံယိုမှု မရှိခဲ့တာ နှစ်ပေါင်းအတော်ကြာနေပြီ၊ အင်း … နှစ်ပေါင်း ၂၀ ရှိပြီ၊ မင်းက ဘာဖြစ်လို့ ဒီမှာလာပြီး သေချင်ရတာလဲ"

ချုလျှုကျုရှမ်းက နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး လူရိပ်ကို ပြုံးပြလိုက်၏။

ပြီးမှ ...

"ကျွန်တော် မသေချင်သေးပါဘူး"

ဟု ပြောလိုက်၏။

လူရိပ်က ရှေ့သို့တိုးလာ၏။

ချူလျှာရှမ်းက နောက်သို့ဆုတ်သွား၏။

အဝတ်များကြားမှ အဖြူရောင် လူရိပ် ထိုးထွက်လာစဉ်က လူရိပ်ကို ချူလျှာရှမ်းက ပီပီပြင်ပြင် မတွေ့ရပါ။

ယခု လူရိပ်က ရှေ့သို့တိုးလာသဖြင့် ချူလျှာရှမ်းသည် လူရိပ်ကို ပီပီပြင်ပြင် တွေ့လိုက်ရ၏။

အဖြူရောင်လူရိပ်သည် အသက် ၄၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးဖြစ်၏။

သူမသည် အသက် ၄၀ ကျော်အရွယ်သို့ ရောက်နေသည့်တိုင် သူမသည် နုပျို၍ လှပချောမောနေဆဲဖြစ်၏။

သူမ၏ မျက်လုံးများက အေးစက်နေ၏။

သို့သော် ...

ထိုအေးစက်သော မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်ကိုမတွေ့ရပါ။

ချူလျှာရှမ်းသည် သူမကိုကြည့်ရင်း စိတ်ထဲမှ အမျိုးမျိုးတွေးနေ၏။



အထူးသဖြင့် ထိုအမျိုးသမီးသည် ရေအောက်နန်းတော်၏ သခင်မ ရေနန်းဒေဝီလောဟု တွေးနေ၏။

ချူလျှာရှမ်း တွေးသကဲ့သို့ ထိုအမျိုးသမီးကြီးသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားကာ လူတိုင်းက စိတ်ဝင်စားနေသည့် ရေနန်းဒေဝီလော ...။

◆ ◆ ◆

အမျိုးသမီးကြီးက ချူလျှာရှမ်းကို စူးစိုက်ကြည့်နေ၏။

ချူလျှာရှမ်းက နှာခေါင်းကို တစ်ချက်ပွတ်သပ်ရင်း ...

"ကျွန်တော် ဒုက္ခပေးဖို့ လာခဲ့တာမဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက အေးတိအေးစက် လေသံဖြင့် ...

"ဒါဖြင့် ဘာကိစ္စရှိလို့ အခုလို အချိန်မတော် လာရတာလဲ"

ချူလျှာရှမ်းက လက်နှစ်ဖက်ကို ဆုပ်၍ ဦးညွှတ်လိုက်ရင်း ...

"ကျွန်တော် ရေနန်းဒေဝီနဲ့ တွေ့ချင်လို့ပါ"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက ဦးခေါင်းခါယမ်းလိုက်ပြီး သက်ပြင်းချကာ

"ငါက ရေနန်းဒေဝီ မဟုတ်ဘူး၊ ဒါကြောင့် မင်းက အခုအချိန်အထိ စကားပြောနေနိုင်သေးတာ ..."

ချူလျှူရှမ်းက အမျိုးသမီးကြီးကို အံ့သြစွာကြည့်ရင်း ...

"ဒါဆို ..."

ချူလျှူရှမ်း၏ စကားမဆုံးမီ အမျိုးသမီးကြီးက လက်ကာပြကာ ...

"မင်းက ငါ ဘယ်သူလဲဆိုတာ မေးမလို့လား"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

အမျိုးသမီးကြီးက အေးစက်သော လေသံဖြင့် ...

"သေခါနီးလူက ငါ့နာမည်သိဖို့ မလိုပါဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီး၏ စကားကြောင့် ချူလျှူရှမ်းသည် မျက်လုံးပြူးကာ ...

"ခင်ဗျားက ကျုပ်ကိုသတ်မလို့လား"

ဟု မေးလိုက်၏။

အမျိုးသမီးကြီးက သက်ပြင်းချလိုက်၏။

ပြီးမှ ...

"အမှန်တော့ မင်းဟာ သေရမှာပဲ၊ ဒါကလည်း မင်းကိုသတ်ရမှာပဲ၊ ဒါပေမယ့် ..."

အမျိုးသမီးကြီးက စကားကို ဆုံးအောင် မပြောဘဲ ရပ်တန့်ထားလိုက်၏။



ချူလျှူရှမ်းက နှာခေါင်းတစ်ချက်ရှုတ်ကာ ...

"ဒါပေမယ့် ခင်ဗျားက ကျုပ်ကို မသတ်ဘူး ဟုတ်လား"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ငါ မင်းကိုမသတ်ရက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ တူမလေးတစ်ယောက်ပဲ ရှိတယ်၊ မင်းကိုသတ်လိုက်ရင် သူက တစ်သက်လုံး စိတ်ဆင်းရဲသွားလိမ့်မယ်"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီး၏ စကားကြောင့် ထိုအမျိုးသမီးကြီးသည် စုယုံယုံ၏ အဒေါ်ဖြစ်ကြောင်း ချူလျှူရှမ်းက ရိပ်စားမိသွား၏။

ထို့ကြောင့် ချူလျှူရှမ်းက အမျိုးသမီးကြီးကို တစ်ချက်ကြည့်ကာ ...

"ခင်ဗျားက ကျွန်တော့်ကို သိလို့လား"

ဟု မေးလိုက်၏။

အမျိုးသမီးကြီးက ဦးခေါင်းညိတ်ကာ ...

"သိတာပေါ့၊ ဒီနေရာကိုရောက်အောင် လာနိုင်မယ့်လူဟာ ချူလျှူရှမ်း တစ်ယောက်တည်း ရှိတယ်ဆိုတာ ငါကသိတာပေါ့၊ ပြီးတော့ ငါ့တူမက မင်းရဲ့အကြောင်းကို မကြာခဏ ပြောပြဖူးတယ်လေ"

ချယ်လွှာရှမ်းက ပြုံးလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်၍ ဂါရဝပြုလိုက်၏။

ပြီးမှ ...

"ဒေါ်ဒေါ်ရဲ့ အကြောင်းကို စုယုံယုံက မကြာခဏ ပြောပြဖူးပါတယ်၊ ဒါကြောင့် မမြင်တွေ့ဖူးကင်ကတည်းက ဒေါ်ဒေါ့်ကို ခင်မင်နေမိပါတယ်၊ အခုလို တွေ့ဆုံခွင့်ရတာ တကယ်ပဲ ဝမ်းသာဂုဏ်ယူမိပါတယ်"

အမျိုးသမီးကြီးက ...

"မင်းရဲ့အကြောင်းလည်း စုယုံယုံက ပြောပါတယ်၊ မင်းသာ သူ့ကို မကယ်ခဲ့ရင် သူ့ဘဝဟာ မတွေးဝံ့လောက်အောင်ပါပဲ၊ ဒါ့ကြောင့် ငါက မင်းကို သတ်လို့မဖြစ်ဘူး"

ဟု ပြောလိုက်၏။

ပြီးမှ ...

အမျိုးသမီးကြီးသည် သက်ပြင်းချလိုက်ပြီး ...

"ဒီနေ့ည ငါ ကင်းစောင့်ရတဲ့အလှည့်ဖြစ်နေတာ မင်းအတွက် ကံကောင်းသွားတယ်၊ ဒီတော့ တခြားလူတွေ မလာခင် မင်း ပြန်သွားပါ"

ဟု ပြောလိုက်၏။

ချယ်လွှာရှမ်းက ပြုံးလိုက်ပြီး ...



"ဒေါ်ဒေါ်ရဲ့ စေတနာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဒီနေရာကို ခက်ခက်ခဲခဲနဲ့ ရောက်လာပြီးမှတော့ ကျွန်တော်က ရေနန်းဒေဝီကို တွေ့ချင်ပါတယ်၊ ကျွန်တော့်ကို ရေနန်းဒေဝီနဲ့ တွေ့ခွင့်ပေးပါ"

ဟု ပြောလိုက်၏။

ချယ်လွှာရှမ်း၏ စကားကြောင့် အမျိုးသမီးကြီး၏ မျက်နှာသည် မသိမသာ တင်းမာသွား၏။

ပြီးမှ သူမက ချယ်လွှာရှမ်းကို [illegible]စက်စွာ တစ်ချက်စူးစိုက်ကြည့်ကာ ...

"မင်း သူ့ကိုဘယ်တော့မှ တွေ့ခွင့်ရမှာမဟုတ်ဘူး၊ မင်း ဒီက အမြန်ဆုံး ထွက်သွားပါ"

ချယ်လွှာရှမ်းက ဦးညွှတ်ကာ ...

"ကျေးဇူးပြုပြီး ရေနန်းဒေဝီဆိုတာ လမ်းညွှတ်ပေးပါ"

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ကာ ...

"မင်း ဒီကထွက်သွားပါ၊ မင်းမသွားရင် သေရလိမ့်မယ်"

ဟု ထပ်၍ပြောလိုက်၏။

ချယ်လွှာရှမ်းက ပြုံးကာ ...

"ကျေးဇူးပြုပြီး ကျွန်တော့်ကို လမ်းညွှန်ပေးပါ၊ ခင်ဗျားရဲ့ ကျေးဇူးကို မမေ့ပါဘူး"

ဟု ထပ်၍ပြောလိုက်၏။

အမျိုးသမီးကြီးက စိတ်မရှည်ဟန်ဖြင့် လက်ကို ဝှေ့ယမ်းကာ

"စကားမရှည်နဲ့ မြန်မြန်ထွက်သွား၊ တော်ကြာ အချိန်မရတော့ဘူး ဖြစ်သွားမယ်"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက ဦးခေါင်းညွှတ်ကာ ...

"ဒီနေရာမှာ လှိုဏ်ဂူတံခါးရှိပါလိမ့်မယ်။ ကျွန်တော့်ကို လမ်းညွှန်ပေးပါ"

ဟု ပြောလိုက်၏။

ချူလှူရှမ်း၏ စကားကြောင့် အမျိုးသမီးကြီးသည် စိတ်မရှည်ဟန်ဖြင့် ...

"ဘာ ... လှိုဏ်ဂူတံခါး ဟုတ်လား၊ ဘယ်သူကပြောတာလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်းက ပြုံးကာ ...

"ဘယ်သူမှ မပြောပါဘူး၊ ခင်ဗျားထွက်လာတဲ့နေရာဟာ လှိုဏ်ဂူတံခါးပေါက်ဖြစ်ရမယ်လို့ ကျွန်တော် တွေးမိတာပါ"

အမျိုးသမီးကြီးက မျက်စိမျက်နှာ တစ်ချက်ပျက်သွားပြီး ...

"မင်း သေချင်နေပြီထင်တယ်"

ဟု ပြောလိုက်၏။



ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ခင်ဗျားက ပြောမပြရင် ကျွန်တော် သေရုံပဲ ရှိတော့တယ်"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးသည် ပါးစပ်ပိတ်သွား၏။

သူမသည် ချူလှူရှမ်းကိုစူးစိုက်ကြည့်လိုက်၏။

ချူလှူရှမ်းလောက် ခေါင်းမာသောလူကို သူမသည် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပါ။

ထို့အပြင် ဤမျှ သေရေးရှင်ရေး ဖြစ်နေချိန်မှာပင် ရယ်ရယ်ပြုံးပြုံးနှင့် စကားပြောနိုင်သော လူမျိုးကိုလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပါ။

ထို့ကြောင့် အမျိုးသမီးကြီးသည် ချူလှူရှမ်း၏ ခေါင်းမာမှုနှင့် သတ္တိရှိခြင်းကို အံ့သြနေမိ၏။

ထိုစဉ် သီလရှင်ကျောင်း၏ အပြင်ဘက်မှ အသံတချို့ ပေါ်ထွက်လာ၏။

ထိုအသံများသည် မိုးသီးမိုးပေါက်များက ငှက်ပျောရွက်ပေါ်သို့ ကျရောက်လာသော အသံမျိုးဖြစ်၏။

ထိုအသံများကြောင့် အမျိုးသမီးကြီးသည် မျက်မှောင်ကြုတ်ပြီး ချူလှူရှမ်းကို ကြည့်လိုက်၏။

ပြီးမှ ...

"မင်းက အဖော်ခေါ်လာတာလား"

ဟု မေးလိုက်၏။

ချူလှူရှမ်းက ဦးခေါင်းခါယမ်းကာ ...

"ကျွန်တော် တစ်ယောက်တည်းလာတာ၊ အဖော်မပါဘူး"

ချူလှူရှမ်း၏ စကားအဆုံး၌ အမျိုးသမီးကြီးသည် ထိတ်လန့်တုန်လှုပ်ဟန် ဖြစ်ပေါ်လာ၏။

ချူလှူရှမ်းက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

အမျိုးသမီးကြီးက ...

"မင်းမှာ တကယ်ပဲ အဖော်မပါဘူးလား"

ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"မပါဘူး"

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ရင်း ...

"ဒါဖြင့် ဘာဖြစ်လို့ အချက်ပေးအသံတွေ ထွက်ပေါ်လာရတာလဲ၊ ဒါဟာ အပြင်လူတစ်ယောက်ယောက် ဒီပိုင်နက်ထဲကို ဝင်ရောက်လာလို့ သတိပေး အချက်ပြနေတာ"

ဟု ပြောလိုက်၏။



အမျိုးသမီးကြီး၏ စကားကြောင့် ရေနန်းဒေဝီသည် အလွန်စေ့စပ်သေချာသူ တစ်ယောက်ဖြစ်ကြောင်း ချူလှူရှမ်းက နားလည်လိုက်၏။

အမျိုးသမီးကြီးသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"ဒုက္ခပဲ ... ဒီအချက်ပေးသံကြားတာနဲ့ ဝင်ပေါက်ထွက်ပေါက်တွေမှာ အစောင့်တွေ ချပြီးပိတ်ထားလိုက်ပြီ၊ မင်း ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"အခုနေ ကျွန်တော်ထွက်သွားရင် သူတို့က ကျွန်တော့်ကို တွေ့သွားတော့မှာပဲ၊ ဒါကြောင့် ကျွန်တော့်ကို လှို့ဝှက်တံခါးပေါက် ဘယ်မှာရှိတယ်ဆိုတာသာ လမ်းညွှန်ပေးပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက စိတ်မရှည်ဟန်ဖြင့် ...

"မင်းက လှို့ဝှက်တံခါးပေါက်ကိုပဲ မေးနေတယ်၊ ဒီလှို့ဝှက်တံခါးဟာ ရေနန်းဒေဝီရဲ့ အိပ်ခန်းကို တိုက်ရိုက်ဆက်သွယ်ထားတယ်၊ ပြီးတော့ ဒီလှို့ဝှက်တံခါးဟာ အတွင်းကနေ အပြင်ကို ထွက်လာလို့ရပြီး အပြင်ကနေ အထဲကို ဝင်လို့မရဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီး၏ စကားကြောင့် ချူလျှူရှမ်းသည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်၏။

အမျိုးသမီးကြီးသည် သီလရှင်ကျောင်း၏ အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။

သူမ၏ မျက်နှာပေါ်၌ အကျပ်အတည်းတွေ့နေဟန် ဖြစ်ပေါ်နေ၏။

အကယ်၍သာ ယခုအချိန်၌ သီလရှင်ကျောင်းထဲသို့ တစ်စုံတစ်ယောက် ဝင်ရောက်လာပါက မိမိနှင့် အမျိုးသမီးကြီးကို တွေ့သွားလိမ့်မည်မှာ သေချာ၏။

ထိုသို့ မြင်တွေ့သွားပါက အမျိုးသမီးကြီးကို သစ္စာဖောက်ဟု ထင်မှတ်သွား မည်ဟု မလွဲချေ။

ထိုသို့ အထင်အမြင်လွဲမှားသည်နှင့် အမျိုးသမီးကြီးသည် ဒုက္ခနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၏။

ချူလျှူရှမ်းသည် မိမိအတွက် သူတစ်ပါးကို ဒုက္ခမရောက်စေလိုပါ။

ထို့ကြောင့် သူသည် အမျိုးသမီးကြီးကို ဦးညွှတ်ဂါရဝပြုလိုက်ပြီး ...

"ကျွန်တော် သွားတော့မယ်"

ဟု ပြောလိုက်၏။



ထို့နောက် သူသည် နောက်သို့ ချာခနဲလှည့်ကာ သီလရှင်ကျောင်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

အချိန်မှာ ညဉ့်နက်နေပြီဖြစ်၏။

ဤနေရာပတ်ဝန်းကျင်တစ်ဝိုက်မှ နေရာအားလုံးသည် ပုန်းကွယ်ရန် အလွန်ကောင်းသောနေရာများ ဖြစ်၏။

သို့သော် ချူလျှူရှမ်းသည် ထိုနေရာတိုင်းမှာ အန္တရာယ်ကြီးစွာရှိသည်ဟု ရိပ်စားမိ၏။

ထို့ကြောင့် ...

ချူလျှူရှမ်းသည် ထိုနေရာများ၌ ပုန်းအောင်းရန် စိတ်မကူးတော့ပါ။

ရေအောက်ကမ္ဘာသည် ရေပေါ်ထက် များစွာ လုံခြုံ၏။

ထို့ကြောင့် ချူလျှူရှမ်းသည် ရေထဲ၌ ပုန်းအောင်းရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ် ...

ရုတ်တရက် အဖြူရောင် ဝတ်ဆင်ထားသော လူရိပ် တစ်ရိပ် လျင်မြန်စွာ ပြေးလွှားလာသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ချူလှူရှမ်းသည် တုံ့ဆိုင်းမနေတော့ဘဲ ရေထဲသို့ လျောဆင်းလိုက်လေတော့သည် မဟုတ်ပါလား။

◆ ◆ ◆

ချူလှူရှမ်းသည် ရေထဲသို့ လျောဆင်းလိုက်၏။

ချူလှူရှမ်းက ရေထဲသို့ လျောဆင်းလိုက်သောကြောင့် ငြိမ်သက်နေသော ရေပြင်ပေါ်၌ လှိုင်းဂယက်ကလေးများ ဖြစ်ပေါ်သွား၏။

ထိုလှိုင်းဂယက်ကလေးများ မပျောက်ကွယ်ခင်မှာပင် ထိုနေရာသို့ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်လာ၏။

ထိုမိန်းကလေးသည် သီလရှင်ကျောင်းသို့ လျင်မြန်စွာ ပြေးလာခဲ့သော မိန်းကလေးဖြစ်၏။

ချူလှူရှမ်းသည် ထိုမိန်းကလေး လျင်မြန်စွာ ပြေးလွှားလာသည်ကို မြင်တွေ့လိုက်သောကြောင့် ရေထဲသို့ လျောဆင်းလိုက်ခြင်း ဖြစ်၏။

အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးသည် သီလရှင်ကျောင်းရှေ့သို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ပြီးမှ ...



သူမသည် သီလရှင်ကျောင်းထဲသို့ လှမ်းကြည့်ကာ ...

"မမ အမှတ်(၃)"

ဟု လှမ်းခေါ်လိုက်၏။

သူမ၏ ခေါ်သံအဆုံး၌ သီလရှင်ကျောင်း၏ တံခါးပွင့်လာပြီး သီလရှင်ကျောင်းထဲမှ အမျိုးသမီးကြီး ထွက်လာ၏။

သူမသည် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးကို ကြည့်ကာ ...

"ဘာကိစ္စလဲ"

ဟု မေးလိုက်၏။

အဖြူရောင်ဝတ်ထားသော မိန်းကလေးကို ဟိုဟိုဒီဒီ ကြည့်ကာ

"ဟို ... လူစိမ်းများ ဒီဘက်ကို လာသလားလို့"

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ကာ ...

"မတွေ့မိပါလား"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီး၏ စကားကြောင့် အဖြူရောင်ဝတ်ထားသော မိန်းကလေးသည် မျက်မှောင်ကြုတ်ကာ ...

"ဒါဖြင့် သတိပေးအချက်ပြသံ ဘာဖြစ်လို့ မြည်နေရတာလဲ"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက ...

"ဒါတော့ ငါလည်း ဘယ်သိမလဲ၊ ညည်းရော လူစိမ်းဝင်လာတာ မြင်လိုက်လို့လား"

အဖြူရောင်မိန်းကလေးက ဦးခေါင်းခါယမ်းကာ ...

"ဟင့်အင်း ... မတွေ့မိဘူး"

အမျိုးသမီးကြီးက ပြုံးလိုက်ပြီး ...

"အမှတ်(၉) ညည်းက အလွန်ဖျတ်လတ်ပြီး မျက်စိသိပ်လျင်တယ်လို့ နာမည်ကျော်တာ အလကားမဟုတ်ဘူး၊ တကယ်ဘဲ ဘာမှ မတွေ့ခဲ့ဘူးလား"

ဟု မေးလိုက်၏။

အဖြူရောင်မိန်းကလေးက ဦးခေါင်းခါယမ်းကာ ...

"ဟုတ်ကဲ့ ... မတွေ့ဘူး၊ ဒါပေမယ့် လူစိမ်းက ဒီဘက်ကို လာတယ်လို့ ထင်တာပဲ"

အဖြူရောင် မိန်းကလေး၏ စကားကြောင့် အမျိုးသမီးကြီးက ဒေါသဖြစ်ကာ ...

"ညည်းက ငါ့ဆီမှာ လူစိမ်းရောက်နေတယ်လို့ ပြောလိုက်တာလား"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီး၏ စကားကြောင့် အဖြူရောင်မိန်းကလေးသည် မျက်လုံးပြူးကာ ...



"မဟုတ် ... မဟုတ်ပါဘူး၊ ကျွန်မ ဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက သီလရှင်ကျောင်းကို လက်ဝှေ့ယမ်းပြကာ

"ညည်းက ငါ့ကိုမယုံဘူးဆိုရင် ကျောင်းထဲဝင်ပြီးရှာကြည့်"

ဟု ပြောလိုက်၏။

အဖြူရောင်မိန်းကလေးက ပြုံးလိုက်ပြီး ...

"မမ အမှတ်(၃)ကလည်း ဒေါသကြီးရန်ကော၊ ကျွန်မက မေးကြည့်တာပါ၊ မလာလည်းပြီးတာပဲ၊ ကျွန်မက ဘာဖြစ်လို့ မမကို မယုံရမှာလဲ"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက ...

"အေး ... ရုတ်တရက်ဆိုတော့ ငါလည်း ဒေါသဖြစ်သွားတာ၊ ညည်းပြောတာမှန်ပါတယ်၊ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး၊ ငါလည်း ငါ့ဘက်မှာ လိုက်ရှာကြည့်ဦးမယ်"

ဟု ပြောလိုက်၏။

အဖြူရောင်မိန်းကလေးက ပြုံးကာ ...

"ဟုတ်ကဲ့ ... ကျွန်မ ဟိုဘက်မှာ သွားရှာလိုက်ဦးမယ်"

ဟု ပြောလိုက်ပြီး ထိုနေရာမှာ ထွက်သွားလေတော့၏။

အမျိုးသမီးကြီးသည် ထွက်ခွာသွားသော အဖြူရောင် မိန်းကလေးကို ကြည့်နေ၏။

အတန်ကြာမှ သူမသည် သက်ပြင်းချလိုက်ပြီး ရေပြင်ကို ကြည့်လိုက်၏။

ပြီးမှ ...

"အင်း ... မင်းကတော့ သေမင်းရဲ့ လက်ထဲက တစ်ကြိမ် လွတ်သွားပြီ၊ ဒါပေမယ့် စိတ်မချရသေးဘူး၊ အစစအရာရာ သတိထားပါ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

**ပထမပိုင်း ပြီး၏**

**နန္ဒကျော်သူ**